www.burmeseclassic.com

စိန်မိုးစာပေ

မိုးဆက်လင်းထက်

# ကမ္ဘာစွန်းမှာသာတဲ့လ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၀၇၇၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၉၅၀၉၁၁ |
| အဖုံးဒီဇိုင်း | - | မျိုးဆွေသန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၇၊ စကားဝါလမ်း၊<br>အုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းပလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

မိုးဆက်လင်းထက်

ကမ္ဘာစွန်းမှာသာတဲ့လ / မိုးဆက်လင်းထက် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁

၁၆၄ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။

(၁) ကမ္ဘာစွန်းမှာသာတဲ့လ


# အခန်း (၁)

www.burmeseclassic.com

www.burmeseclassic.com



ခဝဲဝင်းဝါ၊ ပွင့်ပြန်လာကေ
သီကာလည်းကုံး၊ တန်ဆောင်မုန်း

(ထားဝယ်ကဗျာ)

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**တစ်** လောကလုံးကို မကျေနပ်ဘူး ဖြစ်နေတယ်။ ဘာဖြစ်လို့မှန်းလည်း မသိဘူး။ ဒီတစ်ခါ ခံစားလိုက်ရတာ တော်တော်ရင်နာတယ်။ အမှန်ဆို ဒီလိုမဖြစ်သင့်ဘူး ထင်တယ်။ တကယ်တမ်းတွေးကြည့်ရင် ဒါမျိုးလုပ်တာက ရိုးရာဓလေ့ထုံးစံလိုဖြစ်နေတာပဲ။

ကိုးမနိုးပွဲညမှာ လူငယ်တွေဆော့ကြတာ အပြစ်လား။ ဒီလိုမျိုးပဲ ဟိုအရင်ခေတ်က လူငယ်တွေလည်း ဆော့ခဲ့ကြတာပဲ။ အဲဒါကိုမှ မကျေမနပ်ဖြစ်ပြီး အိမ်တွေ ဘာတွေအထိ ရောက်လာပြီး တိုင်တယ်ဆိုတော့ လွန်တာပေါ့။

ပြီးတော့ လုပ်ခဲ့တာကလည်း ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဂျစ်တူးရယ် ဘူကြီးရယ် နှစ်ယောက်ပါတယ်။ အဲ





ဒါပေမယ့် လုပ်မယ့်အကြံအစည်ကိုတော့ ကျွန်တော်က ပြောခဲ့တာပေါ့လေ။ အဲဒါကြောင့် ကျွန်တော်ကပဲ ခေါင်းဆောင်ဖြစ်သွားလားမသိဘူး။ နောက်တစ်ရက်မှာ ကျွန်တော့်အိမ်ကို တိုက်ရိုက်လာတိုင်တော့တာပဲ။

မိဘဆိုတာကလည်း သိတဲ့အတိုင်း ကိုယ့်သားသမီးဆိုးတာကို လာတိုင်ခံရပြီဆိုတော့ မျက်နှာငယ်လေးတွေနဲ့ ပြန်တောင်းပန်ရတော့တာပေါ့။ နောက်မဖြစ်စေရတော့ပါဘူး၊ ကျွန်မတို့ ဆုံးမပါ့မယ် ဘာညာနဲ့ . . . ။ ပြီးတော့ ကျွန်တော့်ကို တီးတော့တာပေါ့။ အဖေကဆိုနရင်း နှစ်ချက်လောက်ရိုက်တယ်။ အမေကတော့ ပေါ့ပေါ့လျော့လျော့ပါပဲ။ အိမ်ထောင့်မှာ ထောင်ထားတဲ့ တံမြက်စည်းနဲ့ ဆယ်ချက်လောက် ဆော်လိုက်ပြီးမှ 'ငါမလုပ်ချင်ဘူးနော်' လို့ပြောပြီး သတိရတိုင်း တစ်နေ့လုံး တီးတယ်။

ကျွန်တော်လုပ်ခဲ့တဲ့ အပြစ်ကလည်း ဘာမှမဟုတ်ပါဘူး။ မဟုတ်ဆို ဘာမှကိုမဟုတ်တာ။ သူလို ငါလို ဆော့နေကျအတိုင်း အသေးအမွှားလေးတွေပါပဲ။

လမ်းထိပ်က ခြံကြီးရဲ့ထိပ်မှာ ဝင့်ဝင့်ကြွားကြွားကပ်ထားတဲ့ ဆိုင်းဘုတ်ကြီးတစ်ခုကို ပြင်ရေးမိတာပါ။

သူတို့ ရေးထားတာက . . .

**ဒေါက်တာ နေမင်း**

**M.B.B.S (Ygn), M.Med.sc (int.Med), M.R.C.P (UK)**

**အထွေထွေရောဂါကု သမားတော်**

ဆိုတာကို ကျွန်တော်တို့က . . .



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ သေမင်း

M.B.B.S (မြန်မာဗိဒ္ဓော ဘိသိက်ဆရာ)

မသေမချင်း အထူးကုသည်။

ဆိုပြီး ပြောင်းရေးလိုက်တာပါ။ ဒါလေးကို သူတို့က ဒေါသထွက်ပြီး အိမ်ကိုလာတိုင်တာ . . .။ ကဲ စဉ်းစားသာကြည့် . . . ဒါလေးများ . . .။

***

[redacted]



"အဲဒီအိမ်က ပြောင်းလာတာ မကြာသေးဘူးကွ"

"ဒါတော့ မင်းပြောမှလား၊ ငါလည်း သိတာပေါ့"

"ဒါပေမယ့် တော်တော်တော့ စွာမယ့်ပုံကွ၊ မင်းအိမ်အထိ လာတိုင်တာပဲကြည့်"

ကျွန်တော်က စီးကရက်တစ်လိပ်ကို ယူလိုက်တယ်။ ပြီးတော့ တစ်ချက် မီးညှိပြီး ဖွာထုတ်လိုက်ပြီးမှ . . .

"ငါသိချင်တာ တစ်ခုပဲရှိတယ်"

"ဘာလဲ"

"ငါတို့ ရေးထားတယ်ဆိုတာ ဘယ်သူသွားပြောသလဲဆိုတာပဲ"

ဘုကြီးက ခေါင်းတညိတ်ညိတ်လုပ်တယ်။ ဂျစ်တူးက မုတ်ဆိတ်မွေးကို လက်နဲ့ပွတ်ပြီး ကမ္ဘာကျော်ပြစ်မှုကြီးတစ်ခုကို စဉ်းစားသလို

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လေးလေးနက်နက်ကြီး စဉ်းစားတယ်။ နှစ်ကောင်လုံးကို ကြည့်ပြီး ဒီကောင်တွေ ဘာမှမသိဘူးဆိုတာ ကျွန်တော်သိလိုက်တယ်။ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ။ ဒီကောင်တွေ ဘာမှမသိဘူး။

"မသိဘူးကွ၊ မင်းလည်း ဘယ်လိုစဉ်းစားမိလဲ"

ဂျစ်တူးက ဘူကြီးကို လှမ်းမေးတော့ ဘူကြီးကလည်း . . .

"ငါလည်း တပ်အပ်တော့ မပြောနိုင်ဘူးကွ၊ တစ်ယောက်ယောက်တော့ သေချာတယ်"

"နို့ပဲ . . အဲ့ဒါတော့ မင်းတို့ပြောမှလား"

ကျွန်တော် ထအော်လိုက်တော့ နှစ်ကောင်လုံး ငြိမ်သွားတယ်။ ကျွန်တော်စဉ်းစားတာက အဲ့ဒီအချိန်မှာ အဲ့ဒီခြံရှေ့ကိုရောက်တာ ကျွန်တော်တို့ သုံးယောက်ပဲရှိတယ်။ ဘယ်သူမှ မပါဘူး။ အဲ့ဒါကို ကျွန်တော်တို့ဆိုတာ ဘယ်လိုသိသွားသလဲဆိုတာပဲ။ တော်တော်တော့ အံ့သြဖို့ကောင်းတယ်။

ဒါပေမယ့် ခဏကြာတော့ အဖြေပေါ်သွားပါတယ်။ အဲ့ဒါက ကျွန်တော်တို့ ထိုင်နေတဲ့ ဆိုင်ထဲကို ကိုကျော်ကြီး ရောက်လာလို့ပါ။ ကိုကျော်ကြီးက ကျွန်တော်တို့ထက် အသက်ဆယ်နှစ်လောက် ကြီးတယ်။ ရပ်ကွက်ထဲမှာလည်း ကာလသားခေါင်းလို ပုံစံမျိုးဖြစ်နေတယ်။ လူငယ်တွေကလည်း ကိုကျော်ကြီးပြောသမျှကို နားထောင်ကြတယ်။

ကိုကျော်ကြီးက ဆိုင်ထဲဝင်လာပြီး ကျွန်တော်တို့ကိုမြင်တော့ ဝိုင်းမှာ ဝင်ထိုင်တယ်။ ပြီးတော့ လက်ဖက်ရည်တစ်ခွက် မှာလိုက်တယ်။ သူက ဒီလိုပဲ ဝင်ထိုင်နေကျဆိုတော့ ကျွန်တော်တို့လည်း ဘာမှမပြောဖြစ်ဘူး။ ခဏကြာတော့ သူဘာသာသူ စပြောတယ်။

[redacted]



"ဝင်းခန့် မင်းတော်တော်အီသွားမှာပဲနော်"

"ဘာလဲ ကိုကျော်ကြီးရ၊ အဆုံးမရှိ အစမရှိနဲ့"

ကိုကျော်ကြီး ပြုံးတယ်။ မခို့တရို့အပြုံးမျိုးနဲ့ ပြုံးတာပါ။ သူ့ရုပ်ကြီးနဲ့ အဲ့ဒီလိုအပြုံးမျိုး ပြုံးတော့ ငါးခူခေါင်းကို အလေးနဲ့ ထုထားသလိုကြီးဖြစ်နေတယ်။ သူ့ရုပ်သူ လှတယ်ထင်ပြီး အဲ့ဒီအပြုံးကို တော်တော်လေးကြာအောင် ပြုံးပြီးမှ . . .

"မင်းကို့ ဟိုနေ့က ကျိုးမနိုးပွဲလုပ်တဲ့ကိစ္စ အတိုင်ခံရတယ်ဆို"

"အာ . . အဲ့ဒါကို ကိုကျော်ကြီး သိတယ် ဟုတ်လား"

"ဟား ဟား ကျော်ကြီး မသိတာ ဒီရပ်ကွက်မှာ ဘာမှမရှိဘူးကွ"

"ရှိပါတယ်ဗျာ၊ ဟိုတစ်ခါ ကိုကျော်ကြီးတို့ အိမ်နောက်ဖေးမှာ လှန်းထားတဲ့ ထဘီနှစ်ထည် ဘယ်သူခိုးသွားတယ်ဆိုတာ သိလို့လား"

ကိုကျော်ကြီးက ဘူကြီးကို လှမ်းကြည့်တယ်။ ပြီးတော့ အောင့်သက်သက်ဖြစ်သွားတဲ့ အမူအရာနဲ့ . . .

"အဲ့ဒါတော့ ဘယ်တတ်နိုင်မလဲကွ၊ သူခိုးပါဆိုမှ မသိအောင်ခိုးသွားတာပေ့ါ၊ ငါက ငါ့အိမ်ကိစ္စကလွဲပြီး ကျန်တာအကုန်သိတယ်"

"ထားပါတော့ဗျာ၊ ခုနပြောတဲ့ကိစ္စ ကျွန်တော်လည်း သိချင်နေတာ၊ အခုပဲ အဲ့ဒီကိစ္စပြောနေကြတာ၊ ကိုကျော်ကြီးသိရင် ကျွန်တော်တို့ အဲ့ဒီနေ့ညကလုပ်တဲ့ကိစ္စ ဘယ်သူသွားပြောတာလဲ၊ ပြောပြစမ်းပါ"

ကိုကျော်ကြီးက သူ့ခန္ဓာကိုယ်ကို အရှေ့တစ်ချက် ငိုက်လိုက်တယ်။ ပြီးတော့ ပတ်ဝန်းကျင်ကို တစ်ချက်လေ့လာပြီးမှ လေသံလေးနဲ့ . . .

"မလွန်းတင်"

"ဘယ်လို . . မလွန်းတင် ဟုတ်လား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မလွန်းတင် သွားပြောတာ"

"နေပါဦး၊ သူက ကျွန်တော်တို့လုပ်တာ ဘယ်လိုသိသွားတာလဲ"

"အဲ့ဒီညက သူ မအိပ်လို့နေမှာပေါ့ကွ၊ အရင်နှစ်တွေတုန်းက သူ့ခြံရှေ့မှာ မင်းတို့တွေ ငှက်ပျောတုံးတွေ သွားချထားတယ်မလား"

"ဟုတ်တယ်လေ၊ အဲ့ဒါနဲ့ဘာဆိုင်လဲ"

"အဲ့ဒါကြောင့်ပေါ့ကွ၊ ဒီနှစ်လည်း သူ့ခြံရှေ့မှာ လာလုပ်မှာစိုးလို့ တစ်ညလုံး မအိပ်ဘဲ ဝရန်တာမှာ ထိုင်စောင့်နေတာတဲ့"

"ကျွန်တော် သဘောပေါက်ပြီ၊ အဲ့ဒီလို အားအားယားယား ထိုင်စောင့်နေရင်းနဲ့ ကျွန်တော်တို့လုပ်တာတွေ တွေ့သွားတာပေါ့ ဟုတ်လား"

ကိုကျော်ကြီးက ခေါင်းညိတ်တယ်။ ပြီးတော့ လာချပေးတဲ့ လက်ဖက်ရည်ကို တစ်ချက်ငုံလိုက်ပြီး . . .

"ဟုတ်တယ်၊ မင်းတို့လုပ်တာ သူတွေ့သွားတယ်၊ အဲ့ဒါနဲ့ မျက်နှာလို မျက်နှာရလုပ်ပြီး အဲ့ဒီအိမ်ကို သွားပြောတာ၊ မင်းတို့လည်း သိတဲ့အတိုင်း အဲ့ဒီအိမ်ကို ဝယ်တုန်းက သူပဲ ပွဲစားလုပ်ခဲ့တာလေ၊ အဲ့ဒါကြောင့် အဲ့ဒီအိမ်နဲ့ သူနဲ့ သိနေတာ"

"ဒီအပျိုကြီးကတော့ကွာ"

ဟု မချင့်မရဲ ကျွန်တော် ရေရွတ်လိုက်တယ်။ ဘူကြီးက တောက်တစ်ချက်ခေါက်ပြီး . . .

"ဒီမိန်းမကြီးတော့ ကြာရင်မလွယ်တော့ဘူး၊ ပညာတော့ နည်းနည်းပေးမှရတော့မယ်၊ ဒီမှာ ကိုကျော်ကြီး . . ."

"ဘာလဲ"

"ခင်ဗျား အဲ့ဒီမိန်းမကြီးကို ယူလိုက်ဗျာ"



"ဟာ . . ဆုတောင်းကြမ်းလှချည်လား ဘူကြီးရာ"

"ဟုတ်တယ် ကိုကျော်ကြီး၊ ကိုကျော်ကြီးနဲ့လည်း အသက်သိပ်ကွာတာမှမဟုတ်တာ၊ မသကာရှိ ငါးနှစ်ပေါ့"

"ငါးနှစ်ဟုတ်လား၊ မင်း ငါ့အသက်ကို ဘယ်လောက်ထင်လို့လဲ"

"ကျွန်တော်တို့ထက် ဆယ်နှစ်လောက်ကြီးတယ်ဆိုတော့ သုံးဆယ့်ခြောက်လောက်တော့ ရှိမှာပေါ့"

"ဒါဆို အဲ့ဒီမိန်းမကြီးက ငါ့ထက် ငါးနှစ်ကြီးတယ်ဆိုတော့ လေးဆယ်ကျော်ပြီပေါ့ကွ"

"ဘာဖြစ်လဲဗျာ၊ နိုင်ငံခြားမှာဆို အသက်လေးဆယ်မှ ဘဝစတာတဲ့"

"ငါက ဘဝဆုံးသွားမှာ ပေါ့ကောင်၊ ဒီမိန်းမကြီးနဲ့သာဆို ငါ့ဘဝက လေးဆယ်ကျော်မှာ ဆုံးသွားမှာ"

ရယ်ဖြစ်ကြပြန်တယ်။ ကျွန်တော်လည်း ရယ်လိုက်ရလို့ ရင်ထဲမှာ တော်တော်လေး ပေါ့သွားတယ်။ ဒါပေမယ့် ခဏပါပဲ။ မကျေနပ်စိတ်က ပြန်ရောက်လာတယ်။ ဒါကြောင့် ကျွန်တော်က . . .

"ဒီမိန်းမကြီး ရပ်ကွက်ထဲမှာ ကိုယ့်ထမင်း ကိုယ်စားပြီး သူများကိစ္စ သိပ်ဝင်ပါတာကွ၊ လူကသာ အပျိုကြီး . . သူ့ပစ္စည်းသူသာ နှမြောတာ၊ သူများပစ္စည်းကျတော့ အလကားရမယ်ဆိုရင် ဝမ်းနုတ်ဆေးတောင် ဆယ်ဗူးဆင့်သောက်မယ့်ဟာကြီး"

"အဲ့ဒါတော့ ဟုတ်တယ်ကွ၊ ဟိုတစ်ခါ ငါတို့ရပ်ကွက်ထဲကို ပိုလီယိုကာကွယ်ဆေးတွေ လာထိုးတုန်းက အလကားရတယ်ဆိုပြီး သူ့တူမလေးကို နှစ်ခါသွားထိုးခိုင်းတာလေ၊ ကံကောင်းလို့ ဆေးထိုးတဲ့ ဆရာမက မှတ်မိသွားလို့ တော်သေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ကြီးက ဟက်ဟက်ပက်ပက်ရယ်တယ်။ ပြီးတော့မှ . . .

"မင်းတို့က အဲ့ဒီလိုဟာမျိုးကြီးနဲ့မှား ငါ့ကို ပေးစားရသေးတယ်ကွာ"

ဟုဆိုပြီး ပြောတယ်။ ကျွန်တော်တို့လည်း ဟိုအကြောင်းပြော ဒီအကြောင်းပြောနဲ့ လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းပြီး ပြန်လာလိုက်တယ်။ လမ်းရောက်တော့ ဂျစ်တူးက . . .

"ငါတို့ မလွန်းတင်ကြီးအိမ်ရှေ့ရောက်ရင် တစ်ခုခုလုပ်ရအောင်ကွာ"

"ဟာ ကျီးမနိုးပွဲက ပြီးသွားပြီကွ၊ ပြီးတော့ နေ့ခင်းကြောင်တောင်ကြီး"

"ဘာဖြစ်လဲကွာ၊ လုပ်လို့ရတဲ့ဟာ လုပ်မှာပေါ့၊ ရင်ထဲမှာ မကျေနပ်ဘူးဖြစ်နေတယ်၊ တစ်ခုခုလုပ်လိုက်ရမှ ကျေနပ်မယ်"

ကျွန်တော်ကလည်း ဒါမျိုးဆို သိတယ်မလား။

ဝင်းခန့်တဲ့။ တစ်ခန့်ထဲရှိတယ်။ ကိုယ့်ကို လာထိထားတယ်ဆိုတော့ တစ်ခုခုဟော့ ပြန်ငြိပစ်လိုက်ရမှ ကျေနပ်မယ့်ကောင်။

"ချကွာ .. ဒါပေမယ့် ပတ်ဝန်းကျင်အခြေအနေတော့ တစ်ချက်ကြည့်ဦးနော်၊ တော်ကြာ အိမ်လာတိုင်လို့ ငါ နောက်တစ်ခါ အငြင်းခံရဦးမယ်"

ဒီလိုနဲ့ မလွန်းတင်တို့အိမ်ရှေ့ ရောက်လာကြတယ်။ ဘာဒုက္ခပေးရမလဲ ရှာကြည့်တော့ ထွေထွေထူးထူး ဘာမှမတွေ့ဘူး။ အဲ့ဒါနဲ့ပဲ အိမ်ရှေ့တံခါးမှာ ချိတ်ထားတဲ့ လူခေါ်ခေါင်းလောင်းလေးကို သွားတွေ့တယ်။

ကျွန်တော်က အကြံတစ်ခုရပြီး ဘူကြီးကို တိုးတိုးလေး ကပ်ပြောလိုက်တယ်။ ဘူကြီးက ခေါင်းညိတ်ပြပြီး သူ့အိမ်ကို လှစ်ခနဲ ပြေးသွား

[redacted]



လိုက်တယ်။ ဘူကြီးအိမ်က သိပ်မဝေးတော့ ခဏပါပဲ။ ပြန်ရောက်လာတယ်။ လက်ထဲမှာလည်း ကျွန်တော်မှာလိုက်တဲ့အတိုင်း ကြေးစည်တစ်ခု ပါလာတယ်။

ဒါနဲ့ပဲ မလွန်းတင်ခြံရှေ့က ခေါင်းလောင်းလေးကို ဖြုတ်ပြီး ကြေးစည်ကြီး ချိတ်ပြီး ပြန်လာခဲ့လိုက်တယ်။ အံမယ် .. ကြေးစည်နဲ့အတူ ထုတဲ့ သစ်သားတူလေးပါ ပါလာလိုက်သေးတယ်။ မလွန်းတင်အိမ်ကိုလာတဲ့ ဧည့်သည်တွေကတော့ ကြေးစည်ကြီးကို ထုထုပြီး ခေါ်မှာ သေချာတယ်။ မလွန်းတင်ကြီးလည်း ကြေးစည်သံကြားတော့ အလှူခံအောက်မေ့ပြီး အိမ်ထဲမှာ ပုန်းနေမှာ သေချာတယ်။

နောက်တော့မှ အကြောင်းစုံ သိသွားရင် ကြေးစည်ကြီးကိုင်ပြီး ဆွေ့ဆွေ့ခုန်နေမှာ မြင်ယောင်သေးတယ်။

***

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘူကြီး ငဖယ်တေ တေခံရတယ်လို့ ကြားရတယ်။ ကျွန်တော် စိတ်မကောင်းပါဘူး။

ဖြစ်သွားတဲ့အမှုက ဘုရား စင်က ကြေးစည်ကို အလစ်သုတ်မှု။ ဘူကြီးအမေက ရင်ထုထုပြီး ငိုတယ်။

“အမယ်လေး ကြားလို့မှ ကောင်းကြသေးရဲ့လား၊ ဘုရားပစ္စည်း၊ တရားပစ္စည်းတောင် အလစ်မပေးတော့ဘူးလား ဘူကြီးရဲ့ . . ဟင်၊ နင် မိုက်လုံးကြီးလှချည်လား၊ နင့်ကို ငါတို့က အငတ်ထားနေလို့လား ဟီး . . . ဟီး”

အဲ့ဒီလိုငိုပြီးတော့ ဘူကြီးကို တီးတယ်။ တီးလို့ဝသွားတော့ ထပ်ငိုတယ်။ ငိုလို့ဝသွားတော့ ထပ်တီးတယ်။ ဘူကြီးအဖေကလည်း ရုံးက ပြန်လာပြီး မောမောပန်းပန်းနဲ့ အဲ့ဒီကိစ္စ သိသွားပြီးတော့ ထပ်ဖြင်း



တယ်။ နောက်တစ်ရက် ဘူကြီး ကျွန်တော်တို့ဆီ ရောက်လာတော့ လူက ခပ်ယဲ့ယဲ့ပဲရှိတော့တယ်။ ခန္ဓာကိုယ်က စောင်းနင်းစောင်းနင်းနဲ့ ရောက်လာတယ်။

ပြီးတော့ မျက်နှာက မှောက်အိုကို တူနဲ့ ထုထားတဲ့ရုပ်နဲ့ . . .

“ကံကောင်းလို့ အဘွားဝင်ဆွဲလို့၊ အဘွားသာ ဝင်မဆွဲရင် ဖအေ မအေ သတ်တာနဲ့ ငါသေတယ်”

ဘူကြီးပုံစံကို ကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ တော်တော်သနား သွားတယ်။ ဒီကောင် တော်တော်နာကျင်နေပုံရတယ်။ ဂျစ်တူးက ဖြစ်ကြောင်းကုန်စင် မေးကြည့်တော့မှ ဘူကြီးက ပြောတယ်။

ကြေးစည်ခိုးမှု။

ဘယ်တတ်နိုင်မလဲ။ ဒီကောင်မှ ပိပိရိရိမလုပ်တာ၊ ခံပေါ့။ ဒါပေမယ့် သနားတာတော့ သနားတာပါပဲ။ ဒါပေမယ့် ကျွန်တော်လည်း ဟိုတစ်နေ့က ဘူကြီးလို အတွယ်ခံရတာပါပဲ။ အဲ့ဒီတုန်းကလည်း သုံးယောက်လုံးလုပ်တာ ကျွန်တော်တစ်ယောက်တည်း ကွက်ကြားမိုးရွာပြီး အတွယ်ခံလိုက်ရတယ်။ အခုလည်း ဘူကြီး အတွယ်ခံလိုက်ရတယ်။ ကျွန်တော်တို့ထဲမှာ လွတ်နေတာဆိုလို့ ဂျစ်တူးပဲ ကျန်တော့တယ်။

အဲ့ဒါကြောင့် ကျွန်တော်က ဂျစ်တူးဘက်လှည့်ပြီး . . .

“ဒီတစ်ခါ မင်းအလှည့်ပဲ၊ ငါတို့အလှည့်တွေတော့ ပြီးသွားပြီ”

“ဘာဆိုင်လို့လဲကွ၊ တစ်ယောက်တစ်လှည့် ကျခံရမယ်လို့ မင်းကို ဘယ်သူပြောလဲ”

“ဘယ်သူပြောပြော မပြောပြော ဒီတစ်ခါ မင်းအလှည့်ပဲ”

ဂျစ်တူးက မျက်နှာရှုံ့ပြီး ဟိုဘက်လှည့်သွားတယ်။ ဘူကြီးက

www.burmeseclassic.com

www.burmeseclassic.com



ငယ်ထိပ်ကို လက်ဝါးနဲ့ ကြပ်ပူတိုက်ရင်း တအင်းအင်း ညည်းနေတယ်။

ကျွန်တော် ဘူကြီးကို ကြည့်ပြီး စိတ်မရှည်စွာနဲ့ . . .

"အဲ့ဒီလောက်လည်း ညည်းမနေပါနဲ့ကွာ၊ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ၊ ငါ့တုန်းကလည်း မင်းလိုပဲ ခံစားခဲ့ရတာပါပဲ၊ ဒီလောက်မညည်းခဲ့ဘူး"

ကျွန်တော့်စကားဆုံးတော့ ဘူကြီးက ဂျိုကြည့် ကြည့်ပြီး . . .

"ငါ့အဖေ လက်သီးကို မင်းခံဖူးလို့လား၊ နာတယ်ကွ၊ ငါ့အဖေက ငယ်ငယ်တုန်းက တက္ကသိုလ်မှာ လက်ဝှေ့ချန်ပီယံ"

"ငါလည်း ရပ်ကွက်ပွဲတုန်းက တာတိုပြေးပွဲမှာ ချန်ပီယံ ရထားတာပါကွ"

"ဘာဆိုင်လို့လဲ"

"မင်းအဖေ လိုက်ထိုးရင် ငါပြေးလို့ရတာပေါ့ကွ၊ အဲ့ဒီတော့ လက်သီးပြင်းလား မပြင်းလား ဘယ်သိတော့မလဲ"

ဂျစ်တူးက ရယ်တယ်။ ဘူကြီးက တစ်ခုခုပြောမယ်လုပ်ပြီးမှ တစ်နေရာကို ကြည့်ပြီး ငြိမ်သွားတယ်။ ပြီးတော့မှ ခြေမကိုင်မိ လက်မကိုင်မိပုံစံဖြစ်သွားပြီး . . .

"ဂိန်ပြီ . . ငါတော့ ဂိန်ပြီထင်တယ် ဟေ့ကောင်တွေ၊ ဟိုမှာ . . ဟိုမှာ လုပ်ပါဦး"

ကျွန်တော်ရော ဂျစ်တူးပါ ဘူကြီးပြတဲ့နေရာကို လှမ်းကြည့်လိုက်တော့ မျက်လုံးပြူးသွားတယ်။ ဟုတ်တယ်လေ မပြူးခံနိုင်ရိုးလား။ ကျွန်တော်တို့ တွေ့လိုက်ရတာ မလွန်းတင်ကြီး . . ပြီးတော့ လက်ထဲမှာ ကြေးစည်ကြီးနဲ့ . . .။



"ဘုရား ဘုရား ငါ့အမေ့ကိုများ သွားတိုင်တာလား မသိဘူး၊ ဂိန်ပြီ သူငယ်ချင်းတို့ရေ . . ငါတော့ ဒီတစ်ခေါက် ထပ်အဆော်ခံရရင် သေမှာပဲ"

ဘူကြီးမျက်နှာမှာ သွေးမရှိတော့။ ကြေးစည်ကြီးကို တစ်လှည့် မလွန်းတင်ကို တစ်လှည့်ကြည့်ရင်း မျက်နှာကြီး ဖြူဖတ်ဖြူရော်ဖြစ်လာတယ်။ ကျွန်တော်တို့လည်း တော်တော်ရင်တုန်သွားတယ်။ အကယ်၍ ဘူကြီးပြောသလို မလွန်းတင်သာ ကျွန်တော်တို့ လုပ်တာသိပြီး ဘူကြီးအမေကို ကြေးစည်ကြီးပြပြီး သွားတိုင်ရင်တော့ နာပြီပဲ။ ဘူကြီးအမေသိသွားရင် ကျွန်တော့်အမေကို ပြန်ပြောမှာ သေချာတယ်။ အဲ့ဒီတော့ အဖြေက ရှင်းရှင်းလေးပဲ။ ကျွန်တော်ပါ အတွယ်ခံရပြီ။

"ဟေ့ကောင်တွေ ဒါတော့မဖြစ်ဘူး၊ မလွန်းတင်ကြီးကို အမြန်သွားတားမှဖြစ်မယ်"

"ငါ . . ငါ . . ငါတို့ ဘယ်လိုတားကြမလဲ"

ဘူကြီး အသံတွေပါ တုန်လာတယ်။ ဂျစ်တူးလည်း ခေါင်းတွေကို တဗျင်းဗျင်း ကုတ်တယ်။ ကျွန်တော်က စိတ်အေးအေးထားဆိုတဲ့ ပုံစံမျိုးနဲ့ လက်ကာပြပြီး . . .

"နေ . . နေ ဒီကိစ္စ ငါရှင်းမယ်၊ မင်းတို့ ငါ့နောက်ကသာ အသာလိုက်ခဲ့"

"ဖြစ်ပါ့မလားကွာ"

"မဖြစ်တော့ ဒီအတိုင်းလွှတ်ပေးလိုက်မှာလား၊ မလွန်းတင်ကြီးအကြောင်း မင်းတို့သိတာပဲ၊ သူလုပ်ရင် ပိုရှုပ်ကုန်မယ်၊ ငါတို့ တွေးထားသလို ဖြစ်ချင်မှလည်း ဖြစ်မှာပါ၊ တကယ်လို့ ဖြစ်ခဲ့ရင်လည်း

www.burmeseclassic.com



ကျေနပ်အောင် တစ်ခါတည်း တောင်းပန်လိုက်ပေါ့ကွာ”

“သူက ငါတို့ဆို သိပ်ကြည်တာမဟုတ်ဘူးကွ”

“ဒီမှာ ဘူကြီး၊ ဒီကြေးစည်က မင်းအိမ်က ကြေးစည်နော်၊ ဖြစ်ရင် မင်းအရင်ခံရမှာ၊ မင်းမလုပ်လည်းနေလေ၊ ငါတို့က အနေသာကြီး”

အဲ့ဒီတော့မှ ဘူကြီးလည်း ပျာပျာသလဲနဲ့ ကင်းတဲပေါ်က ခုန်ဆင်းလိုက်တယ်။ ကျွန်တော်တို့က ကင်းတဲပေါ်မှာ ထိုင်နေကြတာပါ။ ဒါ့ကြောင့် မလွန်းတင်ကြီးက ကျွန်တော်တို့ကို ရုတ်တရက် မတွေ့ဘဲ ဖြစ်နေတာ။ ကျွန်တော်တို့ ရုတ်တရက် ခုန်ဆင်းလာတာလည်း တွေ့ရော သူ တော်တော်လန့်သွားတယ်။

“ဟဲ့ တောက်တဲ့နဲ့ ကုလား”

“မကြီးလွန်း ဘယ်သွားမလို့လဲဗျ”

“အဲ . . ဒီဟာ . . ဟယ် . . နင်တို့က ဘာလုပ်မလို့လဲ”

“ဘာမှမလုပ်ပါဘူး မကြီးလွန်းရယ်၊ လက်ထဲမှာလည်း ကြေးစည်ကြီးနဲ့ဆိုတော့ ဘယ်များသွားမလို့လဲလို့”

ကျွန်တော့်စကားကြောင့် မလွန်းတင်ကြီးက သူ့လက်ထဲက ကြေးစည်ကြီးကို ကြည့်တယ်။ ပြီးတော့ မျက်နှာတစ်ချက် တင်းသွားပြီး. .

“ဘယ်ကလေကဝတွေမှန်း မသိပါဘူး၊ ငါ့အိမ်ရှေ့ ဒါကြီး လာချိတ်သွားလို့၊ အဲ့ဒါ ဓမ္မာရုံသွားမလို့”

မလွန်းတင်ကြီးစကားကြောင့် ကျွန်တော်တို့ တော်တော်ပျော်သွားတယ်။ သူ့စကားအသွားအလာကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့လက်ချက်မှန်း သူ မသိဘူး။ ဒါပေမယ့် ကြေးစည်ကြီးကိုင်ပြီး ဓမ္မာရုံကို ဘာသွားလုပ်မှာလဲ သိချင်တာနဲ့ . . .



“မကြီးလွန်းက ဓမ္မာရုံကို ဘာသွားလုပ်မလို့လဲ”

“ဒါကြီးသွားပေးမလို့လေ၊ ငါ့အိမ်မှာလည်း ကြေးစည်တစ်လုံး ရှိနေတာပဲ၊ တော်ကြာ သူများယကြာချေလို့ လာလှတ်ပစ်ထားတာတွေဆို အိမ်မှာ မထားချင်ဘူး၊ အဲ့ဒါကြောင့် ဓမ္မာရုံ သွားပေးမလို့”

မလွန်းတင်ကြီးစကားဆုံးတော့ ဘူကြီးမျက်နှာ တော်တော်ပျက်သွားတယ်။ ဒီကြေးစည်က ဓမ္မာရုံရောက်လို့ မဖြစ်ဘူး။ ဘူကြီးအမေက ဓမ္မာရုံဝတ်အသင်းမှာ အဖွဲ့ဝင်။ ဒီကြေးစည်သာ ဓမ္မာရုံရောက်သွားရင် ဘူကြီးအမေက သူ့ကြေးစည်ကို မှတ်မိသွားမှာ သေချာတယ်။ အဲ့ဒီကျမှ အမှုစစ်ရင် မီးခိုးကြွက်လျှောက် ပေါ်ကုန်မှာ အသေအချာပဲ။ ဒါ့ကြောင့် ဘူကြီးက ကျွန်တော့်ကို လက်ကုတ်တယ်။ ကျွန်တော်လည်း ဘူကြီးသဘောကို နားလည်လိုက်ပြီး . . .

“ဒါဆို အတော်ပဲ မကြီးလွန်း၊ ကျွန်တော်တို့လည်း အဲ့ဒီဘက်ကို ရောက်မှာ၊ ကျွန်တော်တို့ကို ပေးလိုက်လေ”

“ဟာ နေပါ၊ ငါ့ဘာသာငါ သွားထားမယ်”

“မဟုတ်တာ မကြီးလွန်းကလည်း ကျွန်တော်တို့ သယ်သွားပေးပါ့မယ်ဆို”

“ရပါတယ်ဆို နင်တို့တွေ ပေးလိုက်ရင် နမော်နမဲ့နဲ့ နေ . . နေ”

မလွန်းတင်ကြီးက ကျွန်တော်တို့ကို ထားပြီး ထွက်ဖို့လုပ်တယ်။ ဂျစ်တူးက မလွန်းတင်ကြီးရှေ့က မယောင်မလည် ရပ်လိုက်ပြီး . . .

“လုပ်ပါ မကြီးလွန်းရယ်၊ ကျွန်တော်တို့ ထားပေးပါ့မယ်ဆို”

“ဟုတ်ပါတယ် မကြီးလွန်းရယ်၊ လမ်းကြုံနေတာပဲ အားမနာပါနဲ့”

“အင်းလေ မကြီးလွန်းကလဲ”

www.burmeseclassic.com

www.burmeseclassic.com



မလွန်းတင်ကြီး ကျွန်တော်တို့ကို မယုံသင်္ကာဟန်နဲ့ ကြည့်တယ်။ သူ မယုံဘူးဆိုလည်း မယုံချင်စရာပါ။ ကျွန်တော်တို့ဆိုတာက ရပ်ကွက်ဓမ္မာရုံကို ကိုယ့်အိမ်က ဘုရားစင်လောက်တောင် အရောက်အပေါက်ရှိတာ မဟုတ်ဘူး။ ကိုယ့်အိမ်က ဘုရားစင်ကမှ အကုသိုလ်တွေ သိပ်များလာရင် ဘုရားကွယ်သွားမှာစိုးလို့ သွားပြီး မျက်နှာလေးပြမိသေးတယ်။ ရပ်ကွက်ဓမ္မာရုံကတော့ ဝေလာဝေး။ ဒါ့ကြောင့် မလွန်းတင်ကြီးက မယုံသင်္ကာကြည့်နေတာပါ။

"နေပါဦး၊ နင်တို့က ဒီနေ့ကျမှ ဓမ္မာရုံကို ဘာလို့အတင်းသွားချင်နေရတာလဲ"

"လမ်းကြုံလို့ပါဆို"

"ဒီရပ်ကွက်မှာနေတဲ့ လူတွေအားလုံး ဓမ္မာရုံကို လမ်းကြုံနေတာပဲဟဲ့၊ အခုမှ အထူးအဆန်းလုပ်လို့"

အပျိုကြီးက ပြောရတာ တော်တော်လက်ပေါက်ကပ်နေတယ်။ ကြေးစည်ကိုလည်း လွယ်လွယ်နဲ့ ပေးမယ့်ပုံ လုံးဝမပေါ်ဘူး။ ကျွန်တော်တို့ပြောလိုက်မှတောင် ပိုဆိုးသွားပုံရတယ်။ ကြေးစည်ကို လက်က ဆွဲလာရင်းက ရင်ခွင်မှာတောင် ပိုက်ပစ်လိုက်တယ်။

ကျွန်တော်တို့ကလည်း မရဘူးဆိုပြီး လက်လွှတ်လိုက်လို့ မရတော့ဘူး။ ဘူကြီးမျက်နှာက အခုတောင် သေတော့မလိုဖြစ်နေပြီ။ ဒီကြေးစည်သာ ဓမ္မာရုံရောက်သွားရင် ဒီကောင် အသက်ပျောက်ပြီ။

ဒါ့ကြောင့် ကြံမိကြံရာ ကြံရတော့တယ်။ အပျိုကြီးတွေ ကြောက်တာ ဘာလဲ။ လတ်တလောစဉ်းစားလိုက်တော့ အဖြေက တစ်ခုတည်း ထွက်လာတယ်။





ယောကျ်ား။ ဟုတ်တယ်။ အပျိုကြီးတွေ ရွတ်တရက် ကြောက်သွားနိုင်တာ ယောကျ်ားတစ်မျိုးပဲရှိတယ်။ အထူးသဖြင့် အသက်မတိမ်းမယိမ်း ယောကျ်ားတွေကို ပိုကြောက်ကြတယ်။ ဒါ့ကြောင့် ကြံမိကြံရာ ကြံရတော့တာပါ။

"ကဲ မကြီးလွန်းက တစ်မျိုးထင်နေမှတော့ ကျွန်တော်တို့က ပြောပြရတော့မှာပေါ့ဗျာ၊ ပထမတော့ မပြောဘူးဆိုပြီးနေမလို့ပါ။ ဒါပေမယ့် အခုတော့ ပြောရတော့မှာပဲ၊ မတတ်နိုင်တော့ဘူး၊ ဟေ့ကောင်တွေ ပြောပြလိုက်မယ်နော်"

ကျွန်တော့်စကားတွေကို ဘူကြောင်ကြောင်နဲ့ လိုက်နားထောင်ပြီး ဟိုနှစ်ကောင် ဘုမသိ ဘမသိနဲ့ ခေါင်းညိတ်ပြတယ်။ မလွန်းတင်ကြီးကတော့ ကျွန်တော့်စကားကို စိတ်ဝင်စားသွားပြီး . . .

"ဘာလဲဟဲ့ . . ဘာများလဲ"

"မကြီးလွန်း ကိုကျော်ကြီးကို သိတယ်မလား"

"သိတယ်လေ၊ ခွေဆိုင်ဖွင့်ထားတဲ့ ကျော်ကြီးမလား"

"ဟုတ်တယ်လေ၊ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဘယ်နှကျော်ကြီး ရှိလို့လဲ"

"သဘောလိုက်နေတဲ့ကျော်ကြီးလည်း ရှိတယ်လေဟယ်၊ နင်တို့ကလဲ"

"ဟာ အဲ့ဒီကျော်ကြီးက ရေထဲမှာ အနေများလို့ ပထဝီကြောင်ကြောင်ပြီး ရွှာသာကြီး ရောက်သွားပြီလေဗျာ"

"ကဲပါ ထားပါတော့၊ နင်တို့ပြောတဲ့ ကျော်ကြီးက ဘာဖြစ်လဲ ပြော"

"သူက မကြီးလွန်းကို ကြိုက်နေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟုတ်တယ်၊ သူက မကြီးလွန်းကို တဖက်သတ် ကြိုက်နေတာ၊ အခုလည်း မကြီးလွန်း အဲ့ဒီဘက်လာရင် စာပေးမလို့ဆိုပြီး ဓမ္မာရုံနားမှာ စောင့်နေတယ်၊ အရက်တွေလည်း မူးရူးနေတာပဲ"

"ဟယ်"

မလွန်းတင်ကြီး မျက်လုံးပြူးထွက်သွားတယ်။ ခန္ဓာကိုယ်က ငါးပြေမ ဓာတ်လိုက်ခံရသလို တွန့်တွန့်လူးသွားပြီး လက်ထဲက ကြေးစည်တောင် ပြုတ်ကျမလို ဖြစ်သွားတယ်။ မလွန်းတင်ကြီး အခြေအနေလည်းမြင်ရော ဟိုကောင်တွေကလည်း . . .

"ဟုတ်တယ်ဗျ၊ မကြီးလွန်းကို ဒီအတိုင်း စာမပေးရဲဘူးဆိုပြီး ရဲဆေးတင်ထားတာတဲ့၊ မနက်ကတည်းက တစ်လုံးပြီး တစ်လုံး ထိုင်သောက်နေတယ်ဆိုလားပဲ၊ အခုတော့ ရဲဆေးလွန်ပြီး ဘယ်ကောင်မှ ဂရုမစိုက်ဘူး ဖြစ်နေပြီ"

"ဟုတ် .. ဟုတ်လို့လားဟယ်၊ နင်တို့ကလဲ"

"မယုံရင်လည်းနေဗျာ၊ ကျွန်တော်တို့က မဖြစ်သင့်တာ မဖြစ်အောင် တားတဲ့သဘောနဲ့ ကူညီတာပါ၊ မကြီးလွန်း မယုံဘူးဆိုလည်း မတတ်နိုင်ဘူး"

မလွန်းတင်ကြီး အသားတွေပါ တဆတ်ဆတ်တုန်လာတယ်။ အပျိုကြီးဆိုတော့ သိတယ်မဟုတ်လား။ ကြောက်ပြီဆို နိုးတူးပဲ။

ကျွန်တော်တို့က သူ့ကိုထားပြီး ထွက်မလို့လုပ်တော့ . . .

"ဟဲ့ .. ဟဲ့ မသွားပါနဲ့ဦး၊ ငါက သဘောအဖြစ် မေးတာပါဟယ်၊ ရော့ .. ရော့ ဒါကြီး နင်တို့ပဲ သွားထားလိုက်တော့နော်"





မလွန်းတင်ကြီး လှမ်းပေးတဲ့ ကြေးစည်ကို ကျွန်တော်က အသာအယာ ယူလိုက်ပြီး . . .

"မကြီးလွန်းလည်း အိမ်မြန်မြန်ပြန်တော့၊ တော်ကြာ ကိုကျော်ကြီး ဒီဘက်ရောက်လာရင် ခက်မယ်"

မလွန်းတင်ကြီးက 'အေး အေး' ဆိုပြီး တစ်ခါတည်း လစ်သွားတော့တာ နောက်တောင်လှည့်မကြည့်တော့ဘူး။ မလွန်းတင်ကြီး ခပ်ဝေးဝေးရောက်သွားတော့မှ ကျွန်တော်တို့ ပျော်ရွှင်စွာနဲ့ တစ်ယောက်လက်ဝါး တစ်ယောက်ရိုက်လိုက်ရင်း . . .

"တော်တယ် ဝင်းခန့်ရာ၊ မင်းဦးနှောက်က ဒီတစ်ခါတော့ ရွှေချထားဖို့ ကောင်းနေပြီ"

"ဟဲ ဟဲ ဝင်းခန့်လေ၊ သိတယ်မလား"

"ကိုကျော်ကြီးသာသိရင် ငါတို့ကို အသေသတ်မှာနော်"

"ဘယ်တတ်နိုင်မလဲကွာ၊ ကမ္ဘာမီးလောင်လို့ သားကောင်ချနင်းလိုက်ရတာပါ၊ ကဲ ဒါတွေထား ငါတို့ ဒါကြီးကို ဘယ်လိုလုပ်ကြမလဲ"

အားလုံးက ကြေးစည်ကြီးကို ကြည့်ပြီး . . .

"အခုလောလောဆယ်တော့ လမ်းထိပ်က ကိုခင်ဇော်တို့ လက်ဖက်ရည်ဆိုင်မှာ ခဏအပ်ထားမယ်ကွာ၊ ကျန်တာတော့ နောက်မှ ကြည့်စီစဉ်ကြတာပေါ့"

"အေး အဲ့ဒါကောင်းတယ်၊ အန္တရာယ်အကင်းဆုံးပဲ"

ပြီးတော့ ကျွန်တော်တို့ လမ်းထိပ်ဘက်ကို ထွက်လာကြတယ်။ လမ်းမှာလည်း ကိုကျော်ကြီးကို ဒီကိစ္စ လုံးဝမပေါက်ကြားဖို့ တစ်ယောက်နဲ့တစ်ယောက် ပြောလာကြတယ်။ တစ်နေရာအရောက် ဂျစ်

www.burmeseclassic.com



တူးက အလန့်တကြားနဲ့ . . .

“ဟော့ကောင် ဘူကြီး၊ ဟိုမှာ မင်းအမေမလား”

“ဘယ်မှာလဲ”

“ဟိုမှာ”

ဂျစ်တူး မေးငေါ့ပြတဲ့နေရာကို ကြည့်လိုက်တော့ ကျွန်တော်တို့ သုံးယောက်လုံး ပျာယာခတ်သွားကြတယ်။ ဟုတ်တယ် . . ဘူကြီး အမေမှ ဘူကြီးအမေစစ်စစ်။ ဘယ်ကပြန်လာလည်း မသိဘူး။ လက်ထဲမှာလည်း အထုပ်တွေနဲ့။

“ဟော့ကောင် ဝင်းခန့် လုပ်ပါဦးကွာ၊ ဘယ်လိုလုပ်မလဲ”

ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ ဘာလုပ်ရမှန်းမသိ။ ကြေးစည်ကြီးပိုက်ပြီး သွေးရူးသွေးတန်းဖြစ်သွားတယ်။ ဒီအချိန် ဘူကြီးအမေသာ တွေ့သွားရင် မလွယ်တာတော့ တကယ်ပဲ။ ကျွန်တော်တို့ကံကိုကလည်း တော်တော်ဆိုးပါတယ်။ အခက်အခဲတစ်ခုက လွတ်လာတာ မကြာသေးဘူး။ နောက်အခက်အခဲတစ်ခုနဲ့ ထပ်တိုးတယ်။

ဒီတစ်ခါ အခက်အခဲကမှ တကယ့်အကြီးကြီး။ လက်ထဲမှာလည်း ကြေးစည်ကြီးနဲ့ဆိုတော့ ဘယ်လိုမှ ငြင်းရမှာမဟုတ်။ ရှင်းပြလို့လည်း ရမှာမဟုတ်တော့။ ဘူကြီးအမေက ကျွန်တော်တို့တွေ ပေါင်းပြီး ကြေးစည်ကြီး ခိုးပြီး သွားရောင်းစားမယ်လို့ထင်မှာ သေချာတယ်။

“ရှင် ဘာလုပ်နေတာလဲ”

ရုတ်တရက်အသံကြောင့် ကျွန်တော် ကြောင်သွားပြီး လှည့်ကြည့်လိုက်တယ်။ ကောင်မလေးတစ်ယောက် ခြံတံခါးဖွင့်ပြီး ရပ်နေတာ တွေ့လိုက်ရတော့ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားပြီး . . .



“ဟို . . ဟိုဟာ . . ကြေးစည် . . ကြေးစည် . . အဲ့ဒါ”

“ကြေးစည် ဟုတ်လား”

“ဟုတ် . . အဲ့ဒါ . . ဒီနေရာမှာ . . ဟိုဟာ”

ကောင်မလေးက မျက်မှောင်ကြုတ်ပြီး ကျွန်တော့်လက်ထဲက ကြေးစည်ကြီးကို ကြည့်တယ်။ ပြီးတော့ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး

“သြော် ရတယ် ရတယ်၊ ပေး ပေး . . မနေ့ကတည်းက လာပို့မယ်ထင်နေတာ၊ အခုမှ လာတာကိုး”

“ဗျာ”

“ကြေးစည်လေ၊ ဟုတ်တယ်မလား”

“ဟုတ် . . ဟုတ်တယ်လေ”

“အင်း . . ထားခဲ့လေ၊ ဘာကြောင်နေတာလဲ”

ကောင်မလေးက လက်ကိုလှမ်းပြီး ကြေးစည်ကို ယူတယ်။ ကျွန်တော်လည်း တော်တော်ကြောင်သွားတာပါ။ ဒါပေမယ့် အခုမှတော့ မတတ်နိုင်တော့ဘူး။ သူ့ဘက်က လိုလိုချင်ချင် ယူနေမှတော့ ဘာမှ မစဉ်းစားတော့ဘဲ ကျွန်တော် ပေးပစ်ခဲ့လိုက်တယ်။

အချိန်က ကွက်တိပါပဲ။ ကျွန်တော်လည်း ဟိုကောင်တွေဆီ ပြန်အရောက် ဘူကြီးအမေလည်း ရောက်လာတယ်။ ပြီးတော့ ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ဘူကြီးကို သတိထားဆိုတဲ့ပုံစံမျိုး လက်ညှိုးထောင်ပြသွားတယ်။ ဘူကြီးအမေ ထွက်သွားတော့ ဒီကောင် ကျွန်တော့်ကိုကြည့်ပြီး . . .

“မင်း ကြေးစည်ရော”

“မရှိတော့ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်ရောက်သွားလို့လဲ"

"မသိဘူးကွာ၊ ငါလည်း ဟိုခြံနားမှာ သွားထားမလို့ သွားတာပဲ၊ အဲ့ဒီခြံထဲက ကောင်မလေးတစ်ယောက် ထွက်လာပြီး ငါ့ဆီက ယူသွားတာ"

"အဲ့ဒါနဲ့ မင်းက ပေးလိုက်ရရောလားကွ"

"သူက လိုလိုချင်ချင် ယူသွားတာကွ၊ ငါလည်း ဘာမှစဉ်းစား မနေတော့ဘူး၊ ပေးပစ်ခဲ့တယ်"

"အဲ့ဒါလည်း ကောင်းတာပဲကွာ၊ အစပျောက်သွားရောပေါ့"

ဂျစ်တူးက ဝင်ပြောတယ်။ ဘူကြီးက ခြံဘက်ကို လှမ်းကြည့်နေတယ်။ အတော်ကြာကြာ ငေးကြည့်ပြီးမှ . . .

"ဟေ့ကောင် မင်းပြောတဲ့ ခြံကြီးက ငါတို့ ကျီးမနိုးပွဲတုန်းက လက်ကမြင်းကြော ထခဲ့တဲ့ ခြံမလား"

အဲ့ဒီတော့မှ ကျွန်တော်လည်း သေချာကြည့်မိတယ်။ ပြီးတော့ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတယ်။ ခုန သွေးပူနေတုန်းမို့ သတိမထားလိုက်တာ။

အဲ့ဒီခြံမှ အဲ့ဒီခြံ စစ်စစ်ကြီး။

ရှေ့မှာ ရေးထားတဲ့ ဆိုင်းဘုတ်တောင် ရှိသေး။

**ဒေါက်တာ နေမင်း**

**M.B.B.S (Ygn), M.Med.sc (intl.Med), M.R.C.P (UK)**

**အထွေထွေရောဂါကု သမားတော် တဲ့။**

'ဘုရား ဘုရား'

ရင်ထဲမှာသာ ထိုသို့ တလိုက်မိရပါတော့တယ်။

***





တက္ကသိုလ်မှာ တွဲခဲ့တဲ့ သူငယ်ချင်းတွေ အကုန်စုံတယ်လို့ ပြောရမယ်။ ကျွန်တော်ရယ်၊ ဘူကြီးရယ်၊ ဂျစ်တူးရယ်၊ အေးခန့်ရယ် ပြီးတော့ ဒီနေ့ ကျွန်တော်တို့ စားသမျှကို ဒကာခံမယ့် ဘော်ဘီရယ် အကုန်အစုံပဲ။ နေရာက ကျွန်တော်တို့ လမ်းထိပ်က ငွေစံပယ်စားသောက်ဆိုင်မှာပါ။

ဘော်ဘီက တက္ကသိုလ် ဒုတိယနှစ်မှာပဲ သင်္ဘောလိုက်သွားတယ်။ အဲ့ဒါ အခုမှ သင်္ဘောက ပြန်လာလို့ ကျွန်တော်တို့ကို လိုက်ပြုစုတာ။ သင်္ဘောသားတို့ ထုံးစံအတိုင်း နိုင်ငံခြားဖြစ် အရက်အကောင်းစားတစ်လုံး ပါလာတယ်။ ပြီးတော့ ခင်မင်ရာ သူငယ်ချင်းတွေစုပြီး စားသောက်ကြတာ။ အေးခန့်နဲ့ကတော့ ကျောင်းပြီးကတည်းက မတွေ့တော့တာ။ အခုမှ ဘော်ဘီ့ကောင်းမှုအကြောင်းပြုပြီး ပြန်ဆုံ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ။

ကျောင်းပြီးတယ်ဆိုလို့လည်း သိပ်အကြာကြီး မထင်လိုက်ပါနဲ့။ ကျွန်တော်တို့ နောက်ဆုံးဖိုင်နယ်ရီးယားကို ဖြေပြီးတာ မကြာသေးပါဘူး။ အခုတော့ ဘွဲ့ယူဖို့ စောင့်နေကြတာပေါ့လေ။

"ကဲလာ First cup ကို ကမ်းပေ့လေး ချလိုက်ရအောင်"

ဘော်ဘီက ခွက်ကိုမြှောက်ပြီး ကျွန်တော်တို့ကို ခေါ်လိုက်တယ်။ ကျွန်တော်တို့ကလည်း ကိုယ့်ရှေ့မှာရှိတဲ့ ခွက်တွေကိုင်ပြီး ဘော်ဘီ ခွက်နဲ့ တိုက်လိုက်တယ်။

ပြီးတော့ အားလုံးအတွက် ဆုတောင်းလိုက်ကြတယ်။

"ကျန်းမာ၊ သက်ရှည်၊ . . . ၊ ထီပေါက်"

"အိုကေ ချီးယား"

"ချီးယား"

ကျွန်တော်က အသက်ကိုအောင့်ပြီး အရက်ခွက်ကို တရှိန်ထိုးမော့ချပစ်လိုက်တယ်။ အရက်က ကျွန်တော့်လည်ချောင်းထဲကို ဖြတ်တိုက်ပွက်ရှုပြီး အစာအိမ်ထဲကို ခုန်ချသွားတယ်။

"အားလားလား ပူလိုက်တာကွာ၊ မသောက်တာ ကြာလို့လားမသိဘူး"

"မင်းက ရေမှ မရောတာ"

"ရောမလို့ပဲကွ၊ မင်းက ချီးယားခေါ်တာနဲ့ မေ့သွားတာ"

အေးခန့်က ရေတစ်ခွက်ထည့်ပြီး ကျွန်တော့်ရှေ့ ထိုးပေးတယ်။ ကျွန်တော်က ရေခွက်ကိုယူပြီး မော့ချလိုက်တော့ မီးကို ရေနဲ့ သတ်လိုက်သလို ရင်ဘတ်ထဲမှာ ရှဲခနဲ ဖြစ်သွားတယ်။ ပြီးတော့ ငါးရှဉ့်



ခြောက်စပ်တစ်ဖတ်ကို ပါးစပ်ထဲ ပစ်ထည့်လိုက်တော့မှ လူက ပုံမှန်ပြန်ဖြစ်သွားတယ်။

"လွမ်းတယ်ကွာ၊ သတိရတယ်၊ ဘယ်ကြည့်ကြည့် ပင်လယ်ကြီးပဲမြင်နေရတဲ့ဘဝမှာ အိမ်ကို အရမ်းသတိရတာပဲကွာ"

"မင်း ဒီတစ်ခေါက် ဘယ်လောက်ကြာသွားလဲ"

"ငါက ဒီတစ်ခေါက်ပဲ တက်ရသေးတာလေကွာ၊ တစ်နှစ်လောက် ကြာသွားတယ်"

"ဟုတ်သားပဲ၊ မင်းထွက်သွားတာ ဆက်ကင်းရီးယားနော်"

ဘူကြီးအမေးကို ဘော်ဘီက ခေါင်းညိတ်ပြတယ်။ ပြီးတော့ ဒုတိယတစ်ခွက် ထပ်ငှဲ့ဖို့လုပ်တယ်။ ဘူကြီးက . . .

"တစ်လှချည်လားကွ၊ တစ်ခွက်နဲ့တစ်ခွက် မနီးလွန်းဘူးလား"

ဘော်ဘီက အေးအေးဆေးဆေးပဲ အရက်ခွက် ငှဲ့ပြီးတော့ ရေခဲနှစ်တုံးလောက် ထပ်ထည့်လိုက်တယ်။ ပြီးတော့ ဆော်ဒါ နည်းနည်းရောပြီး . . .

"သင်္ဘောသားတစ်ယောက်ရဲ့ ဘဝမှာ အဖော်ပြုစရာဆိုလို့ အရက်နဲ့ ဆေးလိပ်ပဲ ရှိတာလေ သူငယ်ချင်းရ၊ မင်းတို့အနေနဲ့ ကြည့်ရင်တော့ ငါက မျှားချင်မျှားနေမှာပေါ့၊ ငါ့ဘာသာငါတော့ အတော်ပဲ၊ မင်းတို့လည်း မင်းတို့လစ်မစ်နဲ့ မင်းတို့ ကြိုက်သလိုသာ လုပ်ကြပေတော့"

ပြောပြီး ဘော်ဘီက တစ်ချက် ငှဲ့လိုက်တယ်။ ပြီးတော့ အာလူးကြော်လေးကို အချဉ်ရည်လေးနဲ့ ခပ်ရွှရွတစ်ချက် တို့ပြီး လျှာဖျားလေးပေါ် တင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ပုံစံကိုကြည့်ပြီး ဆားဗစ်တော်တော်ရှိနေပြီဆိုတာ ကျွန်တော် ခန့်မှန်းမိတယ်။ ကျွန်တော်တို့ကတော့ အရက်ကို ကြုံမှသောက်တဲ့သူတွေ။ အခုလို ပွဲမျိုးရှိမှ ဘာရယ်မဟုတ် အပျော်သဘော ဆော်ကြတဲ့သူတွေ။ ကျောင်းသားဘဝတုန်းကလည်း ဒီလိုပါပဲ။ ဟေးလား ဝါးလားလုပ်တဲ့ သဘောမျိုးလောက်သာ သောက်ခဲ့ဖူးကြတာ။

"ဟေ့ကောင်တွေ ချလေကွာ၊ ဘာကြည့်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ မင်းကို ကြည့်နေတာ"

"ငါက ဘာဖြစ်နေလို့လဲကွ"

"မင်းပုံစံက တကယ့်ဝါရင့်သင်္ဘောသားကြီး အရက်သောက်နေတာကျနေတာပဲ"

ဘော်ဘီက ကျွန်တော့်စကားကြောင့် တဟားဟား ထရယ်တယ်။ ပြီးတော့ . . .

"မင်းပြောမှ သင်္ဘောသားတိုင်း အရက်သမားဖြစ်ကုန်ကြပြီ။ သင်္ဘောသားတိုင်းတော့ ဒီလိုမဟုတ်ပါဘူးကွ၊ တချို့သင်္ဘောသားတွေဆို အရက်ကို သောက်ဖို့မပြောနဲ့၊ အနံ့တောင် ခံလို့ရတာမဟုတ်ဘူး"

"ဒါပေမယ့် တော်တော်များများတော့ သောက်တတ်ကြတယ်မလား"

"ဒါကတော့ အခြေအနေအရပေါ့ကွာ"

အေးခန့်က အရက်ခွက်တွေယူပြီး ငှဲ့ထည့်တယ်။ ပြီးတော့ သက်ဆိုင်ရာ ခွက်တွေကို သက်ဆိုင်ရာ လူတွေ ရှေ့ပို့တယ်။ ဘူကြီးက အအေး ရောတယ်။ ဂျစ်တူးက ဆော်ဒါထည့်တယ်။ ကျွန်တော်ကတော့ ဘာရောရော အရက်က မူးတယ်ဆိုတာ သိနေတော့ အလွယ်





တကူ ရေပဲ ရောလိုက်တယ်။

ဒီလိုနဲ့ အရက်ခွက်ရေ ပိုများလာလေလေ ဝိုင်းက စည်လာလေလေ ဖြစ်လာတယ်။ ဝမ်းလီတာတစ်လုံး ကုန်သွားလို့ နောက်တစ်လုံး ထပ်ဖောက်ကြတယ်။ ဘယ်သူမှ မလုပ်ပါနဲ့လို့ မတားကြတော့ဘူး။ အားလုံး ဝဲလ်ကမ်းပဲ။ အရက်တို့ရဲ့ ထုံးစံအတိုင်း မသောက်ခင်သာ ပထမတစ်ခွက် နှစ်ခွက်လောက်ကို တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေကြတာ။ လစ်မစ်ကလေးများ ရလာပြီဆိုရင် လာထားပဲ။ သိတယ်မလား အရက်တန်ခိုး . . အရက်တန်ခိုး။

"တစ်ခါတော့ ချစ်ခဲ့မယ်လို့ ငါထင်တယ်ကွ"

"ငါကတော့ အဲ့ဒီလိုမထင်ဘူး၊ မင်းကို ချစ်ကို မချစ်ခဲ့တာ"

ဘော်ဘီနဲ့ အေးခန့် စကားပြောနေကြတာပါ။ အရက်အရှိန်လေးနဲ့ ကိုယ်သန်ရာသန်ရာ ပြောနေကြတဲ့ဝိုင်းမှာ သူတို့စကားသံကို ပထမဆုံး သတိထားမိတာပါ။ အမှန်ပြောရရင် ကျွန်တော်လည်း တော်တော်မူးနေပါပြီ။ ကျန်တဲ့ကောင်တွေလည်း ထိုနည်းလည်းကောင်းပဲ။

ဘူကြီးနဲ့ ဂျစ်တူးက ဂျနီဖာလိုပက်နဲ့ အင်ဂျလီနာဂျိုလီကို ဘယ်သူပိုချောလည်း ငြင်းခုန်နေကြတယ်။

"ဘယ်သူမှ မချောဘူး၊ အားလုံးကို ထဘီတိုတိုဝတ်ပြီး သနပ်ခါးဘဲကြားနဲ့ လယ်ထဲဆင်းခိုင်းကြည့်ပါလား၊ မြန်မာနိုင်ငံက ကောက်စိုက်သမတွေကမှ သူတို့ထက် ချောဦးမယ်"

ကျွန်တော် ဒီကောင်တွေကိုကြည့်ပြီး စိတ်ပေါက်ပေါက်နဲ့ ဝင်ပြောပစ်လိုက်တယ်။ အဲ့ဒီအချိန်မှာပဲ ဟိုနှစ်ကောင် ငြင်းတာခုန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီး ကျွန်တော့်ကို လှည့်ကြည့်တယ်။ ဝိုင်းက ခဏတိတ်ဆိတ်သွားသလို ဖြစ်သွားတော့ အေးခန့်နဲ့ ဘော်ဘီရဲ့ စကားသံတွေ ထွက်လာကြတာပါ။ ဘာတွေပြောနေမှန်းတော့ ကျွန်တော်တို့လည်း မသိဘူး။ တစ်ခုခုကိုတော့ အလေးအနက်ထားပြီး ပြောနေပုံတော့ ရတယ်။

ဘော်ဘီက . . .

"မင်း အဲ့ဒီလိုတော့ အပြတ်မပြောနဲ့ အေးခန့်၊ သူ့ရင်မှာ ငါ့အတွက် တစ်ချက်ကလေးတောင် မလှုပ်ရှားခဲ့ရဘူးဆိုတာတော့ ငါ မယုံဘူးကွာ၊ သူက ဘာသားနဲ့ ထုထားလို့လဲ"

"ကျွတ် ဘော်ဘီရာ၊ မင်းကိုယ်မင်း သိပ်ထင်မနေပါနဲ့၊ သူ ဘာမှ မဖြစ်ဘူး၊ အေးအေးဆေးဆေးပဲ၊ မင်းသင်္ဘောလိုက်သွားတာလည်း သူသိတယ်။ ဒါပေမယ့် အေးအေးဆေးဆေးပဲ၊ မင်း မြန်မာပြည်မှာ မရှိတော့လို့ ပိုတောင် ပျော်နေလား မသိဘူးကွ"

ဘော်ဘီက နှုတ်ခမ်းတစ်ချက်မဲ့ပြီး အရက်ခွက်ကို တစ်ချက်တည်း ဂွပ်ခနဲ သောက်ချလိုက်တယ်။ ပြီးတော့ နှုတ်ခမ်းထောင့်မှ စီးကျလာတဲ့ အရည်တွေကို လက်ခုံနဲ့ တစ်ချက် သုတ်လိုက်တယ်။ ပြီးတော့ ရုပ်ရှင်တွေထဲက အသည်းကွဲလူကြမ်းမင်းသား အိုက်တင်အတိုင်း အရက်ခိုးဝေနေတဲ့ မျက်လုံးတွေနဲ့ နံရံကြီးကို စိုက်ကြည့်ပြီး

"ရက်စက်တယ် မင်းရက်စက်တယ် မခိုင်၊ တော်တော်ရက်စက်တဲ့ အသည်းနှလုံးမရှိတဲ့ မိန်းမကြီးပဲ"

"ဟုတ်တယ်၊ အဲ့ဒါကြောင့် မင်းဘဝမှာ ခိုင်ဇာကြီးဆိုတဲ့ မိန်းမကို မေ့ပစ်လိုက်ဖို့သင့်ပြီ"

သူတို့ပြောနေတဲ့ စကားအသွားအလာကိုကြည့်ပြီး ကျွန်တော်





သင်္ဘောပေါက်သလိုလို ဖြစ်သွားတယ်။ ကျွန်တော့်အတိုင်းပဲ ဘူကြီးနဲ့ ဂျစ်တူးလည်း သင်္ဘောပေါက်သွားပြီး တစ်ယောက်တစ်ပြန် လက်ကုတ်လိုက်ကြတယ်။ ဝင်မပါနဲ့၊ အသာနေဆိုတဲ့သဘော။ အစကတည်းကလည်း ဝင်ပါဖို့ အစီအစဉ်မရှိလို့ သူ့အရှိန်နဲ့သူ လွှတ်ထားလိုက်ပါတယ်။

"တောက် ဒီမိန်းမ . . ဒီမိန်းမ၊ ဘော်ဘီဆိုတဲ့ ငါလိုကောင်ကို ဘယ်လိုစိတ်ထား ထားတာလဲ၊ ဘယ်လိုစိတ်မျိုး ထားထားတာလဲ"

"ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့တောင် မထင်တာကွ"

အေးခန့်ကလည်း သူ့အကွက်ဝင်တုန်း တွယ်တယ်။ ဘော်ဘီက အေးခန့်ကိုကြည့်ပြီး . . .

"ဒါဆို ငါက ငါးပိဖုတ်ပေါ့ ဟုတ်လား၊ ငါက . . ငါက ငါးပိဖုတ် မဟုတ်ဘူးကွ၊ သင်္ဘောသား . . သင်္ဘောသားကွ နားလည်လား၊ တစ်နေ့ သင်္ဘောကြီးတစ်စင်းလုံးကို မောင်းမယ့် ကပ္ပတိန်ဖြစ်လာမယ့်ကောင်"

"မင်းဘာသာမင်း ဘာကြီးပဲ ဖြစ်လာဖြစ်လာ သူ့ရင်ထဲမှာတော့ မင်းကို လုံးဝပဲ"

ဘော်ဘီ ငိုင်ကျသွားတယ်။ မျက်နှာလည်း တော်တော်ညှိုးကျသွားတယ်။ ဘယ်ခွေးမကမှ စိတ်မဝင်စားတဲ့ တော်သလင်းခွေးထီးတစ်ကောင်လို ဘော်ဘီ့မျက်နှာက ယူကြုံးမရဖြစ်သွားတာ။

"ဒီလောက်တောင်ပဲလားကွာ"

"အဲ့ဒီထက်တောင် ပိုဆိုးသေးတယ် ဘော်ဘီ၊ အခုတောင် ဆရာဝန်တစ်ယောက်နဲ့ လက်ထပ်တော့မလိုလို ကြားနေတယ်၊ မင်းဘက်က



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မေ့လိုက်သင့်ပါပြီကွာ"

ဘော်ဘီ အရက်ထပ်မထည့်ရသေးတဲ့ ခွက်လွတ်ကြီးကို ကြည့်ပြီး မျက်ရည်လေးတွေ ဝိုင်းသွားတယ်။ ချစ်မြတ်နိုးရသူတစ်ယောက် လင်ယူတော့မယ်ဆိုတဲ့ အသိက နှလုံးသားကို အဆမတန် ဝင်ဆောင့်လိုက်ပုံရတယ်။

အမှန်တော့ ဒီကောင်ကသာ တဖတ်သက်ဖြစ်နေတာပါ။ ခိုင်ဇာကြီးဆိုတဲ့ မိန်းမက ဒီကောင့်ကို ရှိတယ်လို့တောင် ထင်ခဲ့တာမဟုတ်ဘူး။ ခိုင်ဇာကြီးဆိုတာ ကျွန်တော်တို့ တက္ကသိုလ်တက်တုန်းက ဘော်ဘီနဲ့ တွေ့ခဲ့တဲ့ မိန်းမတစ်ယောက်ပါ။ ခိုင်ဇာကြီးက ကျွန်တော်တို့ ထက် တစ်နှစ်ကြီးတယ်။ ကျွန်တော်တို့ ပထမနှစ် စတက်ကတည်းက ဘော်ဘီနဲ့ ခိုင်ဇာကြီး တွေ့ခဲ့ကြတာ။ ခိုင်ဇာကြီးက ဒုတိယနှစ်ပေါ့။

ဘော်ဘီက ခိုင်ဇာကြီးကို ဘယ်ဘဝရေစက်ကြောင့်လည်း မသိဘူး။ တွေ့တွေ့ချင်းကတည်းက အသည်းအသန် ကြိုက်တာ။ ခိုင်ဇာကြီးကလည်း ဘော်ဘီ့အပေါ်ကို ဘယ်ဘဝရေစက်ကြောင့်လည်း မသိဘူး။ တွေ့တွေ့ချင်းကတည်းက ကြည့်မရအောင် ပစ်ပစ်ခါခါကို ဖြစ်နေတာ။

ဒီလိုနဲ့ ဒုတိယနှစ် ရောက်လာတယ်။ ခိုင်ဇာကြီးကလည်း ဖိုင်နယ်ရီးယား ရောက်လာတယ်။ အဲ့ဒါနဲ့ ဘော်ဘီ့ကို သူငယ်ချင်းတွေ ဝိုင်းမြှောက်ပေးတော့ ဘော်ဘီက ခိုင်ဇာကြီးကို အကြွပ်ကိုင်တယ်။ ဘယ်လိုကိုင်သလဲဆိုရင် ဒီတစ်ခါမှ သူ့ကိုချစ်တယ်လို့ မပြောရင် သူ့မျက်နှာကို မမြင်ရတော့ဘူးဆိုပြီး အကြွပ်သွားကိုင်တာ။ သူလည်း အဲ့သလို ပြောလိုက်ရော ခိုင်ဇာကြီးမျက်နှာက တော်တော်ပျော်သွား



တယ်လို့ ပြောတယ်။ ပြီးတော့ တကယ်လားဆိုပြီး အားရဝမ်းသာကြီးနဲ့ မေးတယ်တဲ့။ သူက 'တကယ်' လို့ ပြောလိုက်တော့ ဒီတစ်သက်တင် မဟုတ်ဘူး၊ နောင်တစ်သက်တောင် မချစ်နိုင်ဘူးလို့ ပျော်ပျော်ရွှင်ရွှင်ကြီး ငြင်းပစ်လိုက်တယ်လို့ ပြောတယ်။

ဒါတွေအားလုံး ဘော်ဘီပြန်ပြောပြလို့ ကျွန်တော်တို့ သိရတာပါ။ အဲ့ဒီဇာတ်လမ်းတွေလည်းပြီးရော ဘော်ဘီတစ်ယောက် သဘော်လိုက်သွားတော့တာပဲ။ ကုန်းပေါ်မှာ အဖြစ်မရှိတဲ့ သူ့ဘဝကို ရေထဲမှာပဲ ရေစုန်မျှောပစ်လိုက်တဲ့ သဘောပေါ့။ တက္ကသိုလ်နယ်မြေရဲ့ ရင်နင့်ဖွယ် ဇာတ်လမ်းလေးတစ်ခုပေါ့။ ဒါပေမယ့် အခုထိ ဘော်ဘီက ခိုင်ဇာကြီးကို မမေ့နိုင်သေးပါဘူး။ ဒီလိုမျိုးတွေ အကြောင်းတိုက်ဆိုင်ရင် ဒဏ်ရာဟောင်းက ပေါ်လာစမြဲပါ။

"ငါ မုန်းတယ် . . မုန်းတယ် မုန်းတယ်"

"အေး မုန်း မုန်း မုန်းကွာ၊ အဲ့ဒီလို မုန်းပစ်လိုက်"

ဘော်ဘီက ခါးကြီးကုန်းပြီး အားရပါးရကြီး အော်တယ်။ အေးခန့်ကလည်း အားရပါးရကြီး ဟာမိုနီလိုက်တယ်။ ထပ်ဖောက်ထားတဲ့ နောက်တစ်လုံးလည်း ကုန်သွားပြီဖြစ်တယ်။ အားလုံးလည်း လစ်မစ်တွေ နှစ်ပြန်လောက်ကျော်ပြီး ချာလပတ်တွေတောင် လည်နေကြပြီ။

ပြန်မှသင့်မယ်လို့ ဆုံးဖြတ်ပြီး ပိုက်ဆံ ရှင်းလိုက်တယ်။ ပိုက်ဆံရှင်းပြီးတော့ ဘော်ဘီနဲ့ အေးခန့်က လမ်းကြောင်းတစ်ခုတည်းမို့ ကားငှားပြီး ပြန်သွားကြတယ်။ ကျွန်တော်နဲ့ ဟိုနှစ်ကောင်ကတော့ တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး တစ်ယောက်ခန္ဓာကိုယ် တစ်ယောက်မှီကာ အိမ်ပြန်လာခဲ့လိုက်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ လမ်းထဲဝင်လာတော့ လမ်းဘေးအုတ်ခုံလေးတစ်ခုမှာ ထိုင်နေတဲ့ လူငယ်တစ်ဖွဲ့ကို သွားတွေ့တယ်။ သေချာကြည့်လိုက်တော့ ရပ်ကွက်ထဲက လူငယ်လေးတွေ ဂစ်တာထိုင်တီးနေတာ တွေ့ရတယ်။ ကျွန်တော်တို့လည်း ထိုအဖွဲ့နဲ့ သွားထိုင်ပြီး သီချင်းတွေ အော်ဆိုပစ်လိုက်တယ်။ ဘာတွေဆိုလို့ ဆိုမိမှန်းတောင် မမှတ်မိတော့ပါဘူး။

ဒါပေမယ့် ရင်ထဲမှာတော့ ပေါ့ပါးသွားသလိုရှိသား။ အမူးလည်း နည်းနည်းပြေသွားသလိုပဲ။

***

[redacted]



၆ နက်နိုးကတည်းက ခေါင်းတွေ ကိုက်နေတာ ထလို့တောင် မရဘူး။ တစ်ကိုယ်လုံးလည်း ချွေးစီးတွေပြန်ပြီး ခန္ဓာကိုယ်အတွင်းထဲမှာက ချမ်းစိမ့်စိမ့်ဖြစ်နေတယ်။ ဒီလို ခံစားချက်တွေဖြစ်ပြီဆိုကတည်းက အရက်နာကျပြီဆိုတာ ကျွန်တော် သိလိုက်တယ်။

ကျွန်တော် အိပ်ရာပေါ်က ကုန်းရုန်းထလိုက်တယ်။ ပြီးတော့ ရေခဲသေတ္တာဆီကို အားယူပြီး လှမ်းသွားလိုက်တယ်။ နောက်တော့ အေးစက်နေတဲ့ ရေတစ်ဗူးထုတ်ပြီး အားရပါးရ မော့သောက်ပစ်လိုက်တယ်။ အေးစက်နေတဲ့ ရေရဲ့ အထိအတွေ့ကြောင့် စိတ်ထဲမှာ ကြည်လင်သွားသလိုရှိပေမယ့် ခန္ဓာကိုယ်က ပိုပြီး ချမ်းလာသလို ခံစားလိုက်ရတယ်။ မဖြစ်ချေတော့ဘူး။ ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားလိုက်တော့ ဘလက်ကော်ဖီတစ်ခွက်ကို သံပရာသီးစိတ်ကလေး ညှစ်ပြီး

[redacted]

www.burmeseclassic.com



သောက်လိုက်ရရင် ကောင်းမှာပဲလို့ တွေးလိုက်ပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကိုသွားဖို့ စဉ်းစားလိုက်ပါတယ်။ အဲ့ဒါနဲ့ သွားတိုက်၊ မျက်နှာသစ်ပြီး လမ်းထိပ်က ကိုခင်ဇော်တို့ ဆိုင်ကို ထွက်လာလိုက်တယ်။ ဆိုင်ရောက်တော့ ဟိုနှစ်ယောက်ကတောင် ကျွန်တော့်ထက်စောပြီး ကြိုရောက်နေကြသေးတယ်။ နှစ်ကောင်စလုံးလည်း မျက်နှာတွေ ရှုံ့မဲ့လို့။ ကျွန်တော့်လိုပဲ မနေ့ညက ဒဏ်တွေ ခံနေရပြီဆိုတာ သိလိုက်တယ်။ ဘူကြီးက ကျွန်တော့်ကိုတွေ့တော့ . . .

"မခံနိုင်တော့ဘူးကွာ၊ မခံနိုင်တော့လို့ ထွက်လာတာ"

"ငါလည်း ခေါင်းတွေ ကိုက်တာ သေတော့မယ်ကွ၊ ရင်ထဲမှာလည်း တုန်ပြီး ချမ်းနေတယ်"

"အရက်ဆိုတာ အဲ့ဒါပဲကွ၊ သောက်တုန်းကတော့ ဘာမှမဖြစ်ဘူး၊ နောက်နေ့လည်းရောက်ရော နောင်တရနေတတ်တယ်"

ကိုခင်ဇော်က ဝင်ပြောလိုက်တာပါ။ သူက ဟိုနှစ်ကောင် မှာထားတဲ့ ဘလက်ကော်ဖီတွေ လာချပေးရင်း ပြောလိုက်တာ။ ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီး . . .

"မင်းလည်း ဘလက်ပဲမလား"

"ဒါပဲပေါ့ဗျာ"

ကိုခင်ဇော် ပြန်ထွက်သွားတယ်။ ဂျစ်တူးက သံပရာသီး တစိတ်ကို ညှစ်ပြီး ဘလက်ကော်ဖီကို အူကြောင်ကြောင်နဲ့ ထိုင်ကြည့်နေတယ်။ ကျွန်တော်က ဂျစ်တူးကို ကြည့်ပြီး . . .

"ဟေ့ကောင် သောက်လေ၊ ဘာကြည့်နေတာလဲ"

ဒီကောင် ကျွန်တော့်ကို မော့ကြည့်ပြီး ခေါင်းခါပြတယ်။ ပြီးတော့

"ငါက ဘလက်မကြိုက်ဘူးကွ၊ ဒီကောင်က အဲ့ဒါသောက်မှ





ရတယ်ဆိုလို့"

"ဟုတ်တယ်လေ၊ ဒီအချိန်မှာ အကောင်းဆုံးက ဘလက်ကော်ဖီပဲ၊ ဘာလဲ မင်းက ဒါမသောက်ဘဲ ဘာသောက်ချင်လို့လဲ"

ဂျစ်တူးက ဘာမှမပြောဘဲ ခွက်ကိုယူပြီး တစ်ငုံ ငုံတယ်။ ပြီးတော့ မျက်နှာကြီး ရှုံ့မဲ့သွားပြီး . . .

"ခါးချဉ်ချဉ်ကြီးကွာ၊ အဲ့ဒါကို မကြိုက်တာ"

အဲ့ဒီအချိန်မှာ ကိုခင်ဇော် ရောက်လာတယ်။ ကျွန်တော့်အတွက် ဘလက်ကော်ဖီ ချပေးပြီး . . .

"မကြိုက်လည်း သောက် ငါ့ညီ၊ ဒါမှမသောက်ချင်ရင်တော့ ဖြေလို့ရတဲ့နည်း တစ်နည်းပဲရှိတယ်၊ အဲ့ဒါက အမြန်ဆုံးပဲ"

"ဘာလဲ"

"နှစ်ပက်လောက် သွားကစ်လိုက်၊ မိနစ်ပိုင်းအတွင်း ပုံမှန်ပြန်ဖြစ်သွားမယ်"

"တော်ပါဗျာ၊ အရက်ဆို စာလုံးပေါင်းတောင် မကြည့်ချင်တော့ဘူး"

"ဒါဆို အဲ့ဒါပဲသောက်"

ဂျစ်တူးက ခွက်ကို ကောက်ကိုင်လိုက်တယ်။ ပြီးတော့ ရှုံ့ရှုံ့မဲ့မဲ့နဲ့ ကော်ဖီကို မှုတ်သောက်နေလိုက်တယ်။ ကျွန်တော်လည်း ကော်ဖီထဲ သံပရာသီးလေးညှစ်ပြီး ဇိမ်နဲ့ ဆွဲဖို့အလုပ် . . .

"သူပဲ အန်တီလေး၊ သူ . . သူ"

"ဘယ်မှာလဲ၊ ဩော် အေး ဒီမှာ သူငယ်၊ မင်း ဒီလိုလုပ်ဖို့တော့ မကောင်းပါဘူး၊ မင်းတို့က အဲ့ဒီလိုလုပ်တော့ ငါတို့ကလည်း အခုပဲ မင်းတို့ဆိုင်ကို သွားပြီး ပြောမလို့ ထွက်လာတာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မဗျာနဲ့လေ၊ မင်းတို့ အဲ့ဒီလို လှလည်ကျတာတော့ ဘယ်ကောင်းပါ့မလဲ"

ကျွန်တော့်နောက်ကို မိန်းမကြီးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ရောက်လာတာပါ။ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း တော်တော်လေးကို ကြောင်သွားတာ။ ကောင်မလေးကို တစ်လှည့် မိန်းမကြီးကို တစ်လှည့် ကြည့်လိုက်တယ်။ ပြီးတော့ မိန်းမကြီးလက်ထဲမှာ ကိုင်ထားတဲ့ အရာကို မြင်လိုက်တော့ ကျွန်တော့်ရင်မှာ ဒိန်းခနဲဖြစ်သွားတယ်။ ဟိုနှစ်ကောင်လည်း တော်တော်မျက်နှာပျက်သွားကြတယ်။ မိန်းမကြီးလက်ထဲမှာက 'ကြေးစည်ကြီး'။

မိန်းမကြီးက ကြေးစည်ကြီးကို မြှောက်ပြပြီး . . .

"ဒီလို အဟောင်းမျိုးကို လိုချင်မှဖြင့် ငါတို့အိမ်မှာရှိတဲ့ ကြေးစည်ကိုပဲ သုံးတော့မှာပေါ့၊ ဘာဖြစ်လို့ အသစ်ထပ်ဝယ်ရမှာလဲကွဲ့၊ ငါ့တူမက မသိလို့ ယူထားလိုက်တာ၊ မင်းတို့ ကြေးစည်က အဟောင်းကြီးဆိုတာ ငါတို့က လူကြီးတွေဆိုတော့ မြင်ကတည်းက သိတယ်"

ကျွန်တော် ဟိုနှစ်ကောင်ကို အကဲခတ်သလို ကြည့်လိုက်တယ်။ ဟိုနှစ်ကောင်လည်း ပါးစပ်ကလေးတွေဟပြီး မျက်လုံးလေးတွေ ကလယ်ကလယ်နဲ့ ဖြစ်နေကြတယ်။

"ပြောလေ၊ ဒါဘယ်လိုလုပ်ပေးမှာလဲ၊ ဒါဘယ်လိုလုပ်မှာလဲပြော"

"မ . . မ . . မသိဘူးဗျ"

"ဘာ . . ဘယ်လိုပြောလိုက်တယ်၊ မသိဘူး ဟုတ်လား၊ အေး မင်းတို့မသိရင်လည်း သိတဲ့လူဆီ ငါတို့က သွားရမှာပေါ့၊ အခုပဲ မင်းတို့ဆိုင်ကိုသွားပြီး ဒီကိစ္စ သွားပြောမယ်"



မိန်းမကြီးက ထိုသို့ပြောပြီး ဆိုင်ထဲက ထွက်ချသွားတယ်။ကောင်မလေးကလည်း ကျွန်တော်တို့ကို မျက်စောင်းထိုးပြီး သူ့အဒေါ်နောက်က လိုက်သွားတယ်။ ကျွန်တော် ကြောင်ငေးပြီး ကြည့်နေစဉ်မှာပဲ. .

"ဝင်းခန့် . . ဝင်းခန့် ဘယ်လိုလုပ်မလဲ၊ ပြဿနာတော့ တက်ပြီ"

"ငါလည်း ဘယ်သိမလဲကွ"

"ဟော့ကောင် မသိလို့ မရဘူးလေကွာ၊ မြန်မြန်လိုက်ရမှာပေါ့၊ ကြည့်ရတာ သူ့ကို့က ကြေးစည်တစ်လုံး အသစ်မှာထားပုံရတယ်ကွ၊ အဲ့ဒါကြောင့် ဟိုနေ့က မင်းလက်ထဲက ကြေးစည်ကို သူတို့မှာထားတဲ့ ကြေးစည်လာပို့တယ်ထင်ပြီး ယူထားလိုက်တာဖြစ်မယ်"

"အဲ့ဒါဆို ဘယ်လိုလုပ်ကြမလဲကွာ၊ ဘယ်လိုလုပ်ကြမလဲ"

ဘူကြီးက ထအော်တယ်။ သူက အားလုံးထဲမှာ အတုန်လှုပ်ဆုံးပဲ။ ဒီကြေးစည်ကြီးကလည်း သူ့အိမ်ကဟာကြီးဖြစ်နေတော့ ပြဿနာဖြစ်ရင် သူသေပြီပဲ။

ကျွန်တော်တို့ ခဏလောက် ငေါင်နေပြီးမှ သုံးယောက်လုံး ပြိုင်တူထရုပ်လိုက်တယ်။ ဒီတူအရီးနှစ်ယောက်နောက်ကို အမြန်ဆုံးလိုက်မှဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်လို့ပါ။

"ကိုခင်ဇော် ပြန်လာမှ ရှင်းမယ်ဗျာ၊ ဒီမှာ ကျွိုင်တွေ တက်ကုန်ပြီ၊ ကျွန်တော်တို့ လစ်လိုက်ဦးမယ်"

ကိုခင်ဇော်က လက်ဖက်ရည်ဖျော်နေရင်း 'သွား သွား' ဆိုပြီး လှမ်းအော်တယ်။ ကျွန်တော်တို့လည်း ဇောင်းက လွှတ်တဲ့ မြင်းတွေလို လက်ဖက်ရည်ဆိုင်ထဲက ပြေးထွက်လာခဲ့လိုက်တော့တယ်။

✵✵✵

www.burmeseclassic.com

www.burmeseclassic.com



**ခေါင်း**ကလည်း ကိုက်၊ အရက်နာကလည်း ကျနေရတဲ့ ကြားထဲ ဒီတူအရီးနှစ်ယောက်နောက်ကို ပြေးလိုက်ရတာ ချွေးတွေတောင် ဒီးဒီးကျတယ်။ သူတို့ကို မှီသွားတော့ ဘယ်သူမှ စကားမပြောနိုင်သေးဘူး။ လူတွေက အသက်ကို လုရှူရင်း အမောအရင်ဖြေရသေးတယ်။ ပြီးတော့မှ . . .

"အန်တီကြီးရယ် . . ညီမကြီးရယ် . . ဟုတ်ပါဘူး၊ ညီမလေးရယ် . . ခဏ . . ဟူး . . ခဏနေပါဦးဗျာ"

"ဘာလဲ နင်တို့နဲ့ငါ ပြောစရာမရှိတော့ဘူး"

"ရှိ . . ရှိပါတယ်ဗျာ၊ ခဏ . . ခဏလေးပါ"

"ရှိတယ်ဆိုရင်လည်း ဆိုင်ကိုလိုက်ခဲ့၊ ဆိုင်ရောက်မှ နင်တို့ ပိုင်ရှင်တွေနဲ့ စကားပြောမယ်"



"အဲ့ဒီလိုမလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ကလည်း ဘယ်ဆိုင်ကမှ မဟုတ်ပါဘူး၊ ဒီကြေးစည်က ကျွန်တော်တို့ဟာပါ၊ ဆိုင်က ပစ္စည်း မဟုတ်ပါဘူး"

"ဘယ်လို . . ဒါ နင်တို့ပစ္စည်း ဟုတ်လား"

"ဟုတ် . . ဟုတ်ပါတယ်၊ ကျွန်တော်တို့ဟာပါ၊ အဲ့ဒီနေ့က ဒီက ညီမလေးက . . ."

"ဪ ဒါဆို နင်တို့က ဒီပစ္စည်းကို ငါတို့ဆီ လာရောင်းတာပေါ့ ဟုတ်လား"

ဇာတ်လမ်းက နည်းနည်းရှုပ်သွားတယ်။ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ကြေးစည်ကို လာရောင်းတာ မဟုတ်ပါဘူးလို့ ပြောရင်လည်း ဘာဖြစ်လို့ လာပေးတာလဲဆိုရင် ဖြေရခက်ပြန်ပြီ။

အဲ့ဒီအချိန်မှာပဲ အဲ့ဒီပြဿနာကို ထပ်ရှုပ်မယ့် လူတစ်ယောက် ရောက်လာပါတယ်။ သူလုပ်မှ အားလုံးငါးပါးတွေတွေ မှောက်တော့တာပဲ။

"ဟယ် ဒေါ်စောကြည် . . ဒေါ်စောကြည် ဘာလုပ်နေတာလဲ၊ ဈေးသွားမလို့လား . . အဲ . ."

ကြေးစည်ကြီးကို တွေ့ပြီး မလွန်းတင်ကြီး စကားပြောရပ်သွားတယ်။ ပြီးတော့ မလွန်းတင်ကြီးက ကြေးစည်ကြီးကို သေသေချာချာ ကြည့်တယ်။ သူ့လက်ထဲမှာ နာရီပေါင်းများစွာ နေခဲ့တဲ့ ပစ္စည်းဆိုတော့ မှတ်မိသွားတယ်။

မလွန်းတင်ကြီးကို မြင်လိုက်ကတည်းက ကျွန်တော်တို့ မျက်နှာတွေမှာ သွေးမရှိတော့ပါဘူး။ ဘူကြီးဆို နှုတ်ခမ်းပါ ဖြူတက်လာတယ်။ ကြောက်လွန်းအားကြီးလွန်းလို့ မကြီးလွန်းလို့ ခေါ်လိုက်တာကြောင့်မှ

www.burmeseclassic.com

www.burmeseclassic.com



မကြီးဂျွန်းတွေ ဘာတွေ ဖြစ်သွားတယ်။

မလွန်းတင်ကြီးက ကြေးစည်ကြီးကို ကြည့်ပြီး . . .

"ဒေါ်စောကြည် ဒါ . . ဒါက ဘာလုပ်ဖို့လဲ"

ဒေါ်စောကြည်ဆိုတဲ့ မိန်းမကြီးက ကြေးစည်ကြီးကို တစ်လှည့် သူတို့ကို တစ်လှည့်ကြည့်ပြီး . . .

"ဘာလုပ်ရမှာလဲ မလွန်းရယ်၊ ကျွန်မတို့က အိမ်အတွက် ကြေးစည်တစ်လုံး မှာထားတာ၊ အဲ့ဒါ ဟိုနေ့က အိမ်ကို လာပို့ပေးမယ်လို့ ဆိုင်က ပြောထားတယ်၊ လာပို့တော့ ဒီကြေးစည်ကြီး ဖြစ်နေတယ်လေ၊ လာပို့တာကလည်း ဒီကောင်လေး လာပို့သွားတာလေ၊ အခု အဟောင်းကြီး လာပို့ရသလားဆိုပြီး ဆိုင်ကို သွားပြောမလို့လုပ်တော့ ဒီကောင်လေးတွေက သူတို့ဟာဆိုပြီး အတင်းလိုက်တားနေတယ်"

မလွန်းတင်ကြီးက ထိုမိန်းမကြီးကို ကြည့်ပြီး . . .

"ခဏ . . ခဏ ကျွန်မကို ခဏပြစမ်းပါ"

ထိုမိန်းမကြီးက မလွန်းတင်ဆီ ကြေးစည်ကို ထိုးပေးလိုက်တယ်။ မလွန်းတင်က ကြေးစည်ကြီးကို ကြည့်ပြီး . . .

"အစစ်ပါ၊ တကယ့်အစစ် အစစ် . . ဒီကြေးစည်မှ ဒီကြေးစည် အစစ်ပါပဲ၊ ဝင်းခန့် နင်တို့ ဒါ ဘာလုပ်တာလဲ"

ကျွန်တော်လည်း စိတ်တော်တော် ညစ်သွားတယ်။ အမှန်အတိုင်း ပြောရရင် ဘယ်လိုဖြေရှင်းရမှန်းမသိဘူး ဖြစ်သွားတာပါ။ ဒါကြောင့် ဘာမှပြန်မပြောသေးဘဲ ခေါင်းကုတ်လိုက် ဖင်ကုတ်လိုက်လုပ်နေရတယ်။

ဟုတ်တယ်လေ။ ဒီကြေးစည်နဲ့ပတ်သက်ပြီး ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို ရှင်းပြလို့လည်းမရဘူး။ ရှင်းပြလိုက်ရင်လည်း အားလုံးပြဿနာ



တွေ တက်ကုန်တော့မှာ။ အဲ့ဒီပြဿနာကိုလည်း ကျွန်တော်ကပဲ စခဲ့တာဆိုတော့ ပြဿနာရဲ့အစကို မီးခိုးကြွက်လျှောက်လိုက်ရင် ပေါ်သွားမှာ သေချာတယ်။ ဒါကြောင့် ကျွန်တော် ဘာပြောရမှန်းမသိ ဖြစ်သွားတာ။

ဒေါ်စောကြည်ဆိုတဲ့ မိန်းမက မလွန်းတင်ကြီးကို နားမလည်နိုင်အောင် ကြည့်ပြီး . . .

"မလွန်းက ဒီကြေးစည်ကို သိတယ်ဟုတ်လား"

"သိတာပေါ့၊ သိရုံတင်ဘယ်ကမလဲ၊ သူတို့ကို ကျွန်မကပဲ ဒီကြေးစည်ကို ပေးလိုက်တာ"

"ဟင် ဘာလုပ်ဖို့လဲ"

"ဓမ္မာရုံမှာ သွားထားဖို့လေ၊ ကျွန်မက ဒီကြေးစည်ကို ဓမ္မာရုံကို လှူထားတာ"

"ဟယ်တော့ ဒါဆို ဒီကောင်တွေ ဓမ္မာရုံက ပစ္စည်းကို လာရောင်းတာပေါ့ ဟုတ်လား"

"ဟာ မဟုတ်ပါဘူးဗျာ၊ ဘာကိစ္စ ကျွန်တော်တို့က လာရောင်းရမှာလဲဗျ၊ ရောင်းတယ်ဆို အဲ့ဒီနေ့က ကျွန်တော်တို့ ပိုက်ဆံ တောင်းသွားမှာပေါ့၊ ကျွန်တော်တို့ ဘာမှ တောင်းမသွားတာ"

"ဒါကတော့ တစ်စုံတစ်ခု အကြောင်းရှိလို့ နင်တို့ တောင်းချိန်မရဘဲ ပြန်သွားတာနေမှာပေါ့ဟဲ့"

"ဒီမှာ အန်တီ၊ အန်တီ စကားကို ကြည့်ပြောပါဗျ၊ ကျွန်တော်တို့က ဘုရားပစ္စည်း၊ တရားပစ္စည်းကို ခိုးရောင်းရလောက်အောင် အောက်တန်းကျတဲ့လူတွေ မဟုတ်ပါဘူး၊ ပြီးတော့ ကျွန်တော်တို့ဆို

www.burmeseclassic.com

www.burmeseclassic.com



တာကလည်း ဒီရပ်ကွက်ထဲမှာ မွေးကတည်းက နေလာကြတဲ့လူတွေပါ၊ မိကောင်းဖခင် သားသမီးတွေပါ"

ကျွန်တော် ဒေါသနဲ့ ပြောလိုက်တဲ့လေသံကြောင့် မိန်းမကြီး ငြိမ်ကျသွားတယ်။ ပြီးတော့ မလွန်းတင်ကြီးကို ကြည့်တယ်။ ကျွန်တော် ဒေါသထွက်သွားမှန်းသိတော့ မလွန်းတင်ကြီးလည်း မျက်နှာတော်တော်ပျော့သွားတယ်။ ကျွန်တော်ကလည်း သိက္ခာတရားကို အသားလွတ်ကြီး အစော်ကားခံလိုက်ရတော့ တော်တော်ဒေါသထွက်သွားတာပါ။ ကျွန်တော့်နေရာမှာ ဘယ်သူမဆို ဒီလိုပဲ ခံစားရလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

"ကဲ ဒါတွေ ထားလိုက်ပါတော့၊ ဒေါ်စောကြည်ကိုလည်း ကျွန်မတောင်းပန်ပါတယ်၊ ဒီကြေးစည်ကို ကျွန်မက ဓမ္မာရုံမှာ ထားခိုင်းလိုက်တာတော့ အမှန်ပါပဲ၊ ဒီကလေးတွေဆိုတာကလည်း ကျွန်မနဲ့ ငယ်ငယ်ကတည်းက သိလာကြတဲ့သူတွေပါ၊ သူတို့မိဘတွေနဲ့လည်း သိပါတယ်၊ ဒါပေမယ့် ဘယ်ကဘယ်လိုဖြစ်ပြီး ဒေါ်စောကြည်တို့အိမ် ရောက်သွားလည်းဆိုတာပဲ မသိတာ"

"ကျွန်မ တူမလေးကို ပေးသွားတာတဲ့"

"ဟုတ်တယ်၊ သူက သမီးကို ပေးသွားတာ"

ကောင်မလေးက ဝင်ပြောတယ်။

"ကျွန်တော် ခင်ဗျားကို မပေးပါဘူး၊ ခင်ဗျားဟာ ခင်ဗျား လိုလိုချင်ချင် ယူသွားတာ"

"ဒါက ရှင်ကမှ ဘာမှမပြောတာ၊ ကျွန်မက ကြေးစည်လာပို့တဲ့လူလို့ ထင်တာပေါ့"



ကျွန်တော်နဲ့ ကောင်မလေး စကားပြောနေတာကို မလွန်းတင်ကြီးက နားမလည်နိုင်သလို ကြည့်ပြီး . . .

"နေပါဦး၊ သမီးနဲ့ သူနဲ့က ဘယ်မှာတွေ့တာလဲ"

"သမီးတို့ခြံဝမှာ"

"ဟင် ခြံဝမှာ ဟုတ်လား၊ ဒါဆို မင်းက ဓမ္မာရုံကို သွားရမယ့်အစား သူတို့ခြံကို ဘာသွားလုပ်တာလဲ"

ကျွန်တော် အကြံထုတ်ရပြီ။ ဘယ်လိုပြန်ပြောရမလဲဆိုတာ ခဏချင်းပဲ ဦးနှောက်ကို ဂျောင်းဂျောင်းပြေးအောင် အလုပ်ပေးရတော့တယ်။ ကျွန်တော့်ဆီက အဖြေစကားကို မလွန်းတင်ကြီးအပြင် ဘူကြီးနဲ့ ဂျစ်တူးတို့ပါ စိတ်ဝင်စားနေကြတယ်။ ဘူကြီးဆို သူ့ရဲ့ ရင်ခုန်သံကို ကျွန်တော်တောင် အတိုင်းသား ကြားနေရတယ်။ ကျွန်တော့်အဖြေပေါ်မှာ သူ့ဘဝကြီးက လုံးဝမူတည်နေပြီ။ ဒါ့ကြောင့် သေဒဏ်ပေးခံရတော့မယ့် ရာဇဝတ်ကောင်တစ်ယောက်က ဘုရင်ကြီးကို ကြည့်တဲ့ မျက်နှာထားမျိုးနဲ့ ကျွန်တော့်ကို ကြည့်နေတယ်။

ကျွန်တော် အကြံတစ်ခု ရသွားတယ်။ အဲ့ဒီအကြံကို ရသွားတယ်ဆိုရင်ပဲ ဆုံးဖြတ်ချက်ကို ပြတ်သားစွာ ချပစ်လိုက်တယ်။

အဲ့ဒီနောက် . . .

"ကိုကျော်ကြီးကို ကြောက်လို့ ထွက်ပြေးလာတာ"

"ဘာရယ်"

ကိုကျော်ကြီး အသံကြားတော့ မလွန်းတင်ကြီး အမူအရာ တစ်ချက် ပျက်သွားတယ်။ မရိုးမရွဖြစ်သွားတဲ့ အမူအရာပါ။

"သူ . . သူနဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ . . သူက ကျွန်တော်တို့ ကြေးစည်ကြီး ယူလာတာလည်း တွေ့ရော ဘယ်ကဟာကြီးလဲလို့ မေးတယ်၊ အဲဒီတော့ ကျွန်တော်တို့ ကလည်း မကြီးလွန်း ပေးလိုက်တာလို့ အမှန်အတိုင်း ပြောလိုက်တာ ပေါ့၊ အဲဒီလိုလည်း ပြောလိုက်ရော မကြီးလွန်းပစ္စည်းက သူ့ပစ္စည်းပဲ ဆိုပြီး အတင်းလိုက်လုတော့တာပဲ"

"ဟယ်တော့"

ရှက်လည်းရှက်သွားတယ်။ ကျေလည်း ကျေနပ်သွားတဲ့ ပုံစံကြီး ထင်းထင်းကြီး ပေါ်လာတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်ကတော့ ကိုက်သွား ပြီလို့ ကျွန်တော် တွက်လိုက်တယ်။ ဒါနဲ့ပဲ . . .

"ဟုတ်တယ်၊ အဲဒါကြောင့် လမ်းထိပ်ဘက်ထွက်ပြေးလာရင်း ဒီညီမလေးခြံရှေ့မှာ ကြေးစည်ကြီးကို ဖွက်မလို့လုပ်တာ၊ အဲဒါ သူ ထွက်လာတာနဲ့ကြုံပြီး ခုနလို အဖြစ်အပျက်တွေ ဖြစ်သွားတာပဲ၊ ကျွန် တော့်မှာလည်း ရှင်းပြဖို့ အချိန်မရှိတာနဲ့ ကြေးစည်ကြီးကို သူ့ဆီပေး ပြီး အမြန်ထွက်ခဲ့ရတာပါ၊ မကြီးလွန်းလည်း သိတယ်မလား ကိုကျော် ကြီးက . . ."

'အို . . အဲဒါတွေ မပြောပါနဲ့၊ ဒီကျော်ကြီးနဲ့ကတော့ ခက်တယ်"

အပျိုကြီးက ရှက်သွေးတွေ ဖြာပြီး မျက်လုံးကလေး ပေကလပ်၊ ပေကလပ်ဖြစ်သွားတယ်။ ဒေါ်စောကြည်က မလွန်းတင်ကြီးကိုကြည့်ပြီး

"ကိုကျော်ကြီးဆိုတာ ဘယ်သူလဲကွဲ့"

"အို ဘယ်သူမှ မဟုတ်ပါဘူး ဒေါ်စောကြည်ရယ်၊ ဒီလိုပါပဲ ခစ် . . ခစ် . . ကဲ ဒါဆို ဒီကမောင်လေးတွေမှာ ဘာအပြစ်မှ မရှိဘူး ဆိုတာ ကျွန်မ အာမခံတယ်သိလား၊ သူတို့က မိကောင်းဖခင်သား





သမီးလေးတွေပါ ဒေါ်စောကြည်ရယ်၊ ဒေါ်စောကြည်က မသိလို့ သူတို့က ရပ်ရေး ရွာရေး သာရေး နာရေးကိစ္စတွေဆို ရှေ့တန်းက အားတက်သရော ပါဝင်နေတဲ့ လူငယ်တွေ၊ အဟင်း ဟင်း . . ဒါပေ မယ့် လူငယ်ဆိုတော့ ကစ်ခါတလေ ဆိုးချင်တာလေးတွေ ရှိတာပေါ့ နော်၊ ဒါတွေကလည်း ခွင့်လွှတ်လို့ရတဲ့ ကိစ္စတွေပါ၊ ဟုတ်ဘူးလား"

"အင်း . . အဲ . . ဟုတ်ပါတယ်"

ဒေါ်စောကြည်က ယောင်အအနဲ့ ဖြေတယ်။ မလွန်းတင်ကြီးက သူ့လက်ထဲက ကြေးစည်ကြီးကို ကျွန်တော့်လက်ထဲ ပြန်ထည့်ပြီး . .

"ဝင်းခန့်"

"ဗျာ"

"ဒီကြေးစည်ကိုလေ ဓမ္မာရုံ မပို့နဲ့တော့ သိလား"

"ဒါ . . ဒါဆို ကျွန်တော်က ဘာလုပ်ရမှာလဲဟင်"

"အို . . လိုချင်တဲ့လူရှိရင် ပေးလိုက်ပေါ့ကွယ်"

"လိုချင်တဲ့လူ . . အဲ . . ဘယ်သူ . . အဲ . . ဟိုဟာ"

"ဟုတ်တယ်လေ၊ သူက လိုချင်တယ်ဆို၊ သူ့ကို ပေးလိုက်ပေါ့ ခစ် ခစ် ခစ်"

မလွန်းတင်ကြီးက ထိုသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့ တယ်။ လှည့်ထွက်သွားတဲ့ပုံကလည်း အပျိုဖြန်းလေး ဖလူးဖလူး ထသွားတဲ့ပုံစံမျိုးလေး။ သူ့ပုံစံကြီးနဲ့ဆိုတော့ မွေးမြူရေးငါးရံ့ကို ပြာ လူးလိုက်သလိုကြီး ဖြစ်သွားတာ။

သူ ထွက်သွားတော့ ဒေါ်စောကြည်နဲ့ ကောင်မလေးက ကြောင် တောင်တောင်ကြီး ကျန်ခဲ့တယ်။ သူတို့လည်း ကျွန်တော်တို့ကို ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာမရှိသလို၊ ကျွန်တော်တို့ကလည်း သူတို့ကို ဘာမှပြောစရာ မရှိတော့ဘူး ဖြစ်နေတယ်။ ခဏကြာမှ ဒေါ်စောကြည်က . . .

“ကဲ လာ ထွက်လာလက်စနဲ့တော့ မထူးပါဘူး၊ ငါတို့လည်း ကြေးစည်မှာထားတဲ့ဆိုင်ကို ဘာလို့လာမပို့သေးတာလဲဆိုတာ အကျိုးအကြောင်း သွားမေးရအောင်”

ကောင်မလေးက ခေါင်းညိတ်ပြတယ်။ ပြီးတော့ သူ့အဒေါ်နောက်ကို လိုက်သွားတယ်။ ခုန စွာတေးလန်နေတဲ့ ဟာလေးက အခုတော့ သူ မဟုတ်တော့သလိုပဲ။

ကျွန်တော်လည်း အမြင်ကတ်တာနဲ့ မျက်စိမှိတ်ပြီး လျှာထုတ်ပြလိုက်တယ်။ ကောင်မလေးက မျက်စောင်းထိုးပြီး ထွက်သွားလေရဲ့။

သူတို့ အဝေးရောက်သွားတော့မှ ဘူကြီးနဲ့ ဂျစ်တူးက သက်ပြင်းကိုယ်စီကို လွှတ်လွှတ်လပ်လပ် ချကြတယ်။ ပြီးတော့ ကျွန်တော့်ကိုလည်း ချီးကျူးစကားဆိုတယ်။

“ဝင်းခန့်ရဲ့ ရိုက်ချက်ဆိုတာ ဒါပဲကွ၊ တစ်ချက်ဆို တစ်ချက်ပဲ ပိုင်တယ်ကွာ”

ကျွန်တော် ပြုံးလိုက်တယ်။ ကိုကျော်ကြီးကိုတော့ သနားပါတယ်။ သူလည်း အခုချိန်လောက်ဆို ခလုတ်တွေ ဘာတွေ တိုက်မိနေလောက်ပါပြီ။

“ဒါကြီးကိုစွ ဘာဆက်လုပ်မလဲ”

ကျွန်တော်က ကြေးစည်ကြီးကို ကြည့်ပြီး . . .

“ဘူကြီး မင်း ပြန်ယူသွားကွာ”

“ဟာ မလုပ်စမ်းပါနဲ့ကွာ၊ ကြေးစည် ပြန်ရောက်လာလို့ ဘယ်က ပြန်ယူလာလဲဆိုပြီး စစ်ဆေးပြီး ထပ်ချနေမှ နှစ်ခါနာ ဖြစ်နေပါဦး





မယ်ကွာ”

“ဒါဆို ဒါကြီး ဘယ်လိုလုပ်မလဲ”

ဂျစ်တူးက ဝင်မေးပြန်တယ်။ ကျွန်တော်လည်း စိတ်ရှုပ်လာပြီး

“ကိုကျော်ကြီးပဲ သွားပေးလိုက်တာ ကောင်းပါတယ်ကွာ”

“ဖြစ်ပါ့မလားကွာ”

“ဘာလို့မဖြစ်ရမှာလဲ၊ သူ့ဆိုင်ထဲက ဘုရားစင်မှာ ကြေးစည်မရှိလို့ လိုချင်နေတာ ကြာပြီကွ၊ ငါတို့တောင် ကျေးဇူးတင်ဦးမှာကျိန်းသေတယ်”

“ဒါဆိုလည်း သွားပေးလိုက်ကွာ”

ဟု ဘူကြီးက ပြောလိုက်တယ်။ ဂျစ်တူးကလည်း ခေါင်းညိတ်ထောက်ခံလိုက်ပါတယ်။

***



www.burmeseclassic.com

www.burmeseclassic.com



ကို ကျော်ကြီးဆိုင်က ဘုရားစင်နဲ့ ကြေးစည်ကြီးက ပန်းရနေတယ်။ ကိုကျော်ကြီးက ကြေးစည်ကြီးကို ကြည့်ပြီး တော်တော်သဘော ကျနေတယ်။ ပြီးတော့ နှစ်ချက် သုံးချက် အစမ်း ထုကြည့်ပြီး . . .

"ကောင်းတယ်ကွာ . . ကောင်းတယ်၊ ကြေးစည်ဆိုတာ ဒီလိုမျိုးမှကွ၊ အသံကိုဝေပြီး ကျန်ခဲ့ရမှာ"

"သိတယ်လေ၊ သိလို့လည်း ကိုကျော်ကြီးအတွက် ကျွန်တော်တို့က ယူခဲ့တာပေါ့"

ကိုကျော်ကြီးက ပြုံးပြုံး ပြုံးပြုံးနဲ့ ဘုရားစင်မှာ ချိတ်ထားတဲ့ ကြေးစည်ကြီးကို ကျေကျေနပ်နပ်ကြီး ကြည့်တယ်။ ပြီးတော့ ကျွန်

[redacted]



တော်တို့ဘက် လှည့်ပြီး . . .

"ဒါဘယ်ကယူလာတာလဲ"

"အဲ့"

ကျွန်တော်တို့က ဘာဖြေရမှန်းမသိတာနဲ့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ အဲ့ဒီအချိန်မှာ ဂျစ်တူးက ဝင်ပြီး

"ကျွန်တော့်ဦးလေးဆီက ယူလာတာဗျ၊ သူက အဲ့ဒီကြေးစည်ကြီးကို လိုချင်တဲ့လူရှိရင် ပေးလိုက်ပါလို့ ကျွန်တော့်ကို ပြောလိုက်လို့"

"ဒါနဲ့ မင်းက ငါ့ကို သတိရသွားရောဆိုပါတော့"

"ဒါပေါ့ဗျ"

"ဒါနဲ့ မင်းဦးလေးက ဒီလောက်ကောင်းတဲ့ ကြေးစည်ကြီးကို ဘာလို့ပေးရတာလဲ"

အရေးထဲ ကိုကျော်ကြီးက ရစ်နေသေးတယ်။ ဂျစ်တူးလည်း ညက်နီ ညက်နက်တွေ ထုတ်နေတာ တွေ့ရတယ်။ ဒါပေမယ့် ခဏပါပဲ။ သိတယ်မလား . . ဒီလိုလှည့်ရ ပတ်ရမယ်ဆို ကျွန်တော်တို့က နှစ်ယောက်မရှိတဲ့ကောင်တွေ။

"ဦးလေးက နေပြည်တော်ကို အလုပ်ကိစ္စနဲ့ ပြောင်းသွားပြီဗျ၊ အဲ့တော့ သူ့ကြေးစည်ကြီးကို သယ်မသွားချင်တာနဲ့ ကိုကျော်ကြီးလို ဘုရားနဲ့ တရားနဲ့နေတဲ့ လူရှိရင် ပေးလိုက်လို့ဆိုပြီး ပေးသွားတာပဲ"

ဒီတစ်ခါတော့ ဂျစ်တူးကို ကျွန်တော့်ရင်ထဲမှာ ကြိတ်ပြီး ချီးကျူးလိုက်တယ်။ ကိုကျော်ကြီးက သူ့ကို ဘုရား၊ တရားမြဲတဲ့ လူလို့ ပြောလိုက်တော့ တော်တော်ကြီး သဘောခွေ့သွားတယ်။ အဲ့ဒီအချိန်မှာ ခွေငှားတဲ့ လူနှစ်ယောက်လောက် ရောက်လာလို့ စကားပြတ်သွားကြ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခဏနေတော့ ကျွန်တော်တို့ ပြန်ဖို့လုပ်တယ်။ ကိုကျော်ကြီးက ငှားသွားတဲ့ ခွေတွေ စာရင်းမှတ်နေရင်းနဲ့ . . .

“နေဦးလေကွာ၊ လက်ဖက်ရည်လေး ဘာလေး သွားသောက်ရအောင်”

“ကိုကျော်ကြီးက ဆိုင်မှာ တစ်ယောက်တည်း၊ လိုက်လို့ရပါ့မလား”

“ရပါတယ်ကွ၊ ခဏပိတ်ခဲ့မှာပေါ့၊ နေ့လယ်ဘက်ဆိုတော့ ငှားတဲ့လူ သိပ်မများသေးပါဘူး၊ ကြေးစည်တစ်လုံးလုံး အလကားရတာ လက်ဖက်ရည်လေးတော့ တိုက်ပါရစေကွာ”

ပြောပြောဆိုဆိုနဲ့ ကိုကျော်ကြီးက ဆိုင်ပတ်ပြီး ကျွန်တော်တို့နဲ့ လမ်းထိပ်ထွက်လာခဲ့တယ်။ ဓမ္မာရုံရှေ့ကဖြတ်တော့ မလွန်းတင်ကြီးနဲ့ ကြေးစည်ကြီးအကြောင်း ကျွန်တော်တို့ အမှတ်ရမိသေးတယ်။ အဲ့ဒီလိုနဲ့ မလွန်းတင်ကြီး အိမ်ရှေ့ရောက်တော့ ကျွန်တော်တို့ ခြေလှမ်းတွေ တုန့်ခနဲ ဖြစ်သွားကြတယ်။

မလွန်းတင်ကြီးကို သူ့အိမ်ရှေ့မှာ ကတ်ကြေးကြီးတစ်လက်နဲ့ တွေ့လိုက်လို့ပါ။ ကြည့်ရတာ အိမ်ရှေ့မှာ စိုက်ထားတဲ့ ပန်းပင်တွေကို လိုက်ညှပ်နေပုံပဲ။ ခေါင်းမှာလည်း တုံကော်ပန်းတစ်ပွင့် ပန်ထားတာကို သတိထားမိလိုက်တယ်။ ပါးစပ်ကလည်း သီချင်းလေး တအေးအေးနဲ့။

“အသက်လေး . . လူတွေ မေးတယ် . . ဘယ်တော့များမှ စားရမှာလဲ . . ဟန်ဆောင်ရပြီ . . လူတွေမသိအောင် . . အပြုံးကလေးနဲ့ လိမ်ရပြီ”

“အယ်”

ကျွန်တော်တို့ သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်





ကြည့်လိုက်ကြတာပါ။ မလွန်းတင်ကြီးဆိုနေတာက အဆိုတော် ‘မိုးမိုး’ ရဲ့ ‘အသက်လေးဆယ်’ ဆိုတဲ့ သီချင်း။ သူ့ခန္ဓာကိုယ်ကလည်း ထိုသီချင်းရဲ့ အလိုက်အတိုင်း ယိမ်းလိုက် နွဲ့လိုက်နဲ့ . . .။

ဒီနေရာက လှည့်ပြန်ရင်ကောင်းမယ်လို့ တွက်လိုက်ချိန်မှာ . .

“ဟော့ကောင်တွေ မြန်မြန်လျှောက်စမ်းပါကွာ၊ နှေးတိနှေးကွေးနဲ့၊ ဘာဖြစ်နေတာလဲ”

ကိုကျော်ကြီးကတော့ ဘာမှသိတဲ့လူ မဟုတ်တော့ ကျွန်တော်တို့တွေ ခြေလှမ်းနှေးသွားတာကို ကြည့်ပြီး အားမလို အားမရဖြစ်သွားတာပါ။ အဲ့ဒီအချိန်မှာပဲ မလွန်းတင်ကြီးက ကိုကျော်ကြီးအသံ ကြားသွားတော့ ဖျတ်ခနဲ လှည့်ကြည့်တယ်။ ပြီးတော့ အံ့သြသွားဟန်နဲ့ မျက်လုံး တစ်ချက်ပြူးသွားပြီး ပါးစပ်ကလည်း တစ်စုံတစ်ခု ရေရွတ်လိုက်တယ်။

ကျွန်တော်တို့ကတော့ သဲသဲကွဲကွဲ မကြားလိုက်ပါဘူး။ ကိုကျော်ကြီးကတော့ မလွန်းတင်ကြီး အသံကြားပြီး လှည့်ကြည့်လိုက်တော့ သူတို့ချင်း မျက်ဝန်းဆုံကြတယ်။ ကိုကျော်ကြီးက မလွန်းတင်ကြီးကို တွေ့တော့ ပုံမှန်အတိုင်း နှုတ်ဆက်ပါတယ်။

“အစ်မ ဘာတွေလုပ်နေတာလဲဗျ”

မလွန်းတင်ကြီး ကျင်စက်နဲ့ တို့ထည့်လိုက်သလို တုန်ခနဲ ဖြစ်သွားပြီးမှ သတိဝင်သွားဟန်နှင့် . . .

“အဲ . . ဟိုဟာ . . ဒီဟာ . . ဘာရယ်မဟုတ်ပါဘူး”

“ဟဲ . . ဟဲ . . နေကောင်းတယ်မလား”

“အင်း . . ကောင်း . . ကောင်းပါတယ်၊ ဒါနဲ့ ဘယ်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ရည်ဆိုင်ကိုလေ၊ ဒီကောင်တွေကို လက်ဖက်ရည် လိုက်တိုက်မလို့"

မလွန်းတင်ကြီးက ကျွန်တော်တို့ဘက်ကို မျက်လုံးအဝိုင်းသားနဲ့ လှည့်ကြည့်တယ်။ ကျွန်တော်တို့လည်း ဘာလုပ်ရမှန်းမသိတာနဲ့ လက်မတွေ ထောင်ပြလိုက်တယ်။ မလွန်းတင်ကြီးက သူ့အဓိပ္ပာယ်နဲ့သူ ရှက်သွားတယ်။ ကျွန်တော်တို့က ကြေးစည်ကြီး ပေးလိုက်လို့ ကိုကျော်ကြီးက လက်ဖက်ရည်လိုက်တိုက်တဲ့ ပုံစံမျိုး ထင်သွားတာ။

ကိုကျော်ကြီးက ဘာမှမသိတဲ့လူဆိုတော့ မလွန်းတင်ကြီးကို နှုတ်ဆက်ပြီး ထွက်သွားတယ်။

"ကဲ သွားလိုက်ဦးမယ် အစ်မရေ ဒီက ကျေးဇူးရှင်လေးတွေကို လက်ဖက်ရည်လိုက်တိုက်လိုက်ဦးမယ်"

ကိုကျော်ကြီးရဲ့ ကျေးဇူးရှင်တွေဆိုတဲ့ စကားလည်းကြားရော မလွန်းတင်ကြီးလည်း တတ်ကြေးကြီးကို ဖျန်းခနဲ လွှတ်ချပြီး . . .

"အို . . ကိုကျော်ကြီးကလည်း၊ ဘာမှန်းလည်းမသိဘူး ပေါ်တင်ကြီး"

ဆိုပြီး ချာခနဲ လှည့်ပြေးသွားတာ။ ကိုကျော်ကြီးဆို ပါးစပ်ကြီး အဟောင်းသားနဲ့ မလွန်းတင်ကြီးကို ကြည့်ပြီး ကျန်ခဲ့တာ။ ပြီးတော့ ကျွန်တော်တို့ဘက် လှည့်ပြီး နားမလည်နိုင်တဲ့ မျက်လုံးတွေနဲ့ . . .

"ဒီမိန်းမကြီး ဘာဖြစ်သွားတာလဲ"

ကျွန်တော်တို့လည်း ကြာကြာဆက်နေရင် ပြဿနာတွေ ပိုရှုပ်သွားမှာစိုးတာနဲ့ . . .

"လာပါ ကိုကျော်ကြီးရာ၊ သူက ဒီလိုပဲ၊ တစ်ခါတစ်ခါ ကြောင်တတ်တယ်ဆိုတာ သိရဲ့သားနဲ့"





"သိတယ်လေ၊ ဒါပေမယ့် အခုဟာ ဘာမှလည်း မဆိုင်ဘူး၊ ပြီးတော့ ငါပြောလိုက်တဲ့ စကားထဲမှာ ဘာများအမှားပါသွားလို့လဲ"

"မပါပါဘူး"

"မပါရင် သူ့ပုံစံကြီးက ဘယ်လိုဖြစ်သွားတာလဲ"

"လာပါဗျာ၊ အပျိုကြီးဆိုတော့ သူ့ဘာသာသူ ဘာတွေဖြစ်နေမှန်းမှ မသိတာ"

"ရှုပ်နေတာပဲကွာ"

ကိုကျော်ကြီးက မကျေမနပ်နဲ့ ကျွန်တော်တို့ ဆွဲခေါ်ရာနောက် ပါလာပါတယ်။ ခပ်ဝေးဝေးကို ရောက်သွားတော့မှ ကျွန်တော်တို့ ဟင်းချမိပါတော့တယ်။

ဒါတောင် မလွန်းတင်ကြီးက သူ့အိမ် အပေါ်ထပ် ပြတင်းပေါက်က ကျွန်တော်တို့ကို ခိုးကြည့်နေတာကို ကျွန်တော် မြင်ဖြစ်အောင် မြင်လိုက်သေးတယ်။

ဇာတ်လမ်းက ဒီမှာတင် ပြီးသွားပါစေလို့ ကျွန်တော့်ရင်ထဲ တိတ်ပြီး ဆုတောင်းမိတာပါပဲ။

မပြီးလို့ကတော့ . . .။

***



www.burmeseclassic.com

www.burmeseclassic.com



## အိမ် တက်လုပ်ပြီး။

ကျွန်တော်တို့အိမ် အိမ်တက်လုပ်တာ မဟုတ်ပါဘူး။ လမ်းထိပ်က ဒေါက်တာ နေမင်းတို့အိမ် အိမ်တက်လုပ်တာပါ။ ဒေါက်တာနေမင်းဆိုတာကလည်း ဖြူသလား မည်းသလားတောင် ကျွန်တော် မသိပါဘူး။ ကျွန်တော့်အိမ်ကို ကျိုးမနိုးပွဲကိစ္စ လာတိုင်တုန်းကလည်း ကျွန်တော် အိမ်မှာမရှိလို့ မတွေ့လိုက်ရပါဘူး။ အမေပြောပုံအရ အဲ့ဒီအိမ်က မိန်းမကြီးတစ်ယောက်နဲ့ အိမ်ဖော်ကောင်မလေးတစ်ယောက် လာတိုင်သွားတယ်လို့ပဲ သိရပါတယ်။ ကျွန်တော့်အထင်တော့ ကျွန်တော်တို့နဲ့ ကြေးစည်ကိစ္စ ပြဿနာတက်တဲ့ မိန်းမကြီးပဲဖြစ်မယ်လို့ ထင်ပါတယ်။ အဲ့ဒီမိန်းမကြီးကလည်း ကျွန်တော့်ကို သိပုံမပေါ်ဘူး။ ကြေးစည်ကိစ္စနဲ့ပတ်သက်လို့ပဲ ကျွန်တော်တို့ တွေ့ဖူးကြတာ။

[redacted]



ဒီလိုနဲ့ အိမ်တက်လုပ်တဲ့နေ့မှာ တစ်ရပ်ကွက်လုံးမှာရှိတဲ့ လူတွေ သူတို့အိမ်ကို လာကြပါတယ်။ မြန်မာလူမျိုးတွေရဲ့ ထုံးစံအတိုင်း အိမ်တက်အလှူကို တစ်ရပ်ကွက်လုံး ဖိတ်ထားလို့ပါ။ အမေက အဲ့ဒီမနက်မှာ ကျွန်တော့်ကို ခေါ်တယ်။ အဖေက မအားလို့ အလှူကို သူနဲ့လိုက်ခဲ့ဖို့ ခေါ်တာပါ။ ကျွန်တော် အကြောက်အကန်ငြင်းတယ်။ ဒါပေမယ့် ကျွန်တော့်ငြင်းဆိုချက်တွေ မအောင်မြင်ဘူး။ အမေ့ရဲ့ တစ်ချက်လွှတ်အမိန့်အောက်မှာ ကျွန်တော် မလိုက်ချင် လိုက်ချင်နဲ့ လိုက်ရပါတော့တယ်။

"အမေကလည်းဗျာ တစ်ယောက်တည်း သွားရင်ပြီးရော၊ မလိုက်ချင်ပါဘူးဆို"

"မလိုက်လို့ရမလား၊ နင့်အဖေမှ မအားတာ"

"အဲ့ဒါကြောင့် တစ်ယောက်တည်း သွားပါလို့ ပြောတာပေါ့"

"လျှာမရှည်နဲ့၊ လိုက်ဆို လိုက်ခဲ့၊ နင်တို့တွေ ပေါက်ကရလုပ်တုန်းက လုပ်ပြီးတော့ ဘာအခုမှ ကြောက်နေတာလဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ကျိုးမနိုးပွဲတုန်းက နင်တို့ အပြစ်လုပ်ထားလို့ မလိုက်ရဲတာမလား"

"အဲ့ဒီကိစ္စ တောင်းပန်ပြီးပြီပဲဟာ"

"တောင်းပန်တာက တောင်းပန်တာပဲ၊ အဲ့ဒီလို နောက်မလုပ်ရဲအောင် နင့်ကို ပြထားရမယ်"

"ကျွတ် စိတ်ညစ်တယ်ဗျာ"

ကျွန်တော် စိတ်ပျက်လက်ပျက် ခေါင်းကုတ်လိုက်တယ်။ ပြီးတော့ အလှူကို အမေနဲ့ ထွက်လာခဲ့ရတယ်။ တစ်လမ်းလုံးလည်း ရင်တွေ ခုန်နေတာ ပြောမနေပါနဲ့တော့။ ကျိုးမနိုးပွဲညက သူတို့ဝိုင်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်ကို ပြင်ရေးသွားတာ ကျွန်တော်ဆိုတာများ သိသွားရင် ဘာပြောမလဲ။ ပြီးတော့ ကြေးစည်ကိစ္စဇာတ်လမ်းလေးကလည်း ရှိတော့ . . ။

ကျွန်တော် ဆက်မတွေးတော့။ ဖြစ်ချင်တာဖြစ်ဆိုပြီး သဘောပိုက်လိုက်ရတော့တာပါပဲ။ အလှူအိမ်လည်း ရောက်ရော ဟိုတစ်နေ့က မိန်းမကြီးနဲ့ ကောင်မလေးက အမေ့ကို ဖက်လဲတကင်း ကြိုဆိုပါတယ်။ အမေနဲ့တွဲပြီး ဝင်လာတဲ့ ကျွန်တော့်ကိုလည်း တွေ့ရော မိန်းမကြီးက အံ့ဩသလို တစ်ချက်ဖြစ်သွားတယ်။ အမေက ကျွန်တော့်ဘက်လှည့်ကြည့်ပြီး . .

“ဒါ သားတော်မောင်လေ၊ သူ့ကိုပါ ခေါ်စေကြည်တို့ မြင်ဖူးအောင် ခေါ်လာတာ၊ နောက်ဆို လမ်းတွေ့လည်း အမြင်မတော်တာ ရှိရင် ဆုံးမပါလို့”

မိန်းမကြီးက ‘ဩော်’ ဆိုပြီး ရေရွတ်သံတစ်ချက် ပြုတယ်။ ပြီးမှ

“စိတ်ချ စိတ်ချ၊ မမဝင်းက ဒီလို ယုံယုံကြည်ကြည် အပ်ပြီဆိုတော့လည်း ဆုံးမရတာပေါ့ ဟင်း ဟင်း ဟင်း”

ဆိုပြီး ရယ်တယ်။ အမေကလည်း ဘာမှန်းမသိ လိုက်ရယ်တယ်။ နောက်တော့ မိန်းမကြီးက ဦးဆောင်ပြီး အိမ်ထဲ ခေါ်သွားတယ်။ သူတို့အိမ်က ဧည့်ခန်းထဲမှာ စားပွဲဝိုင်းလေးတွေ ချထားတာ တွေ့ရတယ်။ စားပွဲဝိုင်းတစ်ဝိုင်းမှာ ဘူကြီးတို့ ထိုင်နေတာ တွေ့လိုက်ရတယ်။ ကျွန်တော် ဝင်လာတာလည်း တွေ့ရော ဘူကြီးက လက်လှမ်းပြတယ်။ ကျွန်တော်လည်း အမေ့ကို ခွင့်တောင်းပြီး ဒီကောင်တွေ ဝိုင်းကို လှမ်းသွားလိုက်တယ်။ အမေက ဘူကြီးနဲ့ ဂျစ်တူးတို့ အမေတွေ ထိုင်နေတဲ့ လူကြီးဝိုင်းဆီ လှမ်းသွားလိုက်တယ်။

ကျွန်တော် ဝိုင်းကို ဝင်ဝင်ချင်းပဲ ဘူကြီးက . . .

[redacted]



“ဘယ်လိုလဲ၊ အေးဆေးပဲလား”

“အေးဆေးပဲကွ၊ ဘာမှမပြောလို့ တော်သေးတယ်”

“ဟုတ်တယ်ကွ၊ ငါလည်း ရင်တထိတ်ထိတ်နဲ့ လိုက်တာရတာ၊ ကြေးစည်ကြီးကိစ္စ ပြောလိုက်ရင်တော့ သေပြီလို့ တွက်နေတာ၊ တော်သေးတယ် မပြောလို့”

“မင်းတို့က ဘာလို့လိုက်လာတာလဲ”

“မင်းကရော ဘာလို့လိုက်လာတာလဲ”

“ငါ့အဖေ အလုပ်ရှုပ်လို့တဲ့၊ အဖော်ရအောင်ဆိုပြီး ငါ့ကို ခေါ်လာတာ”

“ငါတို့လည်း ဒီအတိုင်းပဲ”

ဘူကြီးနဲ့ ဂျစ်တူးက ဝင်ပြောတယ်။ ကျွန်တော်က . . .

“တော်ကြာ ငါတို့ကို တန်အောင် လိုက်စားတယ်လို့ ထင်နေရင်ဒုက္ခ”

“ဒါတော့ ဘယ်တတ်နိုင်မလဲကွ၊ အမေတွေက အတင်းခေါ်လို့ ပါလာရတာပဲ”

ထိုအချိန်မှာ ကိုကျော်ကြီး ကျွန်တော်တို့ ဝိုင်းနား ရောက်လာတယ်။ ပြီးတော့ ကျွန်တော်တို့နား ဝင်ထိုင်ပြီး . . .

“တော်သေးတာပေါ့ကွာ၊ မင်းတို့ ရှိနေလို့၊ ငါ့တစ်ယောက်တည်း များလားလို့”

“တစ်ယောက်တည်းဆိုတော့ ဘာဖြစ်လဲဗျာ”

“အားငယ်တာပေါ့ကွ”

“ဒီခန္ဓာကိုယ်ကြီးကလား”

ကျွန်တော့်စကားကြောင့် အားလုံး ရယ်လိုက်ကြတယ်။ ခဏကြာတော့ ကျွန်တော်တို့ ဝိုင်းကို နန်းကြီးသုပ်ပန်းကန်တွေ ရောက်လာတယ်။ သူတို့အလှူမှာက နန်းကြီးသုပ် ကျွေးတာပါ။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အကြိုက်ဖြစ်နေတော့ သဘောကျသွားတယ်။

"ဒီဝိုင်းကို ဟင်းချိုပန်းကန် ဖြည့်ပေးဦးလေ၊ ဝင်းခန့်တို့ အားမနာနဲ့ စားကြနော် အဟဲ"

ကြားဖူးပါတယ်ဆိုပြီး မော့ကြည့်လိုက်တော့ မလွန်းတင်ကြီး။ သူ့ပုံစံကြီးက ဧည့်သည်လို မဟုတ်ဘဲ အိမ်ရှင်လို ပုံစံကြီးဖြစ်နေလို့။

"မကြီးလွန်းက ဧည့်ခံရေး လုပ်နေတာလားဗျ"

"ဟုတ်တယ်လေကွယ်၊ အစ်မနဲ့ ဒီအိမ်နဲ့က ဆွေလို မျိုးလိုဖြစ်နေတော့ ကိုယ်က ဧည့်သည်မဟုတ်တော့ဘူးလေ ဟင်း . . ဟင်း၊ သိတယ်မလား"

မလွန်းတင်ကြီးက ထိုသို့ပြောပြီး ကိုကျော်ကြီးကို ဖျတ်ခနဲ ကြည့်လိုက်တယ်။ ပြီးတော့ . . .

"ကျော်ကြီး စားနော်၊ လိုအပ်တာရှိရင် မမကိုပြော သိလား"

ကိုကျော်ကြီးက မော့ကြည့်ပြီး . . .

"ပြည့်စုံပါပြီ အစ်မရယ်၊ ပြည့်စုံပါတယ်"

မလွန်းတင်ကြီးက တခစ်ခစ်ရယ်တယ်။ ကိုကျော်ကြီးကို စကားပြောရင်း သူ့ကိုယ်သူ မမလို့ သုံးနှုန်းသွားတာကို သတိထားမိလိုက်တယ်။ ကျွန်တော့်လိုပဲ ဟိုကောင်တွေလည်း သတိထားမိလိုက်လို့ ကျွန်တော့်ကို စားပွဲအောက်က မသိမသာ လက်ကုတ်ကြတယ်။ ကျွန်တော်က ကွန်ခြေမပျက်စေနဲ့ဆိုတဲ့ ပုံစံမျိုး မျက်ရိပ်ပြလိုက်တော့ ဟိုကောင်တွေ ငြိမ်သွားတယ်။

ဒီလိုနဲ့ စားလို့ သောက်လို့ ပြီးသွားတော့ ပန်းကန်တွေ သိမ်းသွားပြီး အချိုပွဲတွေ ရောက်လာတယ်။ အချိုပွဲတွေကိုလည်း မလွန်းတင်ကြီးကပဲ ဦးဆောင်ပြီး လာချပေးတာပါ။ သူက အချိုပွဲတွေကို ကို



ကျော်ကြီးဘက် မသိမသာ တိုးပြီး ချပေးနေတာ တွေ့ရတယ်။ ပြီးတော့ ပါးစပ်ကလည်း . . .

"ဒါက ဆနွင်းမကင်းလေး၊ ဒါက ကျောက်ကျော၊ မမကိုယ်တိုင် လုပ်ထားတာလေ ဟင်း . . ဟင်း သိတယ်မလား၊ ကျော်ကြီး ကြိုက်မှာပါ စားကြည့်"

ကိုကျော်ကြီးက သူ့ကို တစ်ယောက်တည်း ကွက်ပြီး ဧည့်ခံနေလို့ အူကြောင်ကြောင်ကြီးဖြစ်ပြီး ခေါင်းတွေပဲ ညိတ်ပြနေတယ်။ မလွန်းတင်ကြီးကပဲ စေတနာတွေ ပိုပြီး . . .

"ဪ မေ့နေလိုက်တာ၊ ကျော်ကြီးက လက်ဖက်ရည် ကြိုက်တယ်မလား၊ အဲ့ဒါကြောင့် မမက လက်ဖက်ရည်တောင် ဖျော်ထားသေးတယ်၊ ဘယ်သူ့မှ တိုက်တာမဟုတ်ဘူးနော်၊ ကျော်ကြီးအတွက် ခစ် . . ခစ်"

ဆိုပြီး လက်ဖက်ရည်တစ်ခွက် သွားယူတယ်။ မလွန်းတင်ကြီး ထွက်သွားတော့ ကိုကျော်ကြီးက ခေါင်းကုတ်ပြီး . . .

"ဒီမိန်းမကြီး ဘယ်လိုဖြစ်နေတာလဲကွ၊ ငါ့အပေါ် စေတနာတွေ စွတ်ကောင်းနေပါလား"

ကျွန်တော်တို့က ကိုကျော်ကြီးစကားကို မသိချင်ယောင် ဆောင်နေလိုက်ကြတယ်။ ကိုကျော်ကြီးက ကျွန်တော်တို့ဘက် လှည့်ကြည့်ပြီး ထပ်ပြောတယ်။

"မင်းတို့ သိကြလား"

"ဘာကိုလဲ"

"ခုန ငါပြောတဲ့ဟာလေ"

"သိဘူးလေဗျာ၊ ကိုကျော်ကြီးကို ခင်လို့နေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရုတ်တရက်ကြီး ခင်သွားစရာ အကြောင်းမှမရှိတာ၊ အရင်က ဆို ငါ့ကို စကားတောင် သိပ်ပြောတာ မဟုတ်ဘူး"

ထိုအချိန်မှာ မလွန်းတင်ကြီး ရောက်လာလို့ စကားစ ပြတ်သွားကြတယ်။ မလွန်းတင်ကြီးနောက်မှာ အချိုပွဲ နှစ်ပွဲ ကိုင်ပြီး ပါလာတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ပြီး ကျွန်တော်တို့ အံ့သြသွားကြတယ်။

"မခိုင်"

သုံးယောက်လုံး ပြိုင်တူရေရွတ်လိုက်တာပါ။ အံ့သြလွန်းလို့ လွှတ်ခနဲ ထွက်သွားမိတဲ့အတွက် အသံက တော်တော်ကျယ်သွားတယ်။ ခိုင်ဇာကြီးက သူ့နာမည်ခေါ်သံကြားတော့ တစ်ချက် လှည့်ကြည့်ပြီး အံ့သြသွားတယ်။ ပြီးတော့မှ 'မင်းတို့က ဒီမှာ' လို့ ရေရွတ်လိုက်တယ်။

"ဟုတ်တယ် မခိုင်၊ ကျွန်တော်တို့က ဒီမှာနေတာလေ၊ ဒီရပ်ကွက်မှာ"

"ဪ"

"ဒါနဲ့ မခိုင်က . ."

ခိုင်ဇာကြီးက တစ်ချက်ပြုံးလိုက်ပြီး . . .

"ဒါ မခိုင်ရဲ့ ဦးလေးအိမ်လေ"

"ဟာ ဟုတ်လား"

"အင်း ဟုတ်တယ်၊ ဒါနဲ့ မခိုင်ညီမနဲ့ မင်းတို့က သိကြလား"

ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ နောက်တော့ ဘူကြီးက ထပြီး . . .

"သိပ်အခင်ကြီးတော့ မဟုတ်ပါဘူး မခိုင်ရယ်၊ ဒီရပ်ကွက်ကို ပြောင်းလာတယ်ဆိုတော့ မြင်ဖူးနေတာပါ၊ အခုလည်း သူတို့အိမ်တက် ဖိတ်လို့ အမေတို့နဲ့ လိုက်လာကြတာ"

"ဪ"

[redacted]



မခိုင်က ရေရွတ်လိုက်တယ်။ အဲဒီအချိန်မှာ တောင်မလေးက အနားရောက်လာပြီး ကျွန်တော်တို့နဲ့ မခိုင် စကားပြောနေတာတွေ့တော့

"မမတို့က သိနေကြတာလား"

မခိုင်က . . .

"အင်း သိပါတော့၊ ဒါ မခိုင်ရဲ့ ညီမဝမ်းကွဲလေ"

ကျွန်တော်တို့လည်း ခေါင်းညိတ်ပြလိုက်တယ်။ နောက်တော့ မခိုင်က အချိုပွဲတွေ ချပေးလိုက်ဦးမယ်ဆိုပြီး ကျွန်တော်တို့ဝိုင်းနားက ထွက်သွားတယ်။ တောင်မလေးက ကျွန်တော်တို့ကို ကြည့်ပြီး . . .

"မြည်းစုံကြရဲ့လား မသိဘူး"

"တာ မြည်းစုံပါတယ်ဗျာ"

"ဒါနဲ့ မခိုင်နဲ့က ဘယ်မှာ သိတာလဲတင်"

"အဲ . . တို့တာ . . ကျောင်းတုန်းကပါ"

"ဪ ဟုတ်လား . . မခိုင်က ရှမ်းတို့နဲ့ အခု လာနေမှာလေ"

"ဪ အရင်က ကျွန်တော်တို့ သိရသလောက် မခိုင်က တောင်မှာ နေတာနော်"

"ဟုတ်တယ်၊ အခု မခိုင်မိဘတွေက နယ်ကို တာဝန်နဲ့ ပြောင်းရမှာမို့လို့ ရှမ်းတို့နဲ့ လာနေမှာ၊ မခိုင် အလုပ်လုပ်နေတဲ့ ကုမ္ပဏီက ဒီမှာမို့လို့ လိုက်သွားလို့ မရဘူး"

"ဪ"

အဲဒီသတင်းကို ကောက်သိသာ သိရင် ဘယ်လိုနေမလဲလို့ ကျွန်တော်တို့ စဉ်းစားကြည့်မိတယ်။ တောင်မလေးက ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ထွက်သွားတယ်။ မလွန်းတင်ကြီးက ခပ်လှုမ်းလှုမ်းကနေပြီး ကိုတော့ကြီး လိုအပ်တာ မြည်းသည်းတေတို့ ကျွေးချောင်း ချောင်းနေတယ်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လည်း ခဏကြာတော့ မိဘတွေ ပြန်တာနဲ့ ထပြန်လာခဲ့ပါတယ်။ ကျွန်တော်တို့ပြန်တော့ မခိုင်က လာပြီး နှုတ်ဆက်တယ်။

မခိုင်နဲ့က ဘော်ဘီနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နဲ့ သိနေတာပါ။ တက္ကသိုလ်တုန်းက ဇာတ်ကြောင်းလေးတွေ ရှိခဲ့ပေမယ့် အခုချိန်မှာ အရာအားလုံးကို မေ့ပျောက်ပြီး မခိုင်က အိမ်ရှင်မီသစ္စာ ကျွန်တော်တို့ကို ဆက်ဆံပါတယ်။ ကျွန်တော်တို့လည်း အားလုံးကို နှုတ်ဆက်ပြီး ပြန်လာခဲ့လိုက်ပါတော့တယ်။ အပြန်လမ်းရောက်တော့ ဘူကြီးက . .

"မခိုင်က ပိုလှလာသလိုပဲကွနော်"

"အေးကွ"

"ဘော်ဘီသာ ဒီအချိန်တွေ့ရင် အရင်ကထက် ပိုဆိုးသွားနိုင်တယ်"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ ဂျစ်တူးက . . .

"ဟိုကောင်မလေးလည်း လှတာပဲကွ"

ဒီကောင် ဘယ်သူ့ကို ဆိုလိုသလဲဆိုတာ ကျွန်တော် သိပါတယ်။ ဘူကြီးက . . .

"ရွှန်းကိုပြောတာလား"

"အင်း . . သူ့နာမည်က ရွှန်းတစ်လုံးတည်း မဟုတ်လောက်ဘူး ထင်တယ်ကွ၊ ဒါပေမယ့် သူကိုယ်သူ ပြောရင်တော့ တစ်ရွှန်းတည်း ရွှန်းနေတော့တာပဲ"

ကျွန်တော် ပြုံးနေလိုက်တယ်။ ဒီကောင်တွေ ပြောသလို ကောင်မလေးက တော်တော်ကို လှပါတယ်။ အဖြူရောင် ဝမ်းဆက်လေးနဲ့ လမ်းထွက်ရင် အကြမ်းဖက်မယ့် လူတွေ များမှာတောင် ဆိုးရတယ်။ အဲ့ဒီလောက်လှတာ . . .။

***

[redacted]



. . . မခိုင်နဲ့ မခိုင်တို့ကို တွေ့ခဲ့တယ်

# ဘယ်

ဟုတ်လား"

"ကြက်ခြေနီရရင်ပြောလေ . . . ပြည်သူ့ . . . သာ ပြောစမ်းပါ"

"ဘယ် . . . ဘယ်မှာတွေ့ . . . လဲ"

"ဒါတို့ ရပ်ကွက်ထဲက အိမ်တစ်အိမ်ကို . . . ရှာခဲ့တာ"

"အဲဒီ . . . အဲဒီအိမ်မှာ ဘာ . . ဘာလုပ်နေတာလဲ"

"အိမ်ဖော်လုပ်တာ ထင်တယ်ကွ"

"ဟင်"

. . . ဂျစ်တူးက ထပ်ပြောပစ်လိုက်

[redacted]

www.burmeseclassic.com



တာပါ။ ဒီကောင့်ပုံစံက သောက်ခြင်ကတ်သည်း ကတ်ချင်စရာပဲ။ မခိုင်ကို တွေ့လိုက်တာရှေး ဒုတိယကမ္ဘာစစ်က ကွဲသွားတဲ့ ဆွေမျိုးတွေ ပြန်ဆုံတာကျနေတာပဲ။ အဲ့ဒါကြောင့်လည်း တိုဘက်က သူ့ကို တစ်စက်မှ ကြည့်မရတာဖြစ်မယ်။ ဒီကောင် ကျွန်တော့်နား ရောက်လာပြီး လက်မောင်းလေးကို ထိုင်လိုက်တယ်။ ပြီးတော့ . . .

"ငါ့ကို မေးသေးလားကောင်"

ကျွန်တော် အမှန်အတိုင်း ပြောပြလိုက်တယ်။

"မမေးဘူး"

ဒီကောင့်မျက်နှာ တစ်ချက်တော့ ပျက်သွားတယ်။ မတတ်နိုင်ဘူး။ ကျွန်တော်က အမှန်အတိုင်း ပြောပြတာပဲ။

နောက်တော့ ဒီကောင် ထပ်မေးတယ်။

"သူ . . သူ . . ဆိုတာ . . ယောက်ျားတွေ ဘာတွေရော ရှိပြီလားကောင်"

ကျွန်တော် ပြောဖို့အလုပ်မှာ ဘူကြီးက အဲ့ဒီအမေးကို ဝင်ဖြေသွားတယ်။

"အဲ့ဒီကောင်မကြီး ငါတို့က မေးလို့တောင်မလာဘူး ဒါလေဝယ် သွားမှာ ဘယ်သူမှ မပါလာဘူးဆိုတော့ စေ့စေ့ကောက်သေးပါဘူး"

ဒီကောင် တော်တော်အားတက်သွားတယ်။ မျှော်လင့်ချက်ရောင်ခြည်တွေ မျက်စိနှစ်လုံးမှာ ဝင်းဝင်းလက်နေတယ်။

"သူက အဲ့ဒီအိမ်ကို ဘာလာလုပ်တာလဲကောင်"

"အိမ်ဖော် လာလုပ်တာပါဆိုနေရဲ့"

"ဟာ ငါက အကောင်းမေးတာပါကွာ၊ ပြောပြစမ်းပါ"

[redacted]



"ဒီလိုတော့ လွယ်လွယ်ဘယ်ရမလဲကွ ငှဲ . . ငှဲ"

ဘူကြီးကို ကြည့်ပြီး ဒီကောင် ခေါင်းညိတ်တယ်။

"စိတ်ချပါကွာ၊ မင်းတို့ကြိုက်တဲ့နေ့ပြော"

"ok ဒါဆို ဖြစ်ကြောင်းကုန်စင်ကို ဒီကောင့်ကို ရှင်းပြလိုက်စမ်း ဂျစ်တူး"

"အံမယ် မင်းဟာမင်းပြောလည်း ရနေတာပဲ"

"မင်းပြောလိုက်စမ်းပါကွ၊ ငါက လိုအပ်တာကို ဒီကောင့်ဆီက တောင်းဆိုပြီးပြီ၊ အခု မင်းအလှည့်"

"မပြောဘူးကွာ၊ မင်းဟာမင်းပြော"

"ငါလည်း မပြောဘူး၊ မပြောဘူးဆို မပြောဘူးကွာ"

ဘော်ဘီ မျက်နှာငယ်လေးနဲ့ ဘူကြီးနဲ့ ဂျစ်တူးကို တစ်လှည့်စီ ကြည့်တယ်။ ကြာတော့ စိတ်မရှည်တော့တာနဲ့ . . .

"ဟာကွာ တော်ကြတော့၊ ဘယ်သူပြောပြော ပြောချင်တဲ့လူ ပြောကွာ၊ ငါ့ကို မညစ်ကြပါနဲ့ လုပ်စမ်းပါ"

နောက်ဆုံးတော့ ကျွန်တော်ကပဲ ဝင်ပြောပြလိုက်ပါတယ်။ အဲ့ဒီ အိမ်က အိမ်တက်ဖိတ်လို့ ကျွန်တော်တို့ သွားခဲ့တဲ့အကြောင်း၊ အဲ့ဒီ အိမ်က ကောင်မလေးနဲ့ မခိုင်က ညီအစ်မဝမ်းကွဲတွေ တော်တဲ့အကြောင်းကနေစပြီး မခိုင်တို့ မိဘတွေ နယ်ပြောင်းရမှာမို့လို့ မခိုင်က အဲ့ဒီမှာ လာနေမယ်ဆိုတဲ့အကြောင်းအထိ အကုန်ပြောပြလိုက်တယ်။

ကျွန်တော့်စကားလည်းဆုံးရော ဒီကောင် အားရဝမ်းသာ ထခုန်တယ်။ ပြီးတော့ ပါးစပ်ကလည်း ဘာတွေအော်မှန်းမသိ ဗလုံးဗထွေးတွေ အော်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်တူးက . . .

"မင်းကို အဲ့ဒါကြောင့် ဣန္ဒြေရရနေစမ်းပါလို့ ပြောနေတာ၊ ဘယ်လိုဖြစ်နေတာလဲ"

"နေနိုင်ဘူးကွာ၊ နေနိုင်ဘူး ဟား ဟား ဟား၊ မင်းတို့ရပ်ကွက်ထဲ ပြောင်းလာပြီဆိုတော့ ပျော်လို့ပါကွာ"

ဘူကြီးက မျက်မှောင်ကျုံ့လိုက်ပြီး . . .

"ဘာဆိုင်လို့လဲကွ"

"ဟား ဟား ဟား ဆိုင်တာပေါ့ကွ ဟား ဟား ဟား မင်းတို့ရပ်ကွက်ကို မခိုင်ရောက်လာပြီဆိုတော့ ငါ့အတွက် ဘာပူစရာလိုတော့လို့လဲ"

"အေး အဲ့ဒါကြောင့် ငါတို့မေးနေတာလေ၊ ဘာဆိုင်လို့လဲလို့"

"ဩော် အဲ့ဒါကြောင့် မင်းတို့ကို တုံးတွေလို့ပြောတာ၊ မင်းတို့ရပ်ကွက်ကို မခိုင် ရောက်လာပြီဆိုကတည်းက ငါ့အတွက် ရေကန်အသင့် ကြာအသင့် ဖြစ်သွားပြီပေါ့ကွ၊ ငါနဲ့ မခိုင် အနီးဆုံးကို ရောက်သွားပြီ၊ ငါ့အတွက် ကြိုးစားရတာလည်း အရင်ကထက် လွယ်သွားပြီ၊ အဲ့ဒါကိုပြောတာ . . အဲ့ဒါကိုပြောတာ တုံးတွေရဲ့"

"ဒါ . . ဒါ . . ဒါဆို မင်းက"

"ငါလည်း မင်းတို့ ရပ်ကွက်ထဲကို အခုပဲစပြီး ပြောင်းတော့မှာလေ"

"ဟင်"

ကျွန်တော်တို့ သုံးကောင်လုံး 'ဟင်' ခနဲသာ တစ်ချက်အော်နိုင်လိုက်တယ်။ ဒီတစ်ခါ အောင်နိုင်သူအပြုံးနဲ့ ကြည့်နေတာက ဘော်ဘီ။ ကျွန်တော်တို့က မျက်နှာငယ်လေးတွေနဲ့ အသံလေးတွေတောင် တုန်သွားတယ်။



"စဉ်းစားပါဦး ဘော်ဘီရယ်၊ ငါတို့ဆိုတာ ရပ်ကွက်ထဲမှာ ဘယ်နေ့ အိမ်က နှင်ချခံရမလဲ စောင့်နေရသူတွေပါကွာ၊ မင်းကပါ ပြောင်း . . ပြောင်း . . ပြောင်းလာမယ်ဆိုတော့ . . . "

"တော် တန် တိတ် ဒီနေ့ကစပြီး မင်းတို့သုံးယောက်လုံးအိမ်မှာ ငါ တစ်လှည့်စီနေမယ်၊ မခိုင်ကို ငါ မရမချင်း မင်းတို့တွေဆီမှာနေပြီး ငါ လှုပ်ရှားမယ်၊ မရမချင်း မပြန်ဘူးကွာ ဒါပဲ"

ဘုရား ဘုရား ဘုရား။ ကျွန်တော့်ရင်ထဲမှာ ဘုရားတလိုက်မိတာပါ။ ဒီကောင် နောက်ပြီးပြောနေတာများလားဆိုပြီး မျှော်လင့်ချက်လေးနဲ့ အကဲခတ်လိုက်မိတယ်။ နောက်နေတဲ့ပုံ လုံးဝမပေါ်ဘူး။ ဆုံးဖြတ်ချက်တစ်ခုကို နောက်မဆုတ်တမ်း ပြတ်ပြတ်သားသား ချထားတဲ့ရုပ်က အတိအလင်း ပေါ်နေတယ်။ မျက်နှာကို တင်းလို့ . . .။

သူ့ကို မျက်နှာငယ်လေးတွေနဲ့ ကြည့်နေတဲ့ ကျွန်တော်တို့ကို ဒီကောင် ဖျတ်ခနဲ လှည့်ကြည့်တယ်။ ပြီးတော့ မေးတယ်။

"ဘာလဲ၊ မင်းတို့က သူငယ်ချင်းတစ်ယောက်လုံးကို မခေါ်ချင်တဲ့ သဘောလား"

"မဟုတ်ပါဘူးကွာ"

"ဒါဆို ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ"

"ဖြစ်တယ်ဆိုလည်း ရတယ်နော်၊ မင်းတို့မိဘတွေနဲ့ ငါတို့မိဘတွေလည်း သိနေတာပဲ၊ မိဘချင်း စကားပြောပြီး လာနေရမလား ပြော"

"ဟာ မဟုတ်ပါဘူး ဘော်ဘီရာ၊ မင်းလုပ်မှ ပိုရှုပ်ကုန်တော့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ် မင်းကြိုက်တဲ့အချိန် လာခဲ့၊ အဲ့ဒီလိုတော့ မလုပ်နဲ့၊ ငါတို့ဘာသာ ငါတို့ ကြည့်ပြောလိုက်မယ်၊ မင်းကိုလည်း ငါတို့အိမ်တွေက သိပြီးသားပဲဟာ"

ဘော်ဘီ တော်တော်သဘောခွေ့သွားတယ်။ ပြီးတော့ ခေါင်း တညိတ်ညိတ်လုပ်တယ်။ ခဏကြာတော့ ဒီလိုမှပေါ့ကွဆိုပြီး ပြောတယ်။

ခံဟ . . . ဆိုပြီး ကျွန်တော်တို့ သုံးယောက်လုံး ရင်ထဲမှာ ရေရွတ်လိုက်တယ်။ အဲ့ဒီနောက်တော့ ဘော်ဘီ သူ့အဝတ်အစားတွေ သိမ်းပြီး ကျွန်တော်တို့ဆီ လိုက်လာပါတော့တယ်။ သူ့အိမ်ကို အကြောင်းပြတာကိုလည်း ကြည့်ဦး။

'မာမီ ဒီကောင်တွေ အတင်းခေါ်တာနဲ့ တစ်လ တန်သည်၊ နှစ်လ တန်သည် အချိန်အကန့်အသတ်မရှိ လိုက်သွားလိုက်ဦးမယ် နော်၊ စိတ်မပူနဲ့ သိလား၊ သားက သိပ်လိုက်ချင်တာမဟုတ်ဘူး၊ မာမီ့ကို လွမ်းရင် ချက်ချင်းပြန်လာမှာလို့ ပြောထားပြီးသား' တဲ့။

ဘယ်လောက်သတ်ပစ်ချင်စရာကောင်းတဲ့ ကောင်လဲလို့။ ဒီကောင် ပါလာတာကိုတော့ ကျွန်တော်တို့အတွက် အကြောင်း မဟုတ်ပါဘူး။ ဒါပေမယ့် ဘာတွေ ဆက်ဖြစ်ကြဦးမလဲဆိုတာကိုပဲ တွေးပြီး ကြောက်တာပါ။

ဒီနေ့ကစပြီး ဘုရား တရားလေး စလုပ်ဖို့လည်း ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော်တို့ဆိုတာကလည်း ရပ်ကွက်ထဲမှာ သိတဲ့အတိုင်း။

***



'ဘယ် သူမပြု မိမိမှု' ဆိုတဲ့ စကားက သိပ်မှန်ပါတယ်။ သူ့ဘာသာသူ တည်ငြိမ်စပြုနေတဲ့ ရေအိုင်ကို အားအားယားယား ခဲနဲ့ သွားပစ်ခဲ့တာ ကျွန်တော်တို့ပါ။ အခုတော့ ရေအိုင်က ဂယက်ထရုံတင် မကဘူး၊ မုန်တိုင်းပါ ဝင်တိုက်သွားတော့ ကျွန်တော်တို့တွေပါ ဒုက္ခရောက်ကုန်ရော။

အခုဆို ဘော်ဘီ့ဒဏ်ကို စခံရတဲ့သူက ကျွန်တော်ပါ။ ဘော်ဘီ ဘယ်အိမ်မှာ စအိပ်မလဲဆိုပြီး မဲနှိုက်လိုက်တော့ ပေါက်မဲကို ကျွန်တော် တည့်တည့်ကြီး ကျတယ်။ ဘဝမှာ ဘယ်ကံစမ်းမဲ နှိုက်နှိုက် မပေါက်ခဲ့တဲ့ ကျွန်တော်က ဒီပြဿနာဦးခေါင်းနဲ့မှ တည့်တည့်ကြီးကို ပေါက်တာ။ ဟိုကောင်တွေကတော့ ပျော်လို့ပေါ့။ အခုလောလော ဆယ် ဒီကောင့်စက်ကွင်းက လွတ်လည်း နည်းသလားဆိုတဲ့ အပြုံးမျိုး

www.burmeseclassic.com



တွေနဲ့ ကြည့်နေကြတယ်။

အဲဒီလိုနဲ့ ဘော်ဘီ ပြုံးပြုံးကြီး ကျွန်တော့်အိမ် ပါလာပါတယ်။ အမေက ဘော်ဘီကို တွေ့တော့ ဝမ်းတွေသာလို့။ ဘော်ဘီအကြောင်းကို မသိသေးတော့ သူငယ်ချင်းတွေကို ချစ်လို့ လာအိပ်တယ်ပဲ ထင်နေတာ။ ဒီကောင်က ဒီလိုပဲ တက္ကသိုလ်တက်တုန်းက စာမေးပွဲရက်တွေမှာ လာအိပ်နေကျပါ။ အဲ့ဒါကြောင့် ဘော်ဘီ အိမ်ရောက်လာတာ အမေတို့အတွက် အထူးအဆန်း မဟုတ်တော့ပါဘူး။

အထူးအဆန်းဖြစ်နေတာက ကျွန်တော်ပါ။

နောက်တစ်နေ့ မနက်မှာ ဘော်ဘီက သူ့အစွမ်းအစကို ထပြပါတယ်။ မနက်အစောကြီး လေးနာရီကို သံပတ်ပေးပြီး ထတယ်။ သူ သံပတ်သံ အကျယ်ကြီးကြောင့် ကျွန်တော် လန့်နိုးသွားတယ်။ ကျွန်တော်ဆိုတဲ့ကောင်က အိပ်ရာထရင် ဘယ်တော့မှ ကိုးနာရီ အရှေ့ပိုင်း ထတဲ့ကောင် မဟုတ်ဘူး။ တစ်ခါတလေ ညဘက် ကဲတာ များသွားရင် နေဖင်ထိုးရုံတင်မကဘူး၊ ဖင်ထဲက ဝင်ပြီး ပါးစပ်က ပြန်ထွက်သွားတောင် နိုးတဲ့ကောင် မဟုတ်ဘူး။ အဲ့ဒီလို ကောင်မျိုးက နှိုးစက်သံ အကျယ်ကြီး ကြားပြီး နိုးလာတော့ အဲ့ဒီမနက်ခင်းက ကျွန်တော်နဲ့ တသီးတခြားကြီးကို ဖြစ်နေတာ။ ပြီးတော့ ကျိုးတိုးကြောင်တောင်နဲ့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ကျွန်တော် တစ်ခါမှ မထိတွေ့ဖူးတဲ့ ခံစားချက်ကို ရနေတယ်။

ဘော်ဘီကတော့ အေးအေးဆေးဆေးပါပဲ။ ကျွန်တော့်ကိုလည်း ဂရုမစိုက်ဘူး။ လေလေး တချွန်ချွန်နဲ့ ရေချိုးခန်းထဲ ဝင်သွားပြီး မျက်နှာသစ် သွားတိုက်နေတယ်။ ပြီးသွားတော့ သဘက်ကလေး ပခုံး





ပေါ်တင် ထွက်လာတယ်။ အိပ်ရာပေါ်မှာ ကြောင်တောင်တောင်နဲ့ ထိုင်နေတဲ့ ကျွန်တော့်ကို ကြည့်တယ်။

ပြီးတော့ . . .

"လမ်းသွားလျှောက်မယ် လာ"

". . . . . ."

"ဟေ့ကောင် ဘာကြောင်ကြည့်နေတာလဲ၊ လမ်းလျှောက်သွားမယ်လို့"

ကျွန်တော် မျက်တောင် နှစ်ချက်လောက် ခတ်လိုက်တယ်။ မျက်စိတွေ စပ်နေလို့ပါ။ ဒီကောင့်စကားတွေလည်း ကျွန်တော့်နားထဲ ဝင်တစ်ချက် မဝင်တစ်ချက် ဖြစ်နေတယ်။ ဒီကောင် လမ်းထွက်လျှောက်မယ် ပြောလိုက်တာတော့ ကျွန်တော် သိတယ်။ ဒါပေမယ့် ဘာလို့ လမ်းထွက်လျှောက်တာလဲဆိုတာ ကျွန်တော် နားမလည်ဘူး။

ဒါကြောင့် ကျွန်တော် အိပ်ချင်မူးတူးဖြစ်နေရင်းကပဲ မေးလိုက်ရပါတယ်။

"မင်း . . ဘာ . . ဘာလုပ်မလို့လဲ"

"လမ်းသွားလျှောက်မယ်လေ၊ ဘာလုပ်ရမှာလဲ"

"အေးလေ . . ဘာလို့လမ်းလျှောက်မှာလဲလို့"

"ဟ ကျန်းမာရေးပေါ့ကွ၊ ကျန်းမာရေး . . ကျန်းမာရေးကြောင့် လမ်းလျှောက်မှာ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျုံးရှန်းပြီး အော်ထည့်လိုက်တာပါ။ ဒေါသကြောင့် ကျွန်တော့်အသံက ဟိန်းခနဲ ထွက်သွားတယ်။ ဘော်ဘီ့ခန္ဓာကိုယ် တုန်ခနဲ ဖြစ်သွားပြီး . . .

"ဘာ . . ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲ၊ ဘာဖြစ်ရမှာလဲကွ၊ မင်းရူးနေလား . . ဒါ အိပ်ချိန်ကွ၊ အိပ်ချိန်"

ဘော်ဘီက လက်ပတ်နာရီ ကြည့်ပြီး . . .

"လေးနာရီတောင် ကျော်နေပြီ၊ ဒါ အိပ်ချိန်လားကွ၊ ငါက မနက်တိုင်း လမ်းထလျှောက်နေကျ"

"ဟင်"

ကျွန်တော် ဒီကောင့်ကို ကြည့်ပြီး ကိုယ့်ကိုယ်ကို သတ်သေချင် စိတ်တောင် ပေါက်သွားပါတယ်။ ဘယ်က ဘယ်လိုဖြစ်ပြီး ဒီကောင် မနက်တိုင်း လမ်းထလျှောက်တဲ့အကျင့် ပါလာပါလိမ့်လို့လည်း တွေး လိုက်မိတယ်။ အရင်က ဒီကောင် ဒီလိုမဟုတ်ပါဘူး။

"နေစမ်းပါဦး၊ မင်း အရင်က ဒီလိုမဟုတ်ပါဘူး"

"ဟဲ ဟဲ ငါက သင်္ဘောပေါ်မှာဆို မနက်တိုင်း ဒီအချိန် ထနေကျ ကွ၊ အဲ့ဒါကြောင့် နောက်ပိုင်း အကျင့်ပါသွားတာနဲ့ ဂျူတီမရှိတဲ့ ရက် တွေလည်း ကျန်းမာရေးအရ ကုန်းပတ်ပေါ် ပတ်ပြေးရင်းနဲ့ အကျင့် ပါသွားတာ"

"သေကွာ . . သေလိုက်"

"ဒါလေးများ၊ မင်းက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲကွ၊ ငါက ဒီအချိန် ထဖူးတာမှ မဟုတ်တာ"

[redacted]



"အရင်မထဘူးလည်း အခုထပေါ့ကွာ၊ အခုလို မနက်ခင်းလေး မှာ ထလမ်းလျှောက်ရတဲ့ ဖီလင် ဘယ်လောက်မိုက်သလဲ၊ မင်း သိ သွားရမယ်"

"သိလည်း မသိချင်ဘူး၊ ထလည်း မထဘူး၊ မင်းဘာသာမင်း သွားချင် တစ်ယောက်တည်းသွား၊ ငါ့တော့ အိပ်ပြီ"

"ဟေ့ ဟေ့ အဲ့ဒီလိုတော့ မလုပ်နဲ့လေ၊ ဒီရပ်ကွက်မှာ ငါက နေတာမှ မဟုတ်တာ၊ အဲ့ဒီတော့ ဘယ်သွားလို့ ဘယ်လာရမှန်း မသိ ဘူး၊ မင်းပါမှ ဖြစ်မှာပေါ့"

အိပ်ရာပေါ် ပစ်လှဲလိုက်တဲ့ ကျွန်တော့်ကို ဒီကောင် အတင်းဆွဲ ထူတယ်။ ကျွန်တော် ဒီကောင့်လက်က ရုန်းပြီး အတင်းအိပ်တယ်။ ဒါပေမယ့် မရပါဘူး။ နောက်တစ်မျိုးအနေနဲ့ နာရီကို နှိုးစက်ပြန်ပေး ပြီး ကျွန်တော့် နားအုံနားကပ်ပြီး ပြန်နှိုးတယ်။

နောက်ဆုံးတော့ ကျွန်တော် ငုတ်တုတ်ထထိုင်လိုက်ရပါတော့ တယ်။ ဒီကောင့်မျက်နှာကို ကြည့်ပြီး သံဝေဂ တော်တော်ရသွား တယ်။ ဝဋ်ကြွေးတစ်ခုကို နောင်ဘဝထိ သယ်မသွားဘဲ ဒီဘဝမှာတင် အပြီးတိုင် ဆပ်သွားဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတော့တယ်။

***

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရပ်ကွက်မှာက ထူထူထောင်ထောင် မနက်တိုင်း လမ်းထလျှောက်တဲ့လူမျိုး လုံးဝမရှိဘူး။ တစ်ခါတစ်ရံ ရပ်ကွက်အနောက်ပိုင်းက ပင်စင်စား အဘိုးကြီး နှစ်ယောက်လောက်သာ တုတ်ကောက်နဲ့ လမ်းထွက်လျှောက်တာမျိုး ရှိတာ။ ဒါပေမယ့် သူတို့ လမ်းထလျှောက်တဲ့ အချိန်ကလည်း လူသူလေးပါး အိမ်ပြင်ထွက်တဲ့ အချိန်မျိုးမှ လျှောက်တာ။

ဒါကြောင့် ကျွန်တော်တို့ မြို့ပြင်ရောက်သွားတယ်ဆိုရင်ပဲ . . .

"ဟင်"

ကျွန်တော် မျက်လုံးနှစ်လုံး ပြူးသွားတယ်။ ဘော်ဘီလည်း လမ်းမကြီးကို ကြည့်ပြီး ကြောင်တောင် ဖြစ်သွားတယ်။ မဖြစ်ခံနိုင်ရိုးလား။ ရပ်ကွက်တစ်ခုလုံး ကျွန်တော်တို့ နှစ်ယောက်ကလွဲပြီး ဘယ်သူမှ





မရှိဘူး။ လမ်းမကြီးတစ်ခုလုံးလည်း ပြောင်သလင်းခါပြီး မဲမှောင်နေတာ . . .။

ဘော်ဘီက လမ်းမကြီးကို စူးစူးစိုက်စိုက် ကြည့်ပြီး . . .

"ဟေ့ကောင် ဘယ်သူ . . ဘယ်သူမှလည်း မရှိပါလား"

ကျွန်တော် ဒေါသဖြစ်ဖြစ်နဲ့ ဘော်ဘီ့ကို ကြည့်လိုက်တယ်။ ပြီးတော့ . . .

"ဘယ်ရှိမလဲ၊ မင်းထွက်တဲ့အချိန်ကိုလည်း ကြည့်ဦးလေ၊ ဒီအချိန်က ပဲပြုတ်သည်တောင် လမ်းသလားသေးတာမှ မဟုတ်တာ"

"ငါတို့ဘက်ဆို ဒီအချိန် ထပြေးတဲ့လူတွေ ရှိနေပြီကွ"

"အဲ့ဒါ မင်းတို့ဘက်လေ၊ ဒါ ငါတို့ဘက်"

"မင်းတို့ဘက်ကလည်းကွာ၊ ကျန်းမာရေး လိုက်စားတဲ့လူတွေ နည်းလိုက်တာ"

"မင်းလို အားအားယားယား ကောင်တွေ မရှိဘူးလို့ ပြောစမ်းပါ"

ဘော်ဘီက ဘာမှပြန်မပြောဘဲ ခြေထောက်လေးကို ခါတာ ခါတာ လုပ်တယ်။ ပြီးတော့ သုံးလေးခါလောက် ခုန်ဆွ ခုန်ဆွ လုပ်ပြီး လက်ဆစ်ကလေးတွေကို လှည့်တယ်။ နောက်တော့ ခါးကလေး ထောက်ပြီး ကုန်းကွ ကုန်းကွ ငါးခါလောက် လုပ်တယ်။

ပြီးတော့ ကျွန်တော့်ဘက် လှည့်ကြည့်ပြီး . . .

"ဟေ့ကောင် ငါလုပ်သလို လိုက်လုပ်၊ ဒါ သွေးပူလေ့ကျင့်ခန်းကွ၊ လမ်းမလျှောက်ခင် အကြောအချဉ်လေး ပြေသွားအောင် ဒါအရင် လုပ်ရတယ်"

ကျွန်တော် ဘာမှပြန်မဖြေဘူး။ စိတ်ထဲမှာ အိပ်ရာလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



လွမ်းနေတယ်။ ဒီအချိန် စောင်လေးနဲ့ ကွေးပြီး နှပ်လိုက်ရရင် ဘယ်လောက်ကောင်းမလဲ။

"နေ့တစ်ရက်ရဲ့အစမှာ လူတွေက နိုးထလာရင် အကြောတွေဆိုင်းပြီး ထိုင်းမှိုင်းနေတတ်တယ်ကွ၊ အစ် . . အစ်၊ အဲ့ဒီလို အကြောအချဉ်လေးတွေ ဆိုင်းပြီး ထိုင်းမှိုင်းနေတဲ့ အချိန် ဒီလို အစ် . . အစ် ဒီလို သွေးပူလေ့ကျင့်ခန်းလေး လုပ်လိုက်ရင် ဖရက်ရှ်ပဲ . . ဖရက်ရှ် ဖရှက်ရှ်"

ဘော်ဘီ သူ့ဘာသာသူ ပြောပြီး သူ့ဘာသာသူ လုပ်တယ်။ ကျွန်တော်ကတော့ လုံးဝစိတ်မဝင်စားဘူး။ သူ့ဟာသူ ဖရက်ရှ်မကလို့ ဘာကြီးပဲဖြစ်နေဖြစ်နေ လုံးဝပဲ။ အိပ်ချင်တာပဲ သိတယ်။

ခဏကြာတော့ ဘော်ဘီ လမ်းစလျှောက်တယ်။ ကျွန်တော်လည်း မလိုက်ချင် လိုက်ချင်နဲ့ နောက်က လိုက်သွားရတော့တယ်။ ခတ်တိုင် နှစ်တိုင်လောက် လျှောက်ပြီးတော့ ဒီကောင် ခဏရပ်တယ်။ ပြီးတော့ အကြော နည်းနည်းထပ်လျှော့တယ်။ အကြော လျှော့ရင်း ကျွန်တော့်ကိုလည်း လှည့်ကြည့်တယ်။

"လုပ်လေ လုပ်လေ . . လာပါ၊ ကမ်းမွန်း . . ကမ်းမွန်း"

"မင်းဘာသာမင်း လုပ်ပါကွာ"

"လာပါ ကမ်းမွန်း . . ကမ်းမွန်း ဒူးအစ် . . ဒူးအစ်"

ကျွန်တော် ခေါင်းပဲ ခါပြလိုက်တယ်။ ဘော်ဘီက မချိတင်ကဲခေါင်းခါလိုက်ပြီး သူ့ဘာသာသူ ဆက်လုပ်တယ်။ ဘာတွေလုပ်လို့ လုပ်နေမှန်းလည်း မသိဘူး။ မျက်စိနောက်တာနဲ့ ကောင်းကင်ကို မော့ကြည့်လိုက်တယ်။ ကောင်းကင်မှာက လက သာတုန်းရှိသေး



တယ်။ ဒါပေမယ့် အလင်းရောင် ခပ်ပါးပါးလေးတစ်ခုတော့ လရိပ်နဲ့ အတူ ကမ္ဘာမြေပေါ် ဟပ်နေပါပြီ။

ကျွန်တော် လမင်းကို ကြည့်ရင်းနဲ့ ဘာကြောင့်မှန်းမသိ စိတ်ထဲ မလုံမလဲ ဖြစ်လာတယ်။ ကျွန်တော့်ကို တစ်စုံတစ်ယောက်က ချောင်းမြောင်းနေသလို ခံစားလာရလို့ပါ။

ဒါနဲ့ ကျွန်တော် အနောက်ဘက်ကို ချာခနဲ လှည့်ကြည့်လိုက်တယ်။

"ဟာ"

ကျွန်တော် ရင်ထဲမှာ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် တုန်ခနဲဖြစ်သွားတာပါ။ ကြောက်စိတ်ကြောင့် ဦးနှောက်မှာလည်း ဒိန်းခနဲဖြစ်သွားတယ်။

ကျွန်တော်တို့နောက်မှာ ခွေးအုပ်ကြီး။

ဘယ်အချိန်ကတည်းက အသံတိတ် ချဉ်းကပ်လာမှန်းမသိတဲ့ ခွေးအုပ်ကြီးက ကျွန်တော် လှည့်ကြည့်လိုက်တာကြောင့် တုံ့ခနဲ ရပ်သွားတယ်။ ပြီးတော့ ရှေ့ဆုံးက တစ်ကောင်က ကျွန်တော်တို့ နှစ်ယောက်ကို သေချာကြည့်ပြီး နှာခေါင်းကို ရှုံ့ပွ ရှုံ့ပွ လုပ်တယ်။ ဒီကောင် အနံ့ခံနေပြီဆိုတာ ကျွန်တော် သိလိုက်တယ်။ ဖြစ်ချင်တော့ အဲ့ဒီကောင်တွေနဲ့ ကျွန်တော် တစ်ကောင်မှ မရင်းနှီးဘူး။ ကျွန်တော်နဲ့သိတဲ့ မိကျားတို့ ဘိုနီတို့လည်း မပါဘူး။ ဒီကောင်တွေပါရင် တော်သေးတယ်လို့ တွေးလိုက်မိတယ်။ အခုတော့ သူစိမ်းဆန်ဆန် ခွေးအုပ်ကြီးနဲ့မှ ကျွန်တော်တို့ လာတိုးနေတာ။

ကျွန်တော် ခန္ဓာကိုယ်ကို မလှုပ်ရဲသေးဘဲ ဘော်ဘီ့ကို မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ခွေကြည့်လိုက်တယ်။ ဒီကောင် ကျောပေးထားတော့ သိပ် လုံး၀ မပေါ်သေးဘူး။

ဒါ့ကြောင့် ဖင်ကြီးကုန်းပြီး လက်နှစ်ချောင်း ရှေ့ပစ်ပြီး အကြော လျှော့နေရာက . . .

"အစ် . . အစ်၊ တကယ်တော့ ဒီလိုမနက်ခင်းမှာ လုပ်တဲ့ လေ့ကျင့်ခန်းက ခန္ဓာကိုယ်အပြင် ဦးနှောက်ကိုလည်း လန်းဆန်းစေတယ် ကွ၊ အစ် . . အစ်၊ ငါတို့ ယူရုတ်မှာဆိုရင် ဒါမျိုးကို အချိန်ပေးပြီး လုပ်ရတာပေါ့ အစ် . . အစ်"

ကျွန်တော် အနောက်ကို ခြေတစ်လှမ်း အသာဆုတ်လိုက်တယ်။ ခွေးအုပ်ကြီးက သူတို့ရှေ့မှာ ကုန်းကုန်းကြီး လုပ်ပြီး စကားပြောနေတဲ့ ဘော်ဘီ့ဘက်ကို အာရုံရောက်သွားလို့ ကျွန်တော့် လှုပ်ရှားမှုကို လုံး၀ မသိလိုက်ဘူး။

ပြီးတော့ ရှေ့ဆုံးက ကောင်က ဘော်ဘီ့ကို ကြည့်ပြီး နှုတ်ခမ်း တစ်ချက် တွန့်လိုက်တယ်။

"ဂီး . . ဂီး . ."

"ဟင်း . . ဟင်း . . ဂဲ . ."

ဘော်ဘီက ရုတ်တရက်ဆိုတော့ မာန်ဖီသံကို သတိမထားမိ သေးဘူး။

"အစ် . . အစ် . . အား . . ကောင်းလိုက်တာကွာ၊ သာယာ လိုက်တဲ့ မနက်ခင်းလေး၊ ဒါမျိုးက နာမည်ကျော် ကုန်တိုက်ကြီးတွေ မှာလည်း ပိုက်ဆံပေးပြီး ၀ယ်လို့မရဘူးကွ၊ ဟုတ်တယ်နော် ဟေ့ ကောင် . . ဟင်"





ဒီကောင် စကားပြောရင်းနဲ့ ကျွန်တော့်ဘက် လှည့်ကြည့်လိုက် တော့ ခွေးအုပ်ကြီးကို တွေ့သွားပြီး ပေကြောင်ကြောင်ကြီး ဖြစ်သွား တယ်။ ခဏကြာတော့ သွေးရူးသွေးတန်းနဲ့ ကျွန်တော့်နောက်ကျောကို ပြေးကပ်တယ်။

"ဟေ့ကောင် ငြိမ်ငြိမ်နေ၊ မလှုပ်နဲ့"

ဒီကောင် ကြောက်ကြောက်လန့်လန့်နဲ့ တစ်ခုခု ထလုပ်မှာစိုးလို့ သတိပေးလိုက်တာပါ။ အခုတောင် နောက်ကျောဘက် ပြေးကပ်လိုက် တဲ့ ဒီကောင့်ကို ကြည့်ပြီး ခွေးအုပ်ထဲက ခွေးတွေ အသင့်အနေအထား ဖြစ်ကုန်ပြီ။ ဘယ်အကောင် စဖိုက်မလဲ သူတို့စောင့်နေကြတဲ့သဘော။

ဒီထက် ကျွန်တော်တို့ လှုပ်ရှားလိုက်တာနဲ့ သေပြီပဲ။ ခွေးရုပ်တွေ ကြည့်ရတာလည်း အပီဖွဲ့မယ့် ရုပ်တွေ။

"ဘ . . ဘ . . ဘယ်လို . . လ . . လုပ် . . လုပ်မလဲ၊ အ . . အကူအညီတောင်း . . တောင်းပါဦး"

"မင်း တိတ်တိတ်နေစမ်း၊ အခုချိန်မှာ ငါတို့နှစ်ယောက်တည်း ရှိတာ၊ ဘယ်လိုအကူအညီတောင်းမလဲ"

"ဒ . . ဒ . . ဒါဆို ဘယ်လိုလုပ် . . လုပ်မလဲ"

လောလောဆယ် ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိပါဘူး။ ခွေးတွေနဲ့ ပြိုင်ပြီး ရန်မဖြစ်ဖူးတော့လည်း မခွပါးမ၀ဘူး ဖြစ်နေ တယ်။

ဘော်ဘီ တစ်ကိုယ်လုံး တုန်လာပါတယ်။ တုန်ရာကနေ ပြာလာ တယ်။ ပြာရာကနေ . . .

ရုတ်တရက် ဒီကောင် ဘာလုပ်လိုက်မှန်း မသိဘူး။ ခွေးအုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်ရှားရှားဖြစ်သွားတော့မှ ကျွန်တော့်အနောက်ကို လှည့်ကြည့်လိုက်တော့ ဒီကောင် မရှိတော့ဘူး။

"ဟင်"

ကျွန်တော် ခဏတော့ မှင်သက်သွားတယ်။ ဒီကောင် ထွက်ပြေးသွားတာပါ။ မြန်လိုက်တဲ့ကောင်။ ခဏချင်းပဲ ဓာတ်တိုင် တစ်တိုင်လောက် ရောက်သွားတယ်။

ကျွန်တော်လည်း စဉ်းစားမနေတော့ဘူး . . .

"ပြေး . . ပြေး ဝင်းခန့် ပြေး . . ငါ့နောက် လိုက်ပြေး"

ဘော်ဘီက အော်ရင်း ရှေ့က ပြေးသွားတာပါ။ ကျွန်တော်လည်း နောက်က ဒရောသောပါး လိုက်ပြေးရတော့တယ်။ ခွေးအုပ်ကြီးလည်း ဘယ်ကတည်းက ကျွန်တော်တို့ကို မျက်စိနောက်နေလည်း မသိဘူး။ နောက်က အတင်းထိုးလိုက်တယ်။

ကျွန်တော်လည်း ပြေးတာ မှန်မှန်ကို ထနေတာပဲ။ ဘော်ဘီလည်း ကျွန်တော့်ရှေ့မှာ လုံးနေတာပဲ။ တစ်နေရာအရောက် ဘော်ဘီက လမ်းဘေးက သစ်ပင်တစ်ပင်ပေါ် ဝုန်းခနဲ ခုန်တက်သွားတယ်။ ပြီးတော့ သစ်ပင်ခွကြားတစ်ခုကို ဖက်ထားရင်းနဲ့ . . .

"ဝင်းခန့် . . တက် တက် . . အမြန်တက်လိုက်၊ မင်းနောက်မှာ နောက်မှာ . . မှီတော့မယ်"

ကျွန်တော်လည်း ဘာမှစဉ်းစားမနေဘူး။ ဘော်ဘီတက်တဲ့ သစ်ပင်ပေါ် ခုန်တက်ပစ်လိုက်တယ်။ ဘယ်က ဘယ်လို သစ်ပင်ပေါ် ရောက်သွားလည်း ကျွန်တော် မသိဘူး။ ကျွန်တော် သတိရလိုက်တဲ့ အချိန်မှာ ဘော်ဘီက သစ်ပင်နဲ့ ကပ်လျက် ခြံစည်းရိုးပေါ် ခွထိုင်



နေပြီ။

ဘော်ဘီက ကျွန်တော့်ကို လက်လှမ်းပြီး . . .

"လာ . . လာ ဒီဘက်ကူးလာခဲ့၊ အဲ့ဒီကိုင်းက သိပ်ခိုင်တာ မဟုတ်ဘူး၊ တော်ကြာ ပြုတ်ကျရင် အရိုးတခြား အသားတခြား ဖြစ်သွားမယ်"

လူဆိုတာ ကြောက်စိတ်ကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့ အချိန်မှာ ဘော်ဘီရဲ့ အကြံပေးစကားက ကျွန်တော့်အတွက် အားတစ်ခုပါ။ ခွေးတွေကလည်း သစ်ပင်အောက်မှာ ဝိုင်းပြီး သူတို့လက်က လက်မတင်လေး လွတ်သွားတဲ့ ကျွန်တော်တို့ကို ကြည့်ပြီး ဟောင်နေတယ်။ တော်တော်ဖွံ့ကြီးတဲ့ ခွေးလေ ခွေးလွင့်တွေပါ။ ခပ်ရဲရဲကောင်တွေက ပင်စည်ကို ပဒတ်ရပ်ပြီး ခုန်ခုန်ဆွဲနေတယ်။ ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ ဘော်ဘီ ခွထိုင်နေတဲ့ အုတ်နံရံဘက်ကို ကူးလိုက်ပါတော့တယ်။ အုတ်နံရံတွေက တစ်ထွာကျော်ကျော်လောက် ထူပါတယ်။ ပုလင်းကွဲတွေ၊ သံချောင်းတွေ စိုက်မထားတာဘဲ ကျေးဇူးတင်ရမှာပါ။

အဲ့ဒီအချိန်မှာ ကျွန်တော်တို့ အသံတွေကြောင့် အိမ်ရှင်တွေ သိသွားတယ် ထင်ရဲ့။ အိမ်ထဲက မီးတွေ လင်းလာပြီး အသံတွေ ကြားလိုက်ရတယ်။ အဲ့ဒီတော့မှ ကျွန်တော်လည်း ကိုယ်တက်ထိုင်နေတဲ့ အုတ်တံတိုင်း ခတ်ထားတဲ့ အိမ်ကို သေချာကြည့်မိတယ်။

"ဟာ . . ဟို . . ဟိုအိမ်ပဲ"

ဘော်ဘီက . . .

"ဘယ်အိမ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတဲ့ မခိုင်တို့အိမ်လေ"

"ဘာ"

ဘော်ဘီ့ရဲ့ အာမေဍိတ်သံက မနက်အာရုံမှာ ဟိန်းခနဲ ထွက်သွားပါတော့တယ်။ ခဏကြာတော့ ကျွန်တော်တို့ဆီ လူတွေ ရောက်လာပါတော့တယ်။ ကျွန်တော် မမြင်ဖူးတဲ့ လူကြီးတစ်ယောက်နဲ့ ဒေါ်စောကြည်ဆိုတဲ့ မိန်းမကြီးပါ။ အရုဏ်အလင်းရောင်က မသဲကွဲသေးတော့ ကျွန်တော်တို့ကို ဘယ်သူတွေမှန်း သူတို့ မသဲကွဲသေးဘူး။

ကျွန်တော်က လှမ်းပြောမယ်အလုပ် အဲ့ဒီအိမ်က လူကြီးက ရဲစခန်းကို ဖုန်းဆက်နေတာ တွေ့လိုက်ရပါတော့တယ်။ ကျွန်တော် သက်ပြင်းကို ချရင်း ဘော်ဘီကို ကြည့်လိုက်တယ်။ ဘော်ဘီ ကျွန်တော့်ကို အူကြောင်ကြောင်လေး ပြန်ကြည့်နေတယ်။

***

[redacted]



အဲ့ဒီ အိမ်ရဲ့ ဧည့်ခန်းထဲမှာ သက်ဆိုင်ရာလူကြီးတွေ အားလုံး စုံနေပါပြီ။ ရဲတွေရော၊ ရပ်ကွက်လူကြီးတွေရော ရှုပ်နေတာပါပဲ။ ကျွန်တော်နဲ့ ဘော်ဘီကတော့ မျက်နှာငယ်လေးတွေနဲ့ တစ်နေရာမှာ ထိုင်ရင်း အမောဖြေနေရတယ်။ ခုနက ခွေးလိုက်လို့ ကြောက်အားလန့်အားနဲ့ စွတ်ရွတ်ပြေးလာတဲ့ ဒဏ်တွေက အခုမှ ချွေးစို့အောင် မောတက်လာတာပါ။ ခဏနေတော့ ကျွန်တော့်မိဘနှစ်ပါး ရောက်လာတယ်။ အဲ့ဒါကလည်း ရပ်ကွက်ကတစ်ဆင့် အကြောင်းကြားခိုင်းလိုက်လို့ပါ။ ကျွန်တော့်အမေက ရောက်ရောက်ချင်းပဲ. .

"ဘယ်လိုဖြစ်တာလဲ ဒေါ်စောကြည်ရယ် ပြောပြပါဦး၊ ရပ်ကွက်က လူတွေ လာခေါ်လို့သာ ပါလာရတယ်၊ ကျွန်မဖြင့် ဘာတွေဖြစ်ကုန်မှန်းတောင် မသိဘူး"

"မမဝင်းတို့ကို အခုလို ခေါ်လိုက်ရတာ အားနာပါတယ်၊ ကျွန်မ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တို့လည်း ဒီက ကောင်လေးနှစ်ယောက်ကို ဘယ်သူတွေ ဘယ်ဝါတွေ မှန်း မသိပါဘူး၊ မနက်အစောကြီး ခြံထိပ်က ခွေးဟောင်သံတွေ ဆူညံနေလို့ ထကြည့်တော့ သူတို့နှစ်ယောက်က အုတ်တံတိုင်းမှာ ခွထိုင်နေတာ တွေ့ရတာပဲ၊ အဲ့ဒါနဲ့ ကျွန်မ မောင်က ရဲကို အကြောင်းကြားလိုက်တာ၊ နောက်တော့မှ သူတို့နှစ်ယောက်ထဲက တစ်ယောက်က မမဝင်းသား ဖြစ်နေမှန်း သိတာ"

အမေက ကျွန်တော်တို့ဘက် တစ်ချက် လှည့်ကြည့်တယ်။

ပြီးတော့ . . .

"ဒီဘက်က တစ်ယောက်ကလည်း ကျွန်မသားရဲ့ သူငယ်ချင်းလေးပါ၊ သူတို့သူငယ်ချင်းတွေ မတွေ့တာကြာလို့ အိမ်မှာ လာအိပ်ကြတာ၊ ဒါနဲ့ ဘယ်လိုဖြစ်ပြီး သူတို့က . . ."

"အဲ့ဒါကိုလည်း ကျွန်တော်တို့ မေးကြည့်ပြီးပါပြီ၊ သူတို့ မနက်ခင်း ကျန်းမာရေးအရ လမ်းထလျှောက်ရင်းနဲ့ ခွေးတွေလိုက်လို့ ထွက်ပြေးလာရတယ် ပြောတာပဲ၊ ဒါပေမယ့် ကျွန်တော်တို့ဘက်ကလည်း အကျိုးအကြောင်း ခိုင်လုံအောင် မသိရသေးတော့ ရဲစခန်းကို အကြောင်းကြားလိုက်ရတာပါ"

ထိုစကားကို ရဲစခန်းကို ဖုန်းလှမ်းဆက်တဲ့ လူကြီးက ပြောလိုက်တာပါ။ ကျွန်တော့်အမေလည်း ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်နေပါတယ်။ အဲ့ဒီအချိန်မှာ ရပ်ကွက်လူကြီးတစ်ယောက်က . . .

"ကဲ . . ခုလိုဖြစ်ရတာလည်း မတော်တဆမှုလေးတစ်ခုပါပဲ၊ အခုလို ဒီက လူငယ်နှစ်ယောက်ကလည်း ရပ်ကွက်ထဲက ဖြစ်နေတော့ ဒီကိစ္စကို ဘာမှသဘောမထားဘဲ ကျေအေးပေးဖို့ ကျွန်တော်တို့ကပဲ ပြောချင်ပါတယ်။ ဒီက မဝင်းဆိုတာကလည်း ဒီရပ်ကွက်မှာ အရင်ကတည်းက နေလာတဲ့သူပါ။ ဒီက ဒေါ်စောကြည်နဲ့လည်း ခင်မင်



ရင်းနှီးသားဖြစ်နေတော့ လူကြီးချင်းပဲ ညှိပြီး ဖြေရှင်းဖို့ ကျွန်တော်တို့ကပဲ မေတ္တာရပ်ခံပါတယ်၊ ကြီးတဲ့အမှု ငယ်စေပေါ့ဗျာ၊ ဒီက ဦးနေမင်း အနေနဲ့ကလည်း ခွင့်လွှတ်ပေးပါလို့"

ဦးနေမင်းဆိုတာ ရဲစခန်းကို ဖုန်းဆက်တဲ့ လူကြီးမှန်း ကျွန်တော် အခုမှ သိလိုက်ရတာပါ။ အလျှုနေ့ကလည်း အဲ့ဒီလူကြီးကို မမြင်မိတော့ ဘယ်သူဘယ်ဝါမှန်း မသိဘူးဖြစ်နေတာ။ ရပ်ကွက်လူကြီး စကားကြောင့် ရဲတွေကလည်း ခေါင်းညိတ်ပါတယ်။

"ဟုတ်ပါတယ်၊ ဒီက ကိုမျိုးညွန့် ပြောသလိုပဲ၊ နှစ်ဦးနှစ်ဖက် ကျေလည်ရင် ပြီးပါတယ်၊ အားလုံးလည်း သိနေကြပြီဆိုတော့ ကျွန်တော်တို့ဘက်ကလည်း ရဲမှုရခင်းအရ ဘာမှပြုလုပ်စရာ မလိုတော့ဘူးပေါ့ဗျာ၊ အဲ . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဒီက ညီလေးတွေကိုတော့ နောင်ဒီလိုမျိုးလုပ်ရင် သတိထားသွားဖို့နဲ့ လက်လွတ်စပယ် တစ်ဖက်သားရဲ့ ပိုက်နက်ကို မကျူးလွန်မိဖို့ လူကြီးတွေရှေ့မှာပဲ ကတိတောင်းဖို့ လိုလိမ့်မယ်၊ ဘယ်လိုလဲ ကိုယ့်ညီတို့"

ရဲတပ်ကြပ် ဆရာကြီးတစ်ယောက်က ကျွန်တော်တို့ဘက် လှည့်မေးလိုက်တော့ အလျင်အမြန်ပဲ ခေါင်းညိတ်ပြလိုက်ပါတယ်။

"စိတ်ချပါ ခင်ဗျာ၊ ကျွန်တော်တို့ ဒီလိုမျိုး နောင်မဖြစ်စေရတော့ပါဘူး"

"ဟုတ်ကဲ့ နောက်ဆို ကျွန်တော်လည်း လမ်းထမလျှောက်တော့ပါဘူး ခင်ဗျ"

ဘော်ဘီကို ကျွန်တော် မျက်စောင်းလှည့်ထိုးလိုက်တယ်။ ဘော်ဘီ မျက်နှာငယ်လေးနဲ့ ခေါင်းပုသွားတယ်။ ပြီးတော့ အိမ်ထဲကို ဟိုကြည့် ဒီကြည့် လုပ်တယ်။ ဒီကောင် ဘယ်သူ့ကို ရှာနေတယ်ဆိုတာ ကျွန်တော် သိတာပေါ့။ အခုလိုဖြစ်နေတာတောင် နှာဘူးက သနိုင်

www.burmeseclassic.com



သေးတယ်လို့ တွေးပြီး ကျွန်တော် ကျိန်ဆဲပစ်လိုက်တယ်။

"ကဲ . . ဟုတ်ပါပြီ၊ ကျွန်မတို့ဘက်ကလည်း ဒီကိစ္စကို အမှု မဖွင့်တော့ဘဲ ကျေအေးပါတယ်၊ အခုလို အချိန်ကြီး မမဝင်းတို့ကို ခေါ်ရတာလဲ အားနာပါတယ်၊ ကလေးတွေကိစ္စနဲ့ ပတ်သက်ပြီး မမဝင်းတို့နဲ့ ကျွန်မတို့ စကားပြောရတာ နှစ်ခါ ရှိပြီနော်"

အမေက ဒေါ်စောကြည်စကားကြောင့် မချိတင်ကဲ ပြုံးရင်း ခေါင်းညိတ်ပြလိုက်တယ်။ ဦးနေမင်းဆိုတဲ့ လူကြီးက မျက်မှောင်ကျုံ့သွားပြီး . . .

"ဒီတစ်ခါတည်းပါ အစ်မရဲ့၊ နှစ်ခါဆိုတာ ဘာကိုပြောတာလဲ"

"ဩော် မောင်လေးက မသိလို့နေမှာ၊ ဟိုတစ်ခါ ကျိုးမနိုးပွဲတုန်းက ဆိုင်းဘုတ်ကို ပြင်ရေးသွားတာ မမဝင်းရဲ့ သားပဲလေ"

"ဗျာ"

ဦးနေမင်းက အာမေဋိတ်သံထွက်ရင်း ကျွန်တော့်ဘက် ဖျတ်ခနဲ လှည့်ကြည့်တယ်။ ကျွန်တော်လည်း မျက်နှာပူပြီး မျက်လွှာကို ချလိုက်ရတော့တာပေါ့။

"ကဲပါ မောင်လေးရယ်၊ မောင်လေးက မေးလို့ အစ်မက ပြောပြတာပါ၊ ဒါတွေ ထားလိုက်ပါတော့၊ ဒီက မမဝင်းနဲ့လည်း မိတ်ဆက်ပေးရဦးမယ်၊ မမဝင်း . . ဒါ ကျွန်မ မောင် ဒေါက်တာ နေမင်းတဲ့၊ ဟိုတစ်ခါ အိမ်တက်လုပ်တုန်းက သူက အရေးတကြီးကိစ္စရှိလို့ ဆေးရုံသွားနေရတာနဲ့ မတွေ့လိုက်ရတာ၊ မောင်လေး . . ဒါ ဒေါ်ခင်ခင်ဝင်းတဲ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ကျွန်မလည်း ဝမ်းသာပါတယ်၊ ဒါ ကျွန်မ အမျိုးသားပါ၊ ဦးခန့်နိုင်တဲ့"

ထို့နောက် လူကြီးတွေ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်

[redacted]



ကြတယ်။ အဖေက ဦးနေမင်းကို ကြည့်ပြီး . . .

"ဒီတစ်ခါ ဦးနေမင်းတို့ဘက်က ထပ်ပြီး ခွင့်လွှတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ နောက်တစ်ခါဆို ကျွန်တော်တို့ မျက်နှာတွေ ထောက်ထားစရာ မလိုဘဲ ပြတ်ပြတ်သားသား အရေးယူပေးပါလို့ ပြောချင်ပါတယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ"

ဦးနေမင်း ပြောလိုက်သံ အဆုံးမှာ အားလုံး ရယ်ရယ်မောမော ဖြစ်သွားကြပါတယ်။ အားလုံး ကိစ္စတွေလည်း ပြီးသွားပြီဖြစ်လို့ သက်ဆိုင်ရာလူကြီးတွေ ပြန်သွားကြတယ်။ ကျွန်တော်တို့လည်း ခဏနေတော့ အဲ့ဒီအိမ်က ထပြန်လာခဲ့ကြပါတော့တယ်။

အပြန်လမ်းမှာ အမေနဲ့ အဖေက မျက်နှာမကောင်းဘူး။ ဘော်ဘီ့ရှေ့မှာမို့လို့ ကျွန်တော့်ကို မဆူဘူးဆိုတာ သိနေပါတယ်။ ဘော်ဘီကတော့ ခြံပြင်ရောက်တာနဲ့ ဒီကောင့်ပုံစံအတိုင်း စပ်ဖြဖြနဲ့ ပါလာပါတယ်။ အိမ်ရောက်တော့ လူကြီးတွေ အလစ်မှာ ကျွန်တော့်ကို မေးသေးတယ်။

"မခိုင် ငါတို့ကို တစ်နေရာက ချောင်းကြည့်နေမယ်လို့ မင်း မထင်ဘူးလား၊ အဲ့ဒီလို ချောင်းကြည့်ရင်း ငါ့ကို တွေ့သွားတော့ သူ တော်တော် ရင်ခုန်သွားမှာနော်"

"သေချင်းဆိုး"

ကျွန်တော် တစ်လုံးတည်း ပစ်ပစ်နှစ်နှစ် ဆဲပစ်လိုက်တော့တယ်။ ဒီကောင်ကတော့ ဘာတွေတွေးပြီး ပျော်နေလည်း မသိဘူး။ မျက်နှာကြီးက ပြုံးစိစိနဲ့။

ဒီကောင်နဲ့တော့ ခက်ပါတယ်။

✱✱✱

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဓနို့ လယ်လောက်မှာတင် ကျွန်တော်တို့ ကိစ္စကို တစ်ရပ်ကွက်လုံး သိသွားကြပြီဖြစ်တယ်။ ဟိုကောင်တွေလည်း သိကုန်ကြလို့ လက်ဖက်ရည်ဆိုင်ကို ကျွန်တော်တို့အလာ ထိုင်စောင့်ရင်း မျှော်နေကြတယ်။ ကျွန်တော်တို့ ဆိုင်ကိုရောက်တော့ ဒီကောင်တွေကပဲ စပြီး . . .

"မင်းတို့ကို လူမပြောနဲ့၊ ခွေးတောင် မျက်စိနောက်အောင် ဘာတွေများ သွားလုပ်တာလဲ"

"ဘာလုပ်ရမှာလဲ ဒီကောင်ပေါ့၊ အားအားယားယား လမ်းထလျှောက်မယ်ဆိုလို့ ငါ လိုက်ရတာ"

ဘူကြီးနဲ့ ဂျစ်တူးက ဘော်ဘီ့ကို လှည့်ကြည့်လိုက်တော့ ဒီကောင်က

"နောက်တစ်ခါ မလုပ်တော့ပါဘူးဆိုကွာ"





"နောက်တစ်ခါလုပ်လည်း မင်းဘာသာမင်းလုပ်၊ ငါကတော့ လုံးဝပဲ"

"အေးပါကွာ"

"ဒါနဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြစမ်းပါဦးကွာ၊ ဘယ်ကဘယ်လို စဖြစ်တာလဲ"

ဂျစ်တူးက ဝင်မေးလိုက်တော့ ကျွန်တော်ကပဲ အစအဆုံး ရှင်းပြလိုက်ရပါတော့တယ်။ ရှင်းပြပြီးတော့ ဒီကောင်တွေ ရယ်တယ်။ ဘော်ဘီ့ကိုလည်း ဝိုင်းဆဲကြတယ်။ ဘော်ဘီက သူ့ပုံစံအတိုင်း စပ်ဖြဲဖြဲလေးနဲ့။ ပြီးတော့ ပြောတယ်။

"ဘာပဲဖြစ်ဖြစ် ငါ ဒီရပ်ကွက်မှာ ရှိနေတယ်ဆိုတာ မခိုင် သိသွားတာတော့ ဝမ်းသာတယ်"

"သိပ်လည်း ဝမ်းသာမနေနဲ့ဦး၊ တော်ကြာ သူ့အဖေ အမေတွေရှိတဲ့ နယ်ဘက် လိုက်ပြောင်းသွားမှ ခက်မယ်"

"မင်း ပါးစပ်ပုပ်ကြီးနဲ့ ပြောမနေစမ်းပါနဲ့ ဝင်းခန့်ရာ"

"ပြောမှာပဲ၊ မင်းကို သိပ်ကြည်တာ မဟုတ်ဘူး"

ဘော်ဘီက ကျွန်တော့်စကားကို အလေးမထားဘဲ ဆက်ပြောတယ်။

"ငါ့ဘက်က အချိန်သိပ်ဆွဲလို့တော့ မရဘူးကွ၊ အခုဆို ငါရှိတယ်ဆိုတာလည်း သူသိသွားပြီဆိုတော့ ပေါ်တင်လှုပ်ရှားတာပဲ ကောင်းတယ်"

ဒီကောင့်စကားကြောင့် ကျွန်တော် နည်းနည်းတော့ လန့်သွားတယ်။ ဘာတွေများ ကြံစည်နေလဲဆိုတာ သိချင်တာနဲ့ . . .

"မင်းက ဘယ်လိုတွေးထားလို့လဲ"

ဘော်ဘီ ကျွန်တော့်စကားကို ချက်ချင်းပြန်မဖြေသေးဘဲ မပ်



www.burmeseclassic.com

www.burmeseclassic.com



တွေတွေလေး ဖြစ်သွားတယ်။ ပြီးမှ အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး

"ငါလည်း ဘယ်လိုလုပ်ရမလဲဆိုတာ မပြောတတ်ဘူးကွ၊ အခု ဟာက တက္ကသိုလ်မှာလို ကိုယ်တွေ့ချင်တဲ့အချိန် သွားမတွေ့ရတော့ ခက်တယ်၊ မင်းတို့လည်း ဝိုင်းစဉ်းစားပေးကြဦးလေကွာ၊ ဒါ မင်းတို့ နေရာဆိုတော့ မင်းတို့က ငါ့ထက် ပိုသိမှာပေါ့"

ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ တယ်။ ဘူကြီးက ဒီကောင့်ကို ကြည့်ပြီး ပြုံးတယ်။ ပြီးတော့ ဆေးလိပ် ကို တစ်ချက် ဖွာရှိုက်လိုက်ပြီးမှ . . .

"ငါ့မှာ အကြံတစ်ခုရှိတယ်"

ဘော်ဘီက ဘူကြီးစကားကြောင့် အားတက်သွားပြီး . . .

"လုပ်စမ်းပါ ဘာလဲ"

"မခိုင်ကို ငါ မနက်က လမ်းထိပ်မှာ တွေ့လိုက်တယ်ကွ၊ ကုမ္ပဏီ သွားမလို့ထင်တယ်၊ ယူနီဖောင်း ဝတ်ထားတယ်"

"အဲ့ဒီတော့ . . ."

"အဲ့ဒီတော့ ရှင်းရှင်းလေးပဲလေ၊ သူ ဖယ်ရီစောင့်တာပဲဖြစ်ဖြစ်၊ သွားဖို့ ကားငှားနေတာပဲဖြစ်ဖြစ် တစ်ခုခု စောင့်နေတာတော့ သေ ချာတာပေါ့ကွ၊ မင်းက အဲ့ဒီအချိန်ကို အသုံးချပြီး မခိုင်ကို ကြိုးစား ပေါ့။ အနည်းဆုံးတော့ မင်းအတွက် ဆယ်မိနစ်လောက်တော့ အချိန် ရပါတယ်။ လုံးဝမတွေ့ရတာထက်စာရင် တစ်နေ့ ဆယ်မိနစ်လောက် ထိတွေ့ချိန်ရှိလည်း နည်းလားကွာ"

"ဟား ဟား ဟား ဟုတ်ပါ့ကွာ၊ ဒါ ခွင်ပဲကွ"

ကျွန်တော်က အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့ သဘောနဲ့





ထပြောလိုက်တာပါ။ ဟိုနှစ်ကောင်လည်း အားတက်သရောပဲ ကျွန် တော့်အဆိုကို ဒရောသောပါး ဝင်ရောက် ထောက်ခံကြတယ်။

"ဟုတ်တယ်ကွ၊ ဒါမျိုးက လူများရင် ပွဲမစည်ဘူး၊ တစ်ယောက် တည်း လှုပ်ရှားမှ ရတာ"

ဘော်ဘီ ငြိမ်ကျသွားတယ်။ ကျွန်တော်တို့ကို မသင်္ကာသလိုလို တစ်ချက်ကြည့်တယ်။ ပြီးတော့ . . .

"အဲ့ဒီလိုဖြစ်ပါ့မလားကွာ"

"ဘာလို့ မဖြစ်ရမှာလဲ၊ ကျောင်းတုန်းကလည်း သူ့နောက်ကို မင်းတစ်ယောက်တည်း လိုက်ခဲ့တာပဲ"

ကျွန်တော်တို့ သုံးယောက်လုံး မရည်ရွယ်ဘဲ ပြိုင်တူကြီး ပြော လိုက်မိတာပါ။ ဘယ်လောက်များ ဒီကိစ္စကို လိုက်ရမှာ ကြောက်နေ လည်းဆိုတာ သိသာပါတယ်။ ဘော်ဘီက ခေါင်းခါတယ်။ ကျွန်တော် တို့ သုံးယောက်လုံး ရင်မှာ ဟာခနဲ ဖြစ်သွားတယ်။ ဘော်ဘီက . .

"အဲ့ဒါ ကျောင်းကွ၊ ကျောင်းမှာဆိုတာက ဒီလိုကိစ္စမျိုးတွေက မထူးဆန်းဘူး၊ ကိစ္စမရှိဘူး၊ နောက်ဆုံး သူ မကျေနပ်လို့ အော်ဟစ်ပြီး အကူအညီတောင်းရင်တောင် ပါမောက္ခချုပ်လောက်နဲ့ပဲ တွေ့ရမှာ၊ အခုဟာက ရပ်ကွက်ထဲမှာကွ၊ မတော်လို့ သူက မကျေနပ်ပါဘူးဆို ရင် ရုံးတွေ ဂတ်တွေအထိ ရောက်သွားနိုင်တယ်၊ ကံမကောင်းရင် ထောင်ပါ ကျနိုင်တယ်ကွ"

"ဒီလောက် အားရှိစရာ ကောင်းနေရင်လည်း ဘာလို့လိုက်နေ နေတော့မှာလည်း သူငယ်ချင်းရာ"

"ဟော့ကောင် အချစ်ကွ အချစ် . . အချစ်ကို ဘာနဲ့မှ တားဆီးလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး"

ဘော်ဘီ မျက်ထောင့်နီကြီးနဲ့ အော်တယ်။

ကမ္ဘာလောကကြီးမှာ ကျွန်တော်တို့လောက် ကံဆိုးတဲ့လူ မရှိလောက်တော့ဘူးထင်တယ်။ သူငယ်ချင်းအချင်းချင်း မကူညီချင်လို့ ပြောတာမဟုတ်ပါဘူး။ အခု ဒီကောင့်ကိစ္စက သူပြောတဲ့အတိုင်း ထောင်နှုတ်ခမ်းနင်းပြီး လုပ်ရမလိုဖြစ်နေတော့ ကျွန်တော်တို့တွေ တော်တော်တုန်လှုပ်နေကြတာပါ။ ကျွန်တော်တို့ဆိုတာကလည်း ရပ်ကွက်ထဲမှာ သိတဲ့အတိုင်း။ ပြဿနာကို ကျွန်တော်တို့က ရှာရင် ရှာရ၊ မရှာရရင် ပြဿနာက ကျွန်တော်တို့ကို လာရှာနေတာ။ အဲ့ဒီလိုဆိုတော့

"ဒါပေမယ့် လူများရင် ပွဲမစည်ဘူးဆိုတာတော့ ငါ လက်ခံတယ်ကွ"

"ဟာ ဟုတ်လား မင်းလက်ခံလား"

"အေး လက်ခံတယ်"

ကျွန်တော်တို့ သုံးယောက်လုံး အပျော်လုံးတွေ ပြန်ဆို့လာတယ်။ မျှော်လင့်ချက်ရောင်ခြည်တွေ ပြန်ရလာတယ်။ ဒါပေမယ့် အပျော်ရုပ်ကို ဟန်လုပ်ပြီး ထိန်းထားရပါတယ်။

ဘော်ဘီက တစ်ချက်စဉ်းစားပြီး ဆက်ပြောတယ်။

"ဒီလိုလုပ်ကွာ၊ မင်းတို့တော့ ပါမှဖြစ်မယ်၊ မင်းတို့က ဒီရပ်ကွက်ကဆိုတော့ မင်းတို့ မပါလို့တော့ မဖြစ်ဘူးကွ၊ ငါ့ရပ်ကွက်ဆိုရင်တော့ ပြဿနာမရှိဘူးပေါ့ကွာ သိတယ်မလား။ ဘော်ဘီဆိုရင် ရပ်ကွက်အငြိမ်း"

"အေးပါ . . ထားပါ ဆက်ပြောစမ်းပါ"

"အင်း . . မင်းတို့က လိုက်တော့လိုက်ရမယ်၊ ဒါပေမယ့် ငါနဲ့ ခပ်လှမ်းလှမ်းကပဲ အခြေအနေစောင့်ကြည့်ပေး၊ ဒီလောက်ဆိုရပြီ"



ကျွန်တော်တို့ သုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ ဘာပဲဖြစ်ဖြစ် တပူးတွဲတွဲ ပါနေတာထက်စာရင်တော့ ဒါက အများကြီး တော်သေးတယ်လို့ တွေးလိုက်ကြတယ်။ အကယ်၍ တစ်ခုခု ပြဿနာတက်ခဲ့ရင် ဒီကောင့်ကို ထားပြီး ကိုယ်လွတ်ရုန်းပြေးလို့ ရသေးတယ်။

"လုပ်ကွာ၊ အဲ့ဒီအကြံကောင်းတယ်၊ ငါတို့ မင်းနောက်က ဘယ်သူမှ မသိအောင် လိုက်ခဲ့ပေးမယ်"

"ok ဒါဆို မနက်ဖြန် အစီအစဉ် စမယ်"

"ရတယ်လေ၊ မခိုင် ရုံးသွားချိန်က မနက် ရှစ်နာရီလောက်ပဲ၊ ငါနဲ့ ဂျစ်တူးက ဒီမှာ စောင့်နေမယ်၊ မင်းနဲ့ ဝင်းခန့် ထွက်ခဲ့ပေါ့"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ ဘော်ဘီက ဆက်ပြောတယ်။

"မနက်တိုင်း စားတာ သောက်တာ ငါ ဒကာခံမယ်နော်"

"မင်းပဲ ဒကာခံရမှာပါ စိတ်ချ"

ဘော်ဘီက ပြုံးလိုက်တယ်။ ကျွန်တော်တို့ သုံးယောက်ကတော့ သက်ပြင်းလေးတွေ ကိုယ်စီချလို့ . . .။

***

www.burmeseclassic.com

www.burmeseclassic.com



**မနက်** ခုနစ်နာရီခွဲလောက် ကိုခင်ဇော်ဆိုင်ကို ရောက်တယ်။ ကိုခင်ဇော်ဆိုင်က လမ်းထိပ်မှာဆိုတော့ မခိုင်ကို ဒီကစောင့်တာ အကောင်းဆုံးပဲ။ ဘူကြီးနဲ့ ဂျစ်တူးကတော့ ရှစ်နာရီ ထိုးကာနီးမှ ရောက်လာကြတာပါ။

ရောက်ရောက်ချင်းပဲ ဒီကောင်တွေက . . .

"စောလှချည်လား၊ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"ခုနမှပါ"

ကျွန်တော်က ပြောလိုက်ပြီးတော့ ဒီကောင်တွေကို ခုံလှမ်းပေးလိုက်တယ်။ ဂျစ်တူးက ထုံးစံအတိုင်းပဲလို့ ကိုခင်ဇော်ကို လှမ်းအော်ပြီး ထိုင်လိုက်တယ်။ ခဏနေတော့ ဘူကြီးက . . .

"ငါတွေ့တာ ဒီအချိန်ပတ်ဝန်းကျင်ပဲကွ၊ တော်ကြာ ထွက်လာတော့မှာပါ"



"ဒီနေ့ ဘာနေ့လဲ၊ သေချာကြည့်ဦး၊ တော်ကြာ ရုံးပိတ်ရက်ဖြစ်နေဦးမယ်"

"ကြာသပတေးနေ့ပါကွာ၊ မဖြစ်ပါဘူး"

ဒီလိုနဲ့ မှာထားတဲ့ လက်ဖက်ရည်နှစ်ခွက်ကို လာချလို့ ဒီကောင်တွေ သောက်လိုက်ကြတယ်။ ဘော်ဘီကတော့ မခိုင်တို့အိမ်ဘက်ကို မျှော်ပြီး ကြည့်နေတယ်။ ကျွန်တော်က ဘော်ဘီ့ကို ကြည့်ပြီး . . .

"အဲ့ဒီလောက်လည်း ကျောက်ရုပ်ကြီးလို ကြည့်ပြီး မျှော်မနေပါနဲ့၊ အချိန်တန်တော့ လာမှာပေါ့"

ဘော်ဘီက ရယ်တယ်။ ပြီးတော့ စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိလိုက်တယ်။ ကျွန်တော့်ကိုလည်း တစ်လိပ် လှမ်းပေးတယ်။

"မခိုင်နဲ့ စတွေ့ရင် ငါ ဘာပြောရမလဲ မသိဘူးကွ"

ကျွန်တော်က ဆေးလိပ်ကို မီးညှိပြီး ဖွာထုတ်လိုက်ပြီးမှ . . .

"နေကောင်းလား ဘာလား အရင်စမေးလိုက်ပေါ့ကွာ"

"မရိုးစင်းဘူးလား"

"ဒါပဲပြောစရာရှိတာပဲကွ၊ မင်းက ဘာပြောချင်သေးလို့လဲ"

ဘော်ဘီက သက်ပြင်းကို ချတယ်။ ပြီးတော့မှ . . .

"မသိသေးပါဘူးကွာ၊ ရင်တော့ တော်တော်ခုန်နေတယ်ကွ၊ မမြင်ရတာကြာပြီဖြစ်တဲ့ မျက်နှာလေးကို ပြန်တွေ့ရမယ်ဆိုတော့ တော်တော်ရင်ခုန်နေတာ"

"ဟော့ကောင် . . ဟော့ကောင် ဟိုမှာ လာနေပြီ၊ ရင်ခုန်တာတွေ နောက်မှထား . . အသင့်ပြင်"

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်တူးစကားကြောင့် ဘော်ဘီ လမ်းမဘက် လှမ်းကြည့်လိုက်တယ်။ ပြီးတော့ မျက်နှာက တစ်မျိုးဖြစ်သွားပြီး . . .

"လှလိုက်တာကွာ၊ ဘယ်အချိန်ကြည့်ကြည့် လှတုန်းပဲ၊ အရင်ကထက်တောင် ပိုလှလာသေးတယ်"

"ကဲပါ . . သွားပါ လစ်တော့"

"မင်းတို့ပါ လိုက်ခဲ့လေ"

"ငါတို့က ဒီကပဲ စောင့်မယ်လေကွာ၊ လှမ်းမြင်နေရတာပဲဟာ"

ဒီကောင် တုံ့ဆိုင်း တုံ့ဆိုင်းနဲ့ ထတယ်။ ပြီးတော့ လက်ဖက်ရည်ဆိုင်ထဲက ထွက်သွားတယ်။

"အဆင်ပြေပါစေလို့ ဆုတောင်းပါတယ်ကွာ"

ဘော်ဘီက တိုးတိုးလေး ရေရွတ်လိုက်တယ်။ ဒီကောင့်ကို ကြည့်ပြီး ကျွန်တော်တို့လည်း ရင်ခုန်နေကြပါတယ်။ ဒီကောင် မခိုင်နားကို ရောက်သွားတော့ မခိုင်က တစ်ချက် လှည့်ကြည့်တယ်။ ဒီကောင့်ကို မြင်သွားတော့ အံ့သြသလိုဖြစ်သွားပြီး မျက်နှာ တစ်ချက် ပျက်သွားတယ်။ ပြီးတော့ ဘော်ဘီ့ရှေ့ကနေ ခပ်သုတ်သုတ် လျှောက်သွားတယ်။ ဘော်ဘီ မခိုင်နောက်က အသာလိုက်သွားပြီး စကားတွေ ပြောနေတယ်။ ဘာတွေပြောလည်း ကျွန်တော်တို့ မသိဘူး။ မခိုင်ကတော့ ဘာမှပြန်မပြောတာ သေချာတယ်။

လမ်းမဘက်ကိုရောက်တော့ မခိုင်က ညာဘက်ကို ချိုးပြီး ထွက်သွားတယ်။ ဘော်ဘီ မခိုင်နောက်ကို ဆက်လိုက်သွားတယ်။ သူတို့နှစ်ယောက် ကျွန်တော်တို့ မြင်ကွင်းက ပျောက်သွားတယ်ဆိုရင်ပဲ ကျွန်တော်က . . .



"လိုက်သွားရအောင်ကွာ လာ . . တော်ကြာ တစ်ခုခုဖြစ်နေဦးမယ်"

"သိပ်လည်း မစိုးရိမ်ပါနဲ့ကွာ၊ မခိုင်ပုံစံကြည့်ရတာ အခြေအနေကောင်းပါတယ်"

ဘူကြီးကပြောတော့ ကျွန်တော်က လှည့်ကြည့်ပြီး . . .

"ပြောလို့မရဘူးကွ၊ ဘော်ဘီ့အကြောင်းလည်း မင်းသိတာပဲ၊ ဒီကောင်က ဝမ်းတွင်းရှူး၊ ပေါက်ကရတွေ လျှောက်လုပ်နေမှခက်မယ်"

ကျွန်တော်တို့ သုံးယောက် ဝိုင်းက ထလိုက်ကြတယ်။ ဂျစ်တူးက ကိုခင်ဇော့်ကို လက်ထောင်ပြပြီး ဆိုင်ထဲက ထွက်လာလိုက်တယ်။ ဆိုင်အပြင်ဘက်ရောက်တော့ လမ်းမဘက်သွားဖို့အလုပ် ဒေါ်စောကြည်နဲ့ ရွှန်းဆိုတဲ့ ကောင်မလေးတို့ လမ်းလျှောက်လာတာတွေ့လို့ ကျွန်တော်တို့ ကြက်သေ သေသွားကြတယ်။ သူတို့က ဆွဲခြင်းလေးတွေကိုင်ပြီး လမ်းလျှောက်လာကြတာပါ။ ကြည့်ရတာ ဈေးသွားမလို့ထင်တယ်။ ဘူကြီးက အဲ့ဒီနှစ်ယောက်ကို ကြည့်ပြီး . . .

"အဲ့ဒါမှ ကျိုင်ပဲ၊ လမ်းမရောက်လို့ ဟိုကောင်တွေကို တွေ့သွားရင် ပြဿနာပဲ"

"ဟုတ်တယ်ကွ၊ ဘော်ဘီ့ကိုလည်း သူတို့က တွေ့ဖူးထားတော့ မခိုင်နဲ့ နှစ်ယောက်အတူတွေ့လို့ မဖြစ်ဘူးကွ"

အဲ့ဒါတော့ ဟုတ်တယ်။ မခိုင်နဲ့ ဘော်ဘီ့ကိုသာ နှစ်ယောက်အတူတွေ့ရင် မခိုင်ကို စစ်လား ဆေးလားတွေ လုပ်နိုင်တယ်။ အဲ့ဒီအခါ မခိုင်က ဘော်ဘီ သူ့ကို လိုက်နှောင့်ယှက်နေတာပါလို့ ပြောလိုက်ရင် မလွယ်ဘူး။ ဒါကြောင့် ကျွန်တော်ကပဲစပြီး အဲ့ဒီတူဝရီးနှစ်ယောက်ကို တားရတော့တယ်။ သူတို့ လမ်းမဘက်ရောက်မသွား

www.burmeseclassic.com

www.burmeseclassic.com



အောင် အချိန်ဆွဲလိုက်တာပါ။

"ဟာ အန်တီတို့ပါလား၊ ဘယ်သွားကြမလို့လဲ"

ကျွန်တော့်နှုတ်ဆက်သံကြားတော့ ဒေါ်စောကြည်က လှည့်ကြည့်တယ်။ ပြီးတော့မှ ပြုံးပြပြီး . . .

"ဈေးသွားမလို့ပါကွယ်၊ ဒါနဲ့ မင်းတို့ကရော ဘယ်သွားမလို့လဲ"

"ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်က ပြန်လာတာဗျ"

"ဩော် အေး အေး . . သွားလိုက်ဦးမယ်နော်"

ပြောပြီး ဒေါ်စောကြည်က ထွက်တယ်။ ကျွန်တော်တို့လည်း ကြောင်ပြီး ကျန်ခဲ့ရာက အသိဝင်သွားပြီးမှ . . .

"ဟာ . . အန်တီ အန်တီ . . ခဏ ခဏ"

ဒေါ်စောကြည်က လှည့်ကြည့်ပြီး မျက်မှောင်ကျုံ့လိုက်တယ်။ ပြီးမှ . . .

"ဘာများလဲကွဲ့"

ကျွန်တော် ရုတ်တရက်ဆိုတော့ ဘာပြောလို့ ပြောရမှန်း မသိပါ။ ဘော်ဘီ ပြန်ရောက်မလာမချင်း အချိန်ဆွဲထားဖို့ပဲ သိတယ်။ အစကတည်းက ကြိုတင်ကြံစည်မှုလည်း မပါတော့ ရုတ်တရက်ကြီး ဖြစ်သွားတာ။ ကျွန်တော် အကြံအိုက်ပြီး ကြောင်သွားတာကို ဒေါ်စောကြည်က ကြည့်ပြီး . . .

"မင်းက ဘာပြောစရာရှိလို့လဲ"

"အဲ . . ဟိုဟာ . . အန်း . . ကြေးစည် ကြေးစည် . . အဆင်ပြေလားလို့"

"ကြေးစည် ဟုတ်လား"



"ဟုတ်ကဲ့ ကြေးစည် အဆင်ပြေလားလို့၊ အန်တီတို့က ကြေးစည်ကို ဘယ်ဆိုင်က မှာထားတာလဲ"

"ဟိုဘက်ထိပ်က ဆိုင်ကလေကွယ်"

"ဩော် ဟုတ်လား၊ အဲ့ဒီဆိုင်က ကျွန်တော်တို့နဲ့ သိတယ်ဗျ၊ အဲ့ဒါကြောင့် ကြေးစည်ကိစ္စ အဆင်မပြေရင် သွားပြောပေးမလို့ပါ"

"ရပါတယ်၊ ဟိုနေ့ကပဲ လာပို့ပြီးသွားပါပြီ"

"ဩော် ဟုတ်ကဲ့ . . ဟုတ်ကဲ့"

"ကဲ သွားဦးမယ်"

"နေပါဦးခင်ဗျ"

ဒေါ်စောကြည် လှည့်ကြည့်ပြန်တယ်။ ဒီတစ်ခါတော့ နည်းနည်း စိတ်တိုသွားပုံရတယ်။

"ဘာပြောဦးမလို့လဲကွဲ့"

"အဲ . . ဟို . . ဟိုဟာ . . မနေ့ကကိစ္စ အန်တီ့ကို တောင်းပန်ချင်လို့ပါ၊ အဲ့ဒီတုန်းက အေးအေးဆေးဆေး မတောင်းပန်လိုက်ရဘူး"

ဒေါ်စောကြည်က . . .

"ရပါတယ်၊ မင်းတို့မိဘတွေကိုယ်တိုင် တောင်းပန်ပြီးပြီပဲဟာ၊ ကဲ ဈေးနောက်ကျမှာစိုးလို့ သွားဦးမယ်"

"နေပါဦးခင်ဗျ"

"လာပြန်ပြီ . . ကဲ ဘာပြောဦးမလို့လဲ"

ဒီတစ်ခါတော့ ဒေါ်စောကြည်အသံ နည်းနည်းမာလာတယ်။ ကျွန်တော်တို့ကိုလည်း မကြည်သလိုလို ကြည့်တယ်။ သူ့ကို သက်သက်လိုက်နှောင့်ယှက်နေတယ်လို့ ထင်သွားပုံလည်း ရတယ်။ ဘော်ဘီက

www.burmeseclassic.com

www.burmeseclassic.com



လည်း အခုထိ ပြန်ကိုမလာသေးတော့ ဒီနည်းလမ်းအပြင် သူတို့ကို အချိန်ဆွဲထားစရာ နည်းလမ်းမရှိတော့လို့ပါ။

"ကဲ ဘာလဲ ပြော ပြော"

"အဲ . . ဟိုဟာလေ . . ဟို ကျီးမနိုးပွဲတုန်းက ကိစ္စလေးလည်း တလက်စတည်း တောင်းပန်လိုက်ချင်လို့ပါ"

"နေပါဦး မင်းတို့က ဘယ်လိုဖြစ်ပြီး အခုမှ ကိစ္စတွေအားလုံး တန်းစီပြီး တောင်းပန်နေရတာလဲ"

"အဲ . . အဲ့ဒီတုန်းက အခုလို အေးအေးဆေးဆေး မတွေ့ဖြစ်သေးလို့ပါဗျ"

"ဪ အဲ့ဒါကြောင့် အခုမှ အေးအေးဆေးဆေး တွေ့တယ်ဆိုပြီး တောင်းပန်တာပေ့ါ ဟုတ်လား"

"အဟီး . . ဟုတ်ကဲ့ . . ဟုတ်ကဲ့ပါခင်ဗျ"

"အေး ဒါဆိုလည်း ပြောရသေးတာပေ့ါ၊ အဲ့ဒီကျီးမနိုးပွဲကိစ္စနဲ့ ပတ်သက်ပြီး သူတို့အဖေက မင်းတို့ကို တော်တော်ဒေါသထွက်သွားတာ၊ မင်းတို့လုပ်ပုံကိုလည်း ကြည့်ဦးလေ၊ ဘာဖြစ်လို့ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိပါးစေမယ့် စကားလုံးမျိုးတွေ ရေးသွားတာလဲ"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့လည်း ပျော်ချင်တာတစ်ခုတည်း ကြည့်ပြီး လုပ်လိုက်မိတာပါ၊ အဲ့ဒီအတွက် အနူးအညွတ် တောင်းပန်ပါတယ်၊ ဒီက ညီမလေးကိုလည်း တောင်းပန်ပါတယ်နော်"

"ရပါတယ်"

ကောင်မလေးက ကျွန်တော်တို့ကို ကြည့်ပြီး မျက်လွှာချကာ ဆိုတယ်။ ကောင်မလေးမျက်နှာက မနက်ခင်းမှာ ကြည်လင်ရှင်းသန့်





နေတာ တွေ့ရတယ်။ တလက်စတည်း နာမည်လေးပါ မေးထားလိုက်ရင် ကောင်းမလား တွေးလိုက်ပြီးမှ ဒေါ်စောကြည်မျက်နှာကြီး ပေါ်လာပြီး အကြံအစည်ကို ပယ်ဖျက်လိုက်ရတယ်။

"အေး . . အေး မင်းတို့ အခုလို ကြုံကြိုက်တုန်း ကိုယ့်အမှားကိုယ် သိပြီး လူကြီးတွေကို တောင်းပန်တယ်ဆိုတော့လည်း မင်္ဂလာတစ်ပါးနဲ့အညီ ကောင်းတာပေ့ါကွယ်၊ ဟုတ်ပြီ . . ဟုတ်ပြီ ဒါဆို ငါတို့ ဈေးသွားတော့မယ်နော်"

"နေပါဦး အန်တီရယ်"

"ကဲ ငါတို့က ဒီနေ့ ဈေးသွားရဦးမှာလား"

"တောင်း . . တောင်းပန်ပါတယ် အန်တီရယ်၊ အခုလို အန်တီတို့ ဈေးသွားမှာကို ထပ်ပြီး ဟန့်တားရတဲ့အတွက် ထပ်ပြီးတောင်းပန်ပါတယ်ဗျာ"

ဒေါ်စောကြည် ကျွန်တော့်ကို မမြင်ဖူးတဲ့သတ္တဝါလို ကြည့်တယ်။ အတောင်းပန်ခံရတဲ့အတွက် သူ တော်တော်ကြောင်သွားပုံလည်း ရတယ်။

"မင်းတို့ ငါ့ကို ဘာများထပ်ပြီး တောင်းပန်စရာရှိသေးလို့လဲ"

"ရှိပါတယ်ခင်ဗျ၊ ဒီတစ်ခါ နောက်ဆုံးအနေနဲ့ တောင်းပန်ခွင့်လေး ပေးပါ"

ဒေါ်စောကြည် ငြိမ်နေတယ်။ ကောင်မလေးက ပြူးတိ ပြူးကြောင်လေးနဲ့ ကျွန်တော့်ကို ကြည့်တယ်။

"ဒီလိုပါ၊ ကြေးစည်ကိစ္စတုန်းကလည်း မမေးမစမ်း ပေးခဲ့မိတဲ့အတွက် အန်တီတို့ အလုပ်ရှုပ်သွားခဲ့ရပါတယ်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



“မနေ့က မနက်ကလည်း ကျွန်တော်တို့ကြောင့် အန်တီတို့ အိပ်ရေးတွေပျက်ပြီး စိတ်ပင်ပန်း လူပင်ပန်းဖြစ်ခဲ့ရပြန်ပါတယ်”

“ဟုတ်တယ်လေ ခုနက ပြောပြီးပြီပဲ”

ဒေါ်စောကြည်စကားကို အရေးမစိုက်ဘဲ ကျွန်တော် ပြောချင်တာ ဆက်ပြောတယ်။

“ကျိုးမနိုးပွဲတုန်းကလည်း ကျွန်တော်တို့လုပ်ရပ်ကြောင့် အန်ကယ် ဦးနေမင်းတစ်ယောက် စိတ်ဆိုးခဲ့ရပါတယ်”

“ဟုတ်တယ်လေ၊ ခုန မင်း ငါ့ကို တောင်းပန်ပြီးပြီပဲ”

“အဲ့ဒါတွေအားလုံးအတွက် ကျွန်တော်တို့ဘက်က တစ်ခါတည်း တောင်းပန်ပါတယ်ဗျာ”

“ဟေ”

တောင်းပန်ပြီးတဲ့စကားတွေကို ထပ်ခါတလဲလဲ ပြန်လည်တောင်းပန်နေတဲ့အတွက် ဒေါ်စောကြည်ဆီက အာမေဋိတ်သံကြီး ထွက်လာတယ်။ ကျွန်တော်လည်း ဘာပြောလို့ ပြောရမှန်းမသိတာနဲ့ စိတ်ကူးတည့်ရာတွေ လျှောက်ပြောရင်း အဲ့ဒီအခြေအနေ ဆိုက်သွားတာပါ။

ကျွန်တော့်စကားဆုံးတော့ ဘူကြီးနဲ့ ဂျစ်တူးပါ အားတက်သရော ဝင်ရောက်တောင်းပန်ကြပါတယ်။ အဲ့ဒီလိုနဲ့ ကျွန်တော်တို့ တောင်းပန်ပွဲကြီးက စည်စည်ကားကားကြီး ဖြစ်သွားကြပါတယ်။

“ကျွန်တော်တို့လည်း တောင်းပန်ပါတယ် အန်တီ”

“ဟုတ်ကဲ့ ကျွန်တော်ကလည်း အားလုံးကိုယ်စား ထပ်ပြီး တောင်းပန်ပါတယ်”

“ကျွန်တော်က ဒီကောင့်ထက်ပိုပြီး တောင်းပန်ပါတယ်”



“ကျွန်တော်က အားလုံး အားလုံးထက် ပိုပြီးတောင်းပန်ပါတယ်”

အဲ့ဒီအချိန်မှာ ဘော်ဘီ ရောက်လာတယ်။ ကျွန်တော်တို့နဲ့ ဒေါ်စောကြည်တို့ စကားပြောနေတာ တွေ့တော့ တအံ့တသြနဲ့ ဝင်လာတယ်။ ကျွန်တော်တို့ တောင်းပန်နေသံတွေကြားတော့ သူလည်း ဘုမသိ ဘမသိနဲ့ ဝင်ပြီး . . .

“ကျွန်တော်လည်း တောင်းပန်ပါတယ်ဗျာ”

“မင်းက ဘာသိလို့ ဝင်ပြီး တောင်းပန်နေတာလဲ”

“သိဘူးလေ၊ မင်းတို့ တောင်းပန်နေတာတွေ့လို့ ငါလည်း ဝင်ပြီး တောင်းပန်တာပေါ့”

“သြော် အေး ဟုတ်တယ် မနေ့က မနက်ကကိစ္စမှာ မင်းလည်း ပါတယ်၊ မင်းကြောင့်ဖြစ်ရတာ၊ ဒီကအန်တီကို မင်း တောင်းပန်လိုက်”

“အာ ဟုတ်သားပဲ . . အဲ့ဒီကိစ္စအတွက် . .”

“ကဲ တော်ကြပါတော့ကွယ် . . တော်ကြပါတော့၊ မင်းတို့ ဒီထက်ပိုပြီး တောင်းပန်နေရင် သက်ဆိုင်ရာကို ဝတ္တရားနှောင့်ယှက်မှုနဲ့ ငါတိုင်ရလိမ့်မယ်”

“တောင်းပန်ပါတယ် အန်တီရယ်၊ အဲ့ဒီလိုတော့ မလုပ်ပါနဲ့”

“လာပြန်ပြီလား ဒီတောင်းပန်စကား”

“အန်တီပဲ အပြစ်ကိုသိလို့ တောင်းပန်တာ မင်္ဂလာတစ်ပါးနဲ့ ညီတယ်ဆို”

“တော်ပြီ တိတ်တော့ . . အားလုံးကို ခွင့်လွှတ်တယ်လို့ ပြောပြီးသားပဲ၊ နောက်တစ်ခါ ထပ်ပြီး တောင်းပန်ရင် ငါ့အဆိုးမဆိုနဲ့၊ လာ . . သမီး ဈေးတောင် ရှိပါ့ဦးမလား မသိဘူး . . တောက်”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောကြည် ဆောင့်ဆောင့် ဆောင့်ဆောင့်နဲ့ ထွက်သွားပါတယ်။ ကျွန်တော်တို့လည်း သူတို့တူဝရီးနှစ်ယောက်ကိုကြည့်ရင်း ကျန်ခဲ့တယ်။ ခဏကြာတော့မှ ဂျစ်တူးက ဘော်ဘီကို ကြည့်ပြီး . . .

"အဲ့ဒါ မင်းကြောင့်ဖြစ်တာ"

"ဘာဆိုင်လို့လဲကွ"

"မင်းတို့နှစ်ယောက်ကို တွေ့သွားမှာစိုးလို့ အချိန်ဆွဲရင်းနဲ့ ဒီအခြေအနေဆိုက်သွားတာပဲ"

ဘော်ဘီက ရယ်တယ်။ ပြီးတော့ ဝမ်းသာအားရမျက်နှာကြီးနဲ့

"မခိုင်က ငါ့ကို စကားပြန်ပြောတယ် သိလား"

"ငါတို့တွေ့ရသလောက်တော့ သူ မင်းကို လှည့်တောင်မကြည့်ပါဘူး"

"ငါပြောတာ နားထောင်စမ်းပါဦး၊ မင်းတို့ပြောတာ ဟုတ်ပါတယ်၊ အစပိုင်းတော့ ပြန်မပြောဘူးကွ၊ ဒါပေမယ့် ဟိုဘက်ရောက်သွားတော့ ငါ့ကို ဘယ်တုန်းက ပြန်ရောက်တာလဲလို့ မေးတယ်"

"အဲ့ဒီတော့ မင်းက ဘာဖြေလိုက်လဲ"

"ပြန်ရောက်တာ မကြာသေးဘူးလို့ ပြောလိုက်တာပေါ့"

"အဲ့ဒီတော့ . ."

ဂျစ်တူးက စကားထောက်တယ်။ ဘော်ဘီက . . .

"ငါ့ကို နည်းနည်းပိန်သွားတယ်တဲ့"

"အေကိုက်လာတာလို့ ပြောလိုက်တာ မဟုတ်ဘူး"

ဂျစ်တူးကို ဘော်ဘီ အသံတိတ်ဆဲတယ်။ ဘာပဲဖြစ်ဖြစ် မခိုင်ဘက်က စကားပြန်ပြောဖော်ရတယ်ဆိုရင်ပဲ ဒီကောင့်အခြေအနေမဆိုးဘူးလို့ ဆိုရမယ်။



"အသားတွေလည်း မည်းသွားတယ်လို့ ပြောသေးတယ်ကွ"

ဒီကောင်ပြောသမျှ နားထောင်ရင်း ကိုခင်ဇော်ဆိုင်ဘက် ကျွန်တော်တို့ လျှောက်လာခဲ့ကြတယ်။ ဆိုင်ကိုရောက်တော့ ကိုကျော်ကြီးက ကျွန်တော်တို့ဝိုင်းမှာ ထိုင်နေတာ တွေ့ရတယ်။

"မင်းတို့ အဘွားကြီးနဲ့ စကားပြောနေတာ တွေ့တာနဲ့ လှမ်းမခေါ်တော့ဘဲ ဒီကနေစောင့်နေတာ၊ တော်တော်လေးပေးတွေ ဖြောင့်နေကြတယ် ဟုတ်လား"

"မဟုတ်ပါဘူး ကိုကျော်ကြီးရာ၊ ဒီကောင့်ကိစ္စ လိုက်လုပ်ပေးရင်း ဝင်ရောလိုက်ရတာပါ"

ကိုကျော်ကြီးက ဘော်ဘီကို အကဲခတ်သလို ကြည့်လိုက်တယ်။ ကိုကျော်ကြီးနဲ့ ဘော်ဘီကို ကျွန်တော်တို့က မိတ်ဆက်ပေးရင်း ဘော်ဘီနဲ့ မခိုင်ကိစ္စပါ ပြောပြဖြစ်တယ်။ ကိုကျော်ကြီးက . . .

"ကျောင်းတော်က ဇာတ်လမ်းတွေ မပြီးသေးတဲ့သဘောပေါ့ ဟုတ်လား"

"ဟုတ်ပါ့ ဒီကောင့်ဇာတ်လမ်းက ဆက်ရန်ရှိသေးသည်ဆိုပြီး ကျန်ခဲ့တဲ့ဟာ၊ အခုမှ ဆက်ရိုက်ရသလို ဖြစ်နေတော့တာ"

"ချကွာ လိုအပ်တာပြော၊ ဒါမျိုးဆို ကိုယ်လည်း ကူညီပေးချင်ပါတယ်ကွ"

ဘော်ဘီက ဝမ်းသာအားရ ရယ်တယ်။ ကိုကျော်ကြီးကလည်း ဘော်ဘီကို အားပေးတဲ့အနေနဲ့ ပခုံး တစ်ချက်ပုတ်ပြီး စကားတွေ ဆက်ပြောနေတယ်။ ပြီးတော့မှ ကျွန်တော်တို့ဘက် ကြည့်ပြီး . . .

"ဝင်းခန့်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ကျွန်တော် ထူးလိုက်တော့ ကိုကျော်ကြီးက . . .

"ပြောရမှာတော့ စိတ်ထဲ တစ်မျိုးကြီးပဲကွ၊ ဒါပေမယ့် ငါ့မှာလည်း မင်းတို့ပဲ ပြောပြစရာရှိလို့"

"အင်း ပြောလေ ကိုကျော်ကြီး၊ ဘာလဲ"

"အင်း . . ဟိုဟာကွာ"

ထိုသို့ပြောပြီး ကိုကျော်ကြီးက စကားကို ပြောသင့် မပြောသင့် စဉ်းစားပြီး ရပ်သွားတယ်။ ကိုကျော်ကြီးပုံစံ ကြည့်ပြီး ကျွန်တော်တို့ တော်တော် စိတ်ဝင်စားသွားတယ်။ ခဏနေတော့ ကိုကျော်ကြီးက. .

"မင်းတို့ ဒီရက်ပိုင်းအတွင်း မလွန်းတင်ကို ဘယ်လိုမြင်လဲ"

"ဗျာ"

"အဲ"

ရုတ်တရက် ကြားလိုက်ရတဲ့ စကားကြောင့် ကျွန်တော်တို့ ကြောင်သွားတာပါ။ ရင်ထဲမှာလည်း ဒိန်းခနဲ ဖြစ်သွားတယ်။ ကိုယ်တွေက သူနာမည်ကို မလွန်းတင်ဆီမှာ ကောင်းကောင်းကြီး အသုံးချခဲ့ဖူးတာကိုး။

"ဘာ . . ဘာ . . ဘာဖြစ်လို့လဲ ကိုကျော်ကြီး"

ကိုကျော်ကြီးက စဉ်းစားတယ်။ တော်တော်ကြီး လေးလေးနက်နက် စဉ်းစားတယ်။ ပြီးတော့ မဟုတ်သေးပါဘူးဆိုတဲ့သဘော ခေါင်းခါတယ်။ ပြီးတော့မှ ကျွန်တော်တို့ကို ကြည့်ပြီး . . .

"ဒီရက်ပိုင်း ဒီမိန်းမကြီး ငါ့ကို ဆက်ဆံတာ တစ်မျိုးပဲကွ"

"ဘ . . ဘ . . ဘယ်လိုတစ်မျိုးကြီးလဲ ကိုကျော်ကြီး"





"မသိဘူးကွာ၊ တစ်မျိုးတော့ တစ်မျိုးကြီးပဲ၊ ဘယ်လိုကြီးလဲ မသိဘူး၊ အခုလည်း ငါ ဒီကိုအလာ . . ."

ထိုနေရာမှာ ကိုကျော်ကြီးက စကားကိုရပ်တယ်။ ပြီးတော့ စိတ်ပျက်လက်ပျက်ကြီး သက်ပြင်းကို ချတယ်။ ပြီးတော့မှ . . .

"မပြောတတ်ဘူးကွာ၊ ထားပါတော့"

ဆိုပြီး စကားကို ဖြတ်လိုက်တယ်။

ကိုကျော်ကြီး စကားဆုံးတော့ ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ပြီးတော့ ရင်ထဲမှာလည်း . . .

"တောင်းပန်ပါတယ် ကိုကျော်ကြီးရယ်"

ဘော်ဘီကတော့ ဘာမှသိသူမဟုတ်တော့ တောင်ကြည့် မြောက်ကြည့်နဲ့ပေါ့။

***



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)





**အချိန်** စက်ဝိုင်းက 'ဖုန်းတုန်း လုံးတုန်း၊ တန်ဆောင်မုန်း' ကိုပင် ကျော်ဖြတ်၍ 'နတ်တော် ပြာသို၊ ကြဲဖျားချို' ကာလသို့ပင် ရောက်ရှိလာပြီဖြစ်တယ်။ အင်္ဂလိပ်လအနေနဲ့ဆိုရင်တော့ ဒီဇင်ဘာလပေါ့။ ဒီဇင်ဘာလရဲ့ အအေးဒဏ်က ခပ်ကြမ်းကြမ်းကြီး မအေးဘဲ ညင်သာစွာ သူ့ရဲ့ အေးစက်မှုကို တိတ်တိတ်ကလေး ခြွေချနေသလို အေးတယ်။ မရိုင်းဘဲ ယဉ်ယဉ်ကလေး လှုပ်ရှားနေတဲ့ ဆောင်းရဲ့ မနက်ခင်းတွေအောက်မှာ ကျွန်တော်တို့တတွေလည်း ထုံးစံအတိုင်း လှုပ်ရှားပါတယ်။

မနက်ဆို ဘော်ဘီက မခိုင်ကို စောင့်နေကျနေရာမှာ စောင့်တယ်။ ကျွန်တော်တို့က ကိုခင်ဇော်လက်ဖက်ရည်ဆိုင်မှာ ထိုင်နှုန်းအခြေအနေ ကြည့်တယ်။ တစ်ချို့ရက်တွေမှာ 'ရှွန်း' ဆိုတဲ့ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေး ဈေးသွားတာကို တွေ့ရတယ်။ သူနဲ့အတူ ဒေါ်စောကြည် ပါတဲ့အခါ ပါတယ်၊ မပါတဲ့အခါ မပါဘူး။ သူမ ဈေးသွားတဲ့အခါတိုင်း ကိုခင်ဇော်ဆိုင်ရှေ့က ဖြတ်သွားလို့ ကျွန်တော်တို့ အမြဲတွေ့နေရပါတယ်။

‘ရွှန်း’က လှပါတယ်။ လှတာမှ တော်တော်ကလေး လှတာပါ။ တစ်ခါတစ်ရံ သူ့မျက်နှာလေးက တစ်ညလုံး နှင်းရည် သောက်သုံးပြီး အရုဏ်တက်မှ လန်းလန်းဆန်းဆန်း ဖူးပွင့်ရတဲ့ နှင်းဆီငုံကလေးနဲ့ တူတယ်။ တစ်ခါတစ်ရံ ဣန္ဒြေရရ တည်ငြိမ်လှတဲ့ သဇင်ပန်းကလေးနဲ့ တူတယ်။ တစ်ခါတစ်ရံ ရောင်စုံခြယ်သမှုတွေအကြား ပြတ်ပြတ်သားသား လှပရတဲ့ ဂျင်ဂယ်ဘယ်ပန်းကလေးနဲ့ တူတယ်။ အဲ့ဒါကြောင့်လည်း သူမရဲ့ ဂုဏ်သတင်းက အချိန်ကာလတစ်ခုအတွင်းမှာပဲ ဌာနေရပ်ကွက်ကို ကျော်ပြီး ရပ်ကျော်ရွာကျော် ပျံ့နှံ့ပါတယ်။

အခုဆို ကိုခင်ဇော်ဆိုင်မှာ သူမအလှကို လာရောက်စောင့်ကြည့်သူတွေ များလာပါပြီ။ အဲ့ဒီအထဲမှာ ကျွန်တော်တို့လည်း ပါတယ်။ ခေတ်ကာလလူငယ်တွေဆိုတော့ အလှအပတရားကို ခံစားတဲ့အနေနဲ့ ကျွန်တော်တို့လည်း သူမရဲ့ အလှကို တလေးတစား ကြည့်ပါတယ်။

ဘူကြီးက တစ်ရက်မှာ ပြောဖူးတယ်။

“ဒီကောင်မလေး တော်တော်လှတာကွ၊ စစတွေ့ချင်းတုန်းက အမှုမဲ့ အမှတ်မဲ့မို့လို့လား မသိဘူး၊ သိပ်သတိမထားမိလိုက်ဘူး၊ အခုမှ သေသေချာချာကြည့်တော့ သေသေချာချာ လှလာတာ တွေ့ရတယ်”

ကျွန်တော် ခေါင်းညိတ်ပါတယ်။ မငြင်းပါဘူး။ ငြင်းစရာလည်း မလိုဘူးထင်ပါတယ်။ သူမက ငြင်းစရာ မလိုလောက်အောင် လှ



တာကိုး။

“ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်တယ်ကွာ၊ အဲ့ဒီကောင်မလေး ရည်းစားရသွားတယ်ဆိုရင်လည်း ကိုယ့်ရပ်ကွက်ထဲက လူနဲ့ပဲ ဖြစ်စေချင်တယ်”

ဂျစ်တူးက ပြောတာပါ။ သူမက တခြားရပ်ကွက်က ကာလသားတွေလည်း လာဝဲနေကြလို့ အဲ့ဒီစကားကို ထပြောတာပါ။ အဲ့ဒီစကားကိုတော့ ကျွန်တော် ခေါင်းလည်း မညိတ်ဘူး၊ ခေါင်းလည်း မခါဖြစ်ဘူး။ အချစ်ဆိုတဲ့အရာကို ဘယ်အရာနဲ့မှ ဘောင်ခတ်ထားလို့ မရဘူးဆိုတာ ကျွန်တော် သိနေလို့ပါ။

ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ရင်မောမိနေတယ်။ ဂျစ်တူးပြောသလို တခြားရပ်ကွက်က ကောင်တွေနဲ့ ဖြစ်သွားမှာစိုးလို့တော့ မဟုတ်ပါဘူး။ မတော်တရောတွေနဲ့ တွေ့သွားမှာစိုးလို့ပါ။ အဲ့ဒီခံစားချက်ရဲ့ နောက်ကွယ်မှာလည်း အတ္တဆိုတဲ့ စကားလုံးက ကပ်ပါလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးကို ရင်ခုန်နေတဲ့သူတွေထဲမှာ ကျွန်တော်လည်း ပါဝင်နေလို့ပါ။ ဟုတ်ပါတယ်။ ကျွန်တော် ကောင်မလေးကို ရင်ခုန်နေပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် မြတ်နိုးတဲ့စိတ်နဲ့ ရင်ထဲမှာ တိတ်တခိုး ချစ်နေမိတာပါ။ ကျွန်တော် ဘယ်သူ့ကိုမှ ဖွင့်မပြောဖြစ်ပါဘူး။ ဖွင့်ပြောဖို့လည်း အစီအစဉ် မရှိပါဘူး။ ကျွန်တော့်ဘာသာ တစ်ယောက်တည်း ချစ်၊ တစ်ယောက်တည်း လွမ်း၊ ပြီးတော့ တစ်ယောက်တည်း တိတ်တိတ်ကလေး ကြေကွဲနေရသူပါ။

“ဒီကောင်မလေးကို ငါတို့ထဲက တစ်ယောက်ယောက် လိုက်သင့်

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ထင်တယ်"

ဘူကြီးက ပြောတာပါ။ ဂျစ်တူးက . . .

"ဟုတ်တော့ ဟုတ်တယ်ကွ၊ ငါတို့ သုံးယောက်လုံးက ဒီကောင်မလေးနဲ့ အရင်သိရပြီးတော့ ဒီလိုကိစ္စမျိုးကျတော့ နောက်ကောက်ကျနေရင် မကောင်းဘူး"

ဒီကောင်တွေ ပြောပုံအရ ကောင်မလေးကိုပဲ သူများတွေ လိုက်သလို မလိုက်ဖြစ်ရင်ပဲ သိက္ခာကျသလိုလိုဖြစ်နေပြီ။ ကျွန်တော်ကတော့ အဲ့ဒီလို မတွေးပါဘူး။ အချစ်နဲ့စစ်ဆိုတာ စောသည်ဖြစ်စေ၊ နောက်ကျသည်ဖြစ်စေ အောင်မြင်မှုက အဓိကပါ။ နောက်ဆုံး End Game မှာ အောင်လံထူနိုင်တဲ့ လူကိုသာ ပရိသတ်က လက်ခုပ်တီးကြတာပါ။

"ဟေ့ကောင် ဝင်းခန့်၊ မင်း လိုက်ကွာ"

ကျွန်တော် ပြုံးလိုက်တယ်။ ပြီးတော့ ဒီကောင်တွေကို ကြည့်တယ်။

"မင်းတို့ကရော ဘာလို့ မလိုက်တာလဲ"

နှစ်ကောင်စလုံး ပါးစပ်ပိတ်သွားတယ်။ သူတို့လည်း ကောင်မလေးအလှကို ခံစားနေတဲ့သူတွေပဲ။ သူတို့ကရော ဘာလို့မလိုက်ဘဲ ဒီပွဲထဲကို ကျွန်တော့်ကို ဘာလို့ထိုးထည့်နေရတာလဲ။

တွေးကြည့်ရင် ရှင်းရှင်းလေးပဲ။ ဒီကောင်တွေ သူများယောင်လို့ လျှောက်ယောင်ချင်တာ။ ကိုယ်တိုင် ပါဝင်ဆင်နွှဲဖို့ကျတော့ ရင်ထဲမှာ အုတ်မြစ်မခိုင်ဘူး ဖြစ်နေတာ။ မိန်းကလေးလှတာမြင်ရင် လက်တည့်စမ်းချင်တဲ့ ခပ်ရိုးရိုးလူငယ်စရိုက်တစ်ခုကို ဖန်တီးချင်တာ။





ဒါပဲ။ အဲ့ဒါကြောင့် ကျွန်တော့်ကို ဒီပွဲတော်ထဲ ထိုးထည့်လိုက်တာ။

ကျွန်တော်က အေးအေးဆေးဆေးပါပဲ။ ပြီးတော့ ခေါင်းခါပြလိုက်တယ်။ ဒီကောင်တွေက ရယ်တယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်တယ်။

'မင်း ကောင်မလေးကို ချစ်နေပါတယ် ဝင်းခန့်ရာ' တဲ့။

ဒီကောင်တွေကို ကျွန်တော် လှည့်ကြည့်လိုက်တယ်။ ပြီးတော့

"ဘာလိုင်းကြီးပါလား၊ မင်းတို့ဟာက တဖက်သတ်စွဲချက်တွေနဲ့ ငါ့ကို ပုံသွင်းနေပြီ"

"ဟား ဟား စကားတတ်တိုင်း ပြောတာကိုတော့ နားထောင်လို့ကောင်းပါတယ်၊ အေးပေါ့လေ . . မင်းက ကဗျာတွေ စာတွေတောင် ရေးတတ်နေပြီဆိုတော့ ဒီလိုစကားလုံးမျိုးလေးတွေ ပြောတတ်လာတာ မဆန်းပါဘူး"

ကျွန်တော် မျက်မှောင်ကိုသာ ကျုံ့နေလိုက်တယ်။ ဘူကြီးက သူ့အိတ်ကပ်ထဲ နှိုက်ပြီး စာရွက်ခေါက်လေးတစ်ခု ကျွန်တော့်ရှေ့ 'ဘုန်း' ဆို ချလိုက်တယ်။ ကျွန်တော် ထိုစာရွက်ခေါက်လေးကို ကြည့်ပြီး ရင်ခုန်သွားတယ်။

ပြီးတော့ သေသေချာချာ ကြည့်လိုက်ပြီးမှ . . .

"မင်း . . မင်း ဒါ ဘယ်ကရလဲ"

ဘူကြီးက စာရွက်ခေါက်ကို ကျွန်တော် လုယူသွားမှာစိုးလို့ ဆတ်ခနဲ ပြန်ဆွဲယူပြီး . . .

"ဘော်ဘီ ခိုးလာတာ၊ မင်းအခန်းထဲကနေ ဘော်ဘီ ခိုးလာတာ"

ကျွန်တော် နဖူးကို ဖြန်းခနဲ ရိုက်ပစ်လိုက်တယ်။ ခွေးသူတောင်း



www.burmeseclassic.com

www.burmeseclassic.com



စား လုပ်ချသွားပြန်ပြီလို့ ကျွန်တော် တွက်လိုက်တယ်။ ကျွန်တော် ရွှန်းနဲ့ ပတ်သက်ပြီး ကဗျာလေးတစ်ပုဒ် ရေးထားတာပါ။ လူခြေတိတ်ချိန် ညအိပ်ချိန်ကျမှ ဘယ်သူမှမသိအောင် တိတ်တိတ်ကလေး ခိုးရေးထားတဲ့ကဗျာပါ။ ဒါကို ဘော်ဘီဆိုတဲ့ကောင်က ဘယ်လိုတွေ့သွားပြီး ခိုးသွားလည်း မသိပါဘူး။

အခုဆို ဘော်ဘီက ကျွန်တော့်အိမ်မှာ မအိပ်တော့ပါဘူး။ တစ်ပတ်ပြည့်သွားလို့ ဘူကြီးအိမ် ပြောင်းအိပ်နေပါပြီ။ ဒီကောင် အိမ်ပြောင်းအရွှေ့ကာလမှာ အဲ့ဒီကဗျာလေးကို ခိုးသွားပြီး ဒီကောင်တွေကို ဖောက်သည်သွားချတာနေမှာ။

"ခွေးသူတောင်းစား"

ကျွန်တော် ပစ်ပစ်နှစ်နှစ် ဆဲပစ်လိုက်တယ်။ ဘူကြီးနဲ့ ဂျစ်တူးက ကျွန်တော့်ကို မထီတရီကြည့်ပြီး 'ဘာငြင်းချင်သေးလဲ' လို့ ပြောတယ်။ ကျွန်တော် ငြိမ်နေရတယ်။ သူခိုးလူမိသွားလို့လည်း မျက်နှာလည်း ပေါ်တော်ပူတယ်။

ဂျစ်တူးက ဘူကြီးလက်ထဲက စာကိုယူပြီး ဖွင့်ဖတ်လိုက်တယ်။ ကျွန်တော် တားချိန်တောင် မရလိုက်ပါဘူး။

ကဗျာလေးက ကျွန်တော် ခံစားတတ်သလောက် ရေးထားတာပါ။ နာမည်က 'ရွှန်း' တဲ့။

'ရွှန်း'

လဝန်းတည့်ရွှန်း

ကမ္ဘာ့စွန်းက

ထွန်းလင်းတောက်ပ သာသောလကို

[redacted]



မျှော်ကာငေးမော

ဆွေးသောအရပ်က

တိုင်တည်ပြောကြား မေတ္တာစကားကို

ရွှန်းရဲ့ရင်မှာ

အလိုလိုသိ၊ နားနဲ့ထိ၍

စိတ်ထဲမည်ို

ကြားပါစေသား။

အဲ့ဒီကဗျာလေးကို ဖတ်ပြီး နှစ်ကောင်လုံး ပြုံးစိစိဖြစ်သွားကြတယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်တော့ ကျွန်တော် မျက်နှာလွှဲလိုက်တယ်။ ပြီးတော့ ကျွန်တော် ရယ်ချလိုက်ပါတယ်။

"မင်း ဝန်ခံပြီပေါ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်မိတော့တယ်။

***

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**ဘော်** ဘီက ထုံးစံအတိုင်း မနိုင် ဖယ်ရီစောင့်နေကျ နေရာမှာ သွားစောင့်မလို့ လက်ဖက်ရည်ဆိုင်ထဲက ထွက်သွားတယ်။ ထုံးစံအတိုင်း ကိုခင်ဇော့်ဆိုင်မှာ ကျွန်တော်တို့ သုံးယောက်ပဲ ကျန်ခဲ့တယ်။ ကျွန်တော်ရယ်၊ ဘူကြီးရယ်၊ ဂျစ်တူးရယ်။ ခဏကြာတော့ ကောင်မလေးက ဈေးခြင်းတောင်းဆွဲပြီး သူ့အိမ်က ထွက်လာပါတယ်။ ဒီနေ့ ဒေါ်စောကြည် မပါဘဲ သူမ တစ်ယောက်တည်း ထွက်လာတာပါ။ ဟိုနှစ်ကောင်က ကောင်မလေးကို ကြည့်ပြီး ကျွန်တော့်ကို ပြောတယ်။

"ဟေ့ကောင် သွားလေ . . သွား သွား"

ကျွန်တော်က ရုတ်တရက်ဆိုတော့ ကြောင်တောင်တောင်နဲ့ . .

"ငါက ဘယ်ကိုသွားရမှာလဲ"

[redacted]



"ဟိုမှာ လာနေပြီ၊ မင်းမျက်လုံးကြီး ကန်းနေလား"

"မြင်တယ်လေ"

"မြင်ရင် လိုက်လေ၊ အခုလိုအချိန်မျိုးမှာ မင်းက မလှုပ်ရှားလို့ ဘယ်လိုအချိန်မျိုးမှာ လှုပ်ရှားချင်လို့လဲ"

ကျွန်တော် ခေါင်းကို ကုတ်လိုက်တယ်။ ကျွန်တော် သွားလည်း သွားချင်တယ်။ မသွားလည်း မသွားချင်ဘူး ဖြစ်နေတယ်။ ဘယ်လို စိုးရိမ်မှုမျိုးတွေက ကျွန်တော့်ကို ဟန့်တားထားလည်း မသိပါဘူး။ ဟိုကောင်တွေကတော့ ကျွန်တော့်ကို အတင်းတွန်းပို့ကြတယ်။

"ဟေ့ကောင် သွားပါဆို၊ သွား . . သွား ဘာတွေ သူရဲဘောကြောင်နေတာလဲ"

အဲ့ဒါနဲ့ပဲ နောက်ဆုံးတော့ ကောင်မလေးနားကို ကျွန်တော် ရောက်သွားပါတယ်။ ကျွန်တော့်ကိုတွေ့တော့ ကောင်မလေးက ရုတ်တရက် ကြောင်သွားတယ်။ ပြီးတော့ ပြုံးပြတယ်။

"ဘယ်သူများလဲလို့"

"ဈေးသွားမလို့လား"

"အင်း ဟုတ်တယ်"

"အန်တီ မပါဘူးလား"

"မပါဘူး၊ ကိစ္စရှိလို့ အိမ်မှာ ကျန်ခဲ့တယ်"

"ဟုတ်လား၊ ဒါဆို အတော်ပဲပေါ့"

"ရှင်"

ကောင်မလေးက မျက်လုံးလေး ဝိုင်းသွားပြီး ကျွန်တော့်ကို ကြည့်တာပါ။ ကျွန်တော် စကားပြော လောသွားပြီဆိုတာ သိလိုက်တယ်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါနဲ့ မထူးတော့ဘူးဆိုပြီး ချော့လဲရောထိုင် လုပ်လိုက်ရတော့တယ်။

“ဟိုလေ . . ညီမလေးနဲ့ ကိုယ်နဲ့ သိတာကြာပြီနော်”

“အဲ . . ဒီ . . ဒီရပ်ကွက်ထဲရောက်မှ သိတာပါ”

“ဟုတ်တယ်လေ၊ ဒီရပ်ကွက်ထဲရောက်မှ တစ်ယောက်နဲ့ တစ်ယောက် သိနေတာ ကြာပြီလို့ပြောတာ”

ကောင်မလေးက ခပ်တွေတွေလေး ခေါင်းညိတ်တယ်။ ကျွန်တော် ပြောနေတဲ့ စကားတွေကိုလည်း နားလည်ဟန် သိပ်မပေါ်ဘူး။

“အင်း ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုဝင်းခန့်က ဘာဖြစ်လို့ အဲ့ဒါတွေ လိုက်ပြောနေရတာလဲ”

“ဟို . . ဒီလိုပါ၊ ညီမလေးနာမည် သိချင်လို့ပါ”

“နာမည် ဟုတ်လား”

“ဟုတ်တယ်လေ၊ ကိုယ်တို့က သိတာကြာနေပြီပဲဟာ၊ တစ်ယောက်နဲ့ တစ်ယောက် နာမည်လေးတောင် မသိရသေးတော့”

“ကိုဝင်းခန့်နာမည်ကိုတော့ ကျွန်မ သိပါတယ်”

ဒီလိုနဲ့ စကားပြောရင်း လမ်းလျှောက်လာတာ ကားလမ်း တစ်ဖက်ကို ရောက်လာတယ်။ လမ်းကူးနေလို့ စကားစ ခဏပြတ်သွားတယ်။ ဟိုဘက်ကားလမ်းရောက်တော့ ကျွန်တော်က . . .

“ကိုယ့်နာမည်ကို ညီမက သိပေမယ့် ညီမနာမည်ကို ကိုယ်က မသိရသေးဘူးလေ”

ကောင်မလေးက ပြုံးတယ်။ ပြီးတော့ . . .

“ညီမနာမည် ရွှန်းလေ”

“အဲ့ဒါ နာမည်အပြည့်အစုံလား”

[redacted]



“မဟုတ်ပါဘူး၊ အိမ်မှာတော့ အဲ့ဒီလိုပဲ ခေါ်တယ်”

“ကိုယ်က နာမည်အပြည့်အစုံ သိချင်တာ”

“ဘာလုပ်ဖို့လဲ”

“မှတ်ထားချင်လို့”

ကောင်မလေးက ခေါင်းငုံ့သွားတယ်။ ပြီးတော့ ဘာမှမပြောဘဲ ဆက်လျှောက်လာတယ်။ ဈေးနားရောက်တော့ ခြေလှမ်း တုံ့ခနဲ ရပ်သွားတယ်။ ပြီးတော့မှ ကျွန်တော့်ကို မော့ကြည့်ပြီး . . .

“သွားဘော့လေ”

ကျွန်တော်က ခေါင်းခါပြလိုက်ပြီးမှ . . .

“နာမည်လေး ပြောခဲ့ဦးလေ”

ကောင်မလေးက တုံ့ဆိုင်းဆိုင်းလေး လုပ်လိုက်ပြီးမှ . . .

“ရွှန်းလဲ့ယုယဝေ” ပါ။

တိုးတိုးလေးပြောပြီး ထွက်သွားပါတယ်။

ကျွန်တော် ကောင်မလေးကို ငေးပြီး ကျန်ခဲ့တယ်။ မနက်ခင်းလေပြည် လေညှင်းထဲမှာ သူမ ကိုယ်သင်းရနံ့လေး မွှေးပြီး ကျန်ခဲ့တယ်။

ရင်ခုန်လိုက်တာဗျာ။

ပြီးတော့ သူမက ချစ်လိုက်တာ။

***

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“ရွှန်း လဲ့ယုယဝေ ဟုတ်လား”

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ ဘူကြီးက မေးစေ့က မရှိတဲ့ အမွေးကို လက်နဲ့ပွတ်ပြီး ခေါင်းတညိတ်ညိတ် လုပ်တယ်။

ပြီးတော့ . . .

“နာမည်လေးက တော်တော်လှတာပဲကွ၊ လူနဲ့ လိုက်ပါတယ်”

“အင်း”

“ဒါနဲ့ မင်းနဲ့ ဘာဆက်ဖြစ်သေးလဲ”

“ဘာမှဆက်မဖြစ်ဘူး၊ ဈေးရှေ့ရောက်တာနဲ့ ငါလည်း လှည့်ပြန်လာတာ”

“ဒါလောက်လေးနဲ့ ကျေနပ်ပြီး လှည့်ပြန်လာရတယ်လို့ကွာ”

“ပြန်မလာလို့ရမလားကွ၊ သူက ဈေးထဲဝင်တော့မယ့်ကိစ္စ၊ ငါက





ဘာလိုက်လုပ်ရမှာလဲ”

ဘူကြီးက ခေါင်းကို ဖြည်းညှင်းစွာ ခါတယ်။ ပြီးတော့ အလိုသိပ်မကျတဲ့ရုပ်နဲ့ . . .

“အဲ့ဒါပြောတာပေါ့၊ ခက်သေးတယ် . . ခက်သေးတယ်၊ ဘာပဲဖြစ်ဖြစ် ဈေးထဲကိုပါ ဆက်လိုက်သွားရမှာ”

“သဒ္ဒါတဲ့ဆွမ်း တော်ရုံနဲ့ ရပ်တာကောင်းတယ် သူငယ်ချင်း၊ အခွင့်အရေးဆိုတာလည်း ပေးတိုင်း ယူလို့ ကောင်းတာ မဟုတ်ဘူး”

“တခြားကိစ္စတွေမှာ မှန်ချင် မှန်မယ်၊ အချစ်နဲ့ပတ်သက်ရင်တော့ အားလုံး ယူသင့် ယူရမှာပဲ”

“ဟုတ်တယ်ကွ ဝင်းခန့်ရ၊ ဘူကြီးပြောတာ မှန်တယ်၊ လက်နှေးနေလို့တော့ မဖြစ်ဘူး၊ မင်းကောင်မလေးက အခုချိန်မှာ ချူချင်သူပေါ်နေတဲ့ ပန်းကလေး ဖြစ်နေပြီ၊ ဟိုမှာ တွေ့လား . . ထိုင်နေတဲ့ကောင် . . အဲ့ဒီကောင်လည်း ရွှန်းကို လာပတ်နေတာ”

ဂျစ်တူး လက်ညှိုးထိုးပြတဲ့နေရာကို ကျွန်တော် လှမ်းကြည့်လိုက်တယ်။ အသားဖြူဖြူ ခပ်ဝဝ လူတစ်ယောက် အအေးထိုင်သောက်နေတာ တွေ့ရတယ်။ အဲ့ဒီလူကို ဒီဘက်ပိုင်းမှာ တစ်ခါမှ မမြင်ဖူးတာနဲ့

“ဟုတ်လို့လား၊ ငါတော့ တစ်ခါမှ မတွေ့ဖူးဘူး”

“မင်းထွက်သွားပြီးတော့ သူ ရောက်လာတာပဲ၊ ကိုခင်ဇော်ကို မေးကြည့်တော့ တစ်ခါတလေ မနက်ပိုင်း လာတယ်တဲ့၊ တစ်ခါတစ်လေ နေ့လယ်ပိုင်းလောက် လာထိုင်တယ်တဲ့၊ ငါတို့နဲ့ သိပ်မဆုံဖြစ်လို့”

“ဪ”

ကျွန်တော် ထိုသို့ရေရွတ်ရင်း ထိုလူကို ခြေဆုံးခေါင်းဆုံး ခေါ့လာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ လူပုံကတော့ ခပ်သန့်သန့်ပါပဲ။ နည်းနည်းဝတယ်။ အဝတ်အစား သေသေသပ်သပ် ဝတ်ထားတယ်။ ဒါပေမယ့် သူ့ခမျာ အဲ့ဒီအဝတ်အစားတွေကို တကူးတကကြီး ဝတ်စားလာခဲ့ဟန်တူတယ်။ စတိုင်ဘောင်းဘီရှည်ကို ဝတ်ထားပြီး အင်္ကျီလက်ရှည်ကို ကြယ်သီး အပြည့်အစုံ တပ်ထားတော့ နဖူးမှာ ချွေးတွေ စို့နေတယ်။ ကျွန်တော် ပြောချင်တာက ပေါ့ပေါ့ပါးပါး မရှိဘူး။ တစ်ခုခုကို ထမ်းပိုးထားသလို ဖြစ်နေတယ်။ ပြီးတော့ နှာခေါင်းနည်းနည်းကြီးတယ်။

"အဲ့ဒါ မင်းရဲ့ ပြိုင်ဘက်ဖြစ်လာမယ့်သူလို့ ငါတို့ ထင်တယ်၊ ဒီလူက ငါတို့နဲ့ မဆုံဖြစ်လို့သာ သတိမထားမိတာ၊ တစ်ခါတလေ ရွှန်းကို ဈေးထိပ်က သွားသွားစောင့်နေတတ်တယ်လို့ ကိုခင်ဇော်က ပြောတယ်"

ကိုခင်ဇော်ကလည်း ကျွန်တော့်အခြေအနေကို ရိပ်မိနေလို့ အဲ့ဒီ သတင်းမျိုးကို ပေးသွားတာဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အ တွက် သတိထားစရာတစ်ယောက်တော့ တိုးသွားတာပေါ့။

ဒီကောင်မလေးကို ချစ်ရတာ ရင်လေးပါတယ်။

အမယ်လေး . . .

ကျွန်တော့်ရင်တွေ မောလိုက်တာ။

***





"ရွှန်း"

ကောင်မလေး လှည့်ကြည့်တယ်။ ဘာမှတော့ မပြောဘူး။ ဈေး ခြင်းတောင်းလေးကိုင်ပြီး သွားနေကျ ခြေလှမ်းတွေနဲ့ ဆက်သွားတယ်။ ကျွန်တော်လည်း လိုက်နေကျ ခြေလှမ်းတွေနဲ့ ဆက်လိုက်ပြီး . . .

"ရွှန်းကို ရွှန်းလို့ပဲ ခေါ်မယ်၊ ရလား ရွှန်း"

ကောင်မလေး ပြုံးစိစိလေး ဖြစ်သွားတယ်။ ပြီးတော့မှ ကျွန် တော့်ကို မျက်လုံးလေး စွေကြည့်ပြီး . . .

"ခေါ်ပဲ ခေါ်ပြီးနေပြီဟာကို"

"အဟဲ . . ခေါ်ပြီးတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ပိုင်ရှင် ကြိုက် မကြိုက် ခွင့်တောင်းတာ"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကောင်မလေးနဲ့ ဈေးနားကို ရောက်လာတယ်။ ဈေးထဲက မလွန်းတင်ကြီး ထွက်လာတာတွေ့လို့ ကျွန်တော် ဟိုလိုလို ဒီလိုလို လုပ်ပြီး ကျန်ရစ်ခဲ့တယ်။ ဒီမိန်းမကြီး မြင်သွားလို့ မဖြစ်ဘူး။ မြင်သွားရင် အားလုံးရှုပ်ကုန်နိုင်တယ်။ အဲ့ဒါကြောင့် ကျွန်တော်လည်း လှည့်ထွက်မလို့ လုပ်တော့ . . .

"ဟဲ့ ဝင်းခန့် ဘယ်လာတာလဲ"

"အဲ"

ကျွန်တော့်ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတာပါ။ မမြင်စေချင်ပါဘူးဆိုမှ တည့်တည့်ကြီး တွေ့သွားတာ။ မလွန်းတင်ကြီးက ရွှန်းနဲ့ စကားပြော နှုတ်ဆက်နေရင်းက ကျွန်တော့်ကို တွေ့သွားပြီး လှမ်းခေါ်လိုက်တာ။ ခဏကြာတော့ ကျွန်တော့်နားကို လျှောက်လာတယ်။

"ဘယ်လာတာလဲဟဲ့"

"ဟို . . ဟိုဟာ . . ဘာမှမဟုတ်ပါဘူး၊ အမေ ခိုင်းလိုက်လို့ ဒီဘက်ခဏလာတာ"

"အေး၊ မဝင်းနဲ့တောင် မတွေ့တာကြာပြီ နေရောကောင်းရဲ့လား"

"ကောင်းပါတယ်"

"အေး အေး ငါကလည်း ဈေးကို တစ်ရက်ခြား တစ်ခါလောက်ပဲ လာဖြစ်တာဆိုတော့၊ အေး အေး ငါက မေးတယ်လို့ ပြောလိုက်နော်"

"ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်၊ ကျွန်တော် သွားလိုက်ဦးမယ်နော်"

"နေပါဦးဟဲ့၊ နင်ကလဲ'

"ဘာပြောစရာရှိလို့လဲ အစ်မ"

"ဒီလိုပေါ့၊ ဘာရယ် ညာရယ်တော့ မဟုတ်ပါဘူး"

သွားမယ့်လမ်းက တစ်လမ်းတည်းဖြစ်နေတော့ ကျွန်တော်လည်း

[redacted]



ရှောင်လွှဲမရဘူးဖြစ်သွားတယ်။ ဒီလိုနဲ့ပဲ မလွန်းတင်ကြီးနဲ့အတူ ရပ်ကွက်ဘက် အတူတွဲပြီး လျှောက်လာရပါတော့တယ်။

"ကျော်ကြီးက ငါ့ကြွေးစည်ကို သူ့ဆိုင်ထဲက ဘုရားစင်မှာ ချိတ်ထားတယ်ဟဲ့ သိလား"

"ဗျာ"

မလွန်းတင်ကြီး ရုတ်တရက် ထပြောလိုက်တဲ့စကားကြောင့် ကျွန်တော် ကြောင်သွားတာပါ။ မလွန်းတင်ကြီးက ကျွန်တော့်ကို ကြည့်ပြီး ဆက်ပြောတယ်။

"ဟုတ်တယ်၊ နင်တို့ မသိဘူးလား"

"အဲ . . သိ . . သိတော့ သိပါတယ်"

"အဲ့ဒါပြောတာပေါ့၊ အဲ့လို ပေါ်တင်ကြီးလုပ်တော့ ဘယ်ကောင်းမလဲဟယ် ဟုတ်တယ်မလား"

"ဘာဖြစ်လို့လဲဗျ"

ကျွန်တော်က မေးလိုက်တော့ မလွန်းတင်ကြီးက ရှက်ကိုးရှက်ကန်းအမူအရာနဲ့ . . .

"ဟဲ့ ဘာဖြစ်ရမှာလဲ၊ သူ့ဆိုင်သွားရင် ငါ မျက်နှာပူတာပေါ့၊ ဟိုတစ်ခါ ခွေသွားငှားတုန်းကလည်း အဲ့ဒီကြွေးစည်ကြီးကို သူက ထုနေသေးတယ်"

ကျွန်တော် ကြိတ်ပြီး သက်ပြင်းချမိပါတယ်။ မလွန်းတင်ကြီးကတော့ သူ့အတွေးနဲ့သူ ရင်တွေဖိုလို့။ သူဟာနဲ့သူတော့ ဟုတ်နေတာပဲ။

"ဒါနဲ့ ကျော်ကြီး ငါ့အကြောင်း ဘာတွေပြောသေးလဲ"

"အဲ . . ဘာကိုမေးတာလဲ အစ်မ"

"ငါ့အကြောင်းလေ၊ ကြွေးစည် ပေးလိုက်တော့ ငါ့အကြောင်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောသေးလဲလို့"

"အဲ . . ဟို . . ထွေထွေထူးထူးတော့ ဘာမှမပြောပါဘူး"

"နင်တို့ကိုတော့ လက်ဖက်ရည် လိုက်တိုက်တယ်မလား"

"ဟျာ"

"ဟုတ်တယ်လေ၊ အဲ့ဒီကြေးစည်ပေးတဲ့နေ့က နင်တို့ကို လက်ဖက်ရည် လိုက်တိုက်တယ်လေ၊ ငါနဲ့တောင် ခြံဝမှာ ဆုံသေးတယ်"

"ဩော် အင်း . . အင်း . . ဟုတ်တယ် ဟုတ်တယ်၊ သူက ကျေးဇူးတင်လို့ဆိုပြီး အဲ့ဒါ လိုက်တိုက်တာ၊ ဒါနဲ့ ကျွန်တော် သွားလိုက်ဦးမယ် အစ်မ၊ ဟိုမှာ ဂျစ်တူး"

ဒီလိုနဲ့ ဒီဘက်ကားလမ်းရောက်လာတယ်။ ကိုခင်ဇော်ဆိုင်ရှေ့ရောက်တော့ ကျွန်တော်လည်း စကားဖြတ်ပြီး လစ်ထွက်ရတော့တယ်။

ဂျစ်တူးတို့က မလွန်းတင်ကြီးနဲ့ ကျွန်တော် လမ်းခွဲလာတာလည်း တွေ့ရော . . .

"ဘယ်လိုဖြစ်တာလဲကွ၊ သွားတုန်းက တစ်ယောက်၊ ပြန်လာတော့ တစ်ယောက်ပါလား"

"ပြော မပြောချင်ပါဘူးကွာ၊ ဈေးထိပ်မှာ တွေ့တာနဲ့ ငါလည်း မတတ်သာလို့ တွဲပြီး ပြန်လာရတာ"

"ဒါဆို မင်း ရွှန်းရဲ့နောက်ကို လိုက်တာ သူ သိသွားပြီပေါ့"

ကျွန်တော်က ခေါင်းခါလိုက်ပြီး . . .

"မတွေ့လောက်ဘူးလို့ ထင်တယ်ကွ၊ ငါ့ကို ဘာမှတော့ မမေးဘူး၊ ဘယ်လာတာလဲလို့တော့ မေးတယ်၊ ငါက အမေခိုင်းလိုက်လို့ လာတာလို့ ပြောလိုက်တယ်"

"ဒါဆို တော်သေးတာပေါ့ကွာ"



"မတော်ဘူး ဟော့ကောင်၊ ငါ့ကို လမ်းမှာ ကိုကျော်ကြီးအကြောင်းတွေ မေးနေလို့ မနည်းကြည့်ကျက်ဖြေခဲ့ရတယ်"

ဘူကြီးရော ဂျစ်တူးပါ စိုးရိမ်တဲ့ပုံစံတွေ ဖြစ်သွားကြတယ်။

"ဟုတ်လား၊ မင်းကို ဘာတွေမေးနေတာလဲ"

ကျွန်တော်လည်း မလွန်းတင်ကြီး ပြောသမျှ ပြန်ပြောပြလိုက်တော့ ဟိုကောင်တွေလည်း သက်ပြင်းတချချနဲ့ ဖြစ်ကုန်ကြတယ်။ ခဏကြာတော့ ဂျစ်တူးက . . .

"ဒီကိစ္စက ကြာရင် မလွယ်လောက်ဘူးကွ၊ ငါတို့ပြောခဲ့တဲ့ကိစ္စတွေက အဖြစ်မှန်ပေါ်သွားရင် အားလုံးရှုပ်ကုန်မယ်"

"အဖြစ်မှန် မပေါ်ရင်လည်း ရှုပ်နိုင်တာပဲ"

ဘူကြီးကလည်း ဝင်ပြောတယ်။ ပြီးတော့ နှစ်ကောင်လုံး ကျွန်တော့်ကို ကြည့်ပြီး . . .

"မင်း ဘယ်လိုလုပ်မယ် စဉ်းစားထားလဲ"

"ဘာကို ဘယ်လိုလုပ်ရမှာလဲ"

"မလွန်းတင်ကြီးနဲ့ ကိုကျော်ကြီးကိစ္စလေ"

"မသိဘူးလေ၊ အခုချိန်မှတော့ ဘာလုပ်လို့ရတော့မှာလဲ၊ မင်းတို့ပြောသလို အဖြစ်မှန် ပေါ်ရင်လည်း ပြဿနာတက်မယ်၊ မပေါ်ရင်လည်း ပြဿနာတက်မယ်ဆိုတော့ ဘာသွားလုပ်လို့ရတော့မှာလဲ"

"ငါတော့ ရင်လေးတယ်ကွာ"

ဂျစ်တူးက ညည်းညူသလို ပြောလိုက်တာပါ။ ကျွန်တော်က ဂျစ်တူးကို ကြည့်ပြီး . . .

"အခုမှတော့ ဘယ်တတ်နိုင်မလဲကွာ"

"ငါက ကိုကျော်ကြီးအတွက် ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်မှာ ဘော်ဘီ ရောက်လာတယ်။ ဒီကောင့်ပုံစံ ကြည့်ရတာ တစ်ခုခုကြောင့် အလောတကြီး ပြေးလာပုံရတယ်။ ဆိုင်ထဲရောက်တော့ မောကြီးပမ်းကြီးနဲ့ ထိုင်ခုံမှာ ထိုင်ရင်း အမောဖြေနေတယ်။ ကျွန်တော်တို့လည်း ဘော်ဘီ့ကို ကြည့်ပြီး စိုးရိမ်တကြီးနဲ့ . .

"ဟေ့ကောင် ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လာတာလဲ"

ဒီကောင် လက်ဝါးတစ်ချက် ကာပြပြီး အသက်ကို ပုံမှန်အနေအထားရောက်အောင် ရှူပြီးမှ . . .

-"မခိုင် . . မခိုင်"

"အေး . . မခိုင် ဘာဖြစ်လို့လဲ"

"မခိုင် ငါ့ရည်းစားစာကို ယူသွားတယ်ကွ ဟား ဟား"

"သူတောင်းစားကလည်း ဒါလေးဖြစ်တာ အနောက်က ကျားလိုက်လာသလို ပြေးလာရသလား၊ ငါတို့က မင်းများ ပြဿနာတစ်ခုခု တက်လာတာလားလို့"

"ငါ ပျော်လွန်းလို့ပါကွာ၊အရင်ကဆို ငါပေးတဲ့ စာတွေကို တစ်ခါတည်း ဖြုပစ်နေကျကွ၊ အခုတော့ အေးအေးဆေးဆေး ယူသွားတာ"

"ဒီတစ်ခါ အိမ်ရောက်မှ အေးအေးဆေးဆေး ဖြချင်လို့နေမှာပေါ့"

"ခွီးပဲ . . သေလိုက်ပါလား"

အားလုံးရယ်လိုက်ကြပါတယ်။ ဘာပဲဖြစ်ဖြစ် ဘော်ဘီကိစ္စက အခြေအနေ တိုးတက်လာတယ်လို့ ပြောရမှာပါ။ မခိုင်ကလည်း ဘော်ဘီ့အပေါ်ကို ကျောင်းတုန်းကလို ပစ်ပစ်ခါခါကြီး မဟုတ်တော့တာကို ကျွန်တော်တို့ သတိထားမိပါတယ်။ အချိန်ကာလတွေ ကြာသွားပြီဆိုတော့ လူကြီးပဲဆန်သွားတာလား၊ ဒါမှမဟုတ် ဘော်ဘီ့အပေါ်ကို တကယ်ပဲ နားလည်မှုရှိသွားတာလားဆိုတာတော့ ကျွန်တော်တို့မသိပါဘူး။



မိန်းမတစ်ယောက်ရဲ့ အတွင်းစိတ်ဟာ မြစ်တစ်စင်း စီးဆင်းသလို ခန့်မှန်းရခက်တယ်ဆိုတာ အားလုံးသိပြီးသားပါ။ ဒါ့ကြောင့် မြစ်တို့မာယာကို ခန့်မှန်းနိုင်မယ့် ပညာရှိမျိုး မပေါ်ပေါက်သေးဘူး ထင်ပါတယ်။

ကျွန်တော့်ရင်ထဲမှာလည်း ကမ္ဘာတည်သရွေ့ စီးဆင်းနေမယ့် မြစ်ကလေးကရော ဘယ်လိုမာယာမျိုးတွေ သုံးပြီး စီးဆင်းမလဲဆိုတာလည်း ကျွန်တော် မခန့်မှန်းတတ်ပါဘူး။

ဟော . . ပြောရင်း ဆိုရင်း ကျွန်တော့်ရင်ထဲက မြစ်ကလေးတစ်စင်းက ကျွန်တော့်မျက်စိရှေ့မှာပဲ ဆွဲခြင်းတောင်းလေး ကိုင်ပြီး စီးဆင်းလာပါပြီ။ သူမ စီးဆင်းရာလမ်းကြောင်းတစ်လျှောက် ခပ်ဖွဖွ ခြေနင်းအောက်မှာ မဟာပထဝီမြေကြီးက ကျေနပ်စွာ ပြားပြားဝပ်နေတော့တာပေါ့။

"မသွားတော့ဘူးလား"

ဘူကြီးက အသာလေး ထပ်ပြီးမေးလိုက်တာပါ။ ကျွန်တော် ခေါင်းခါပြလိုက်ပြီး . . .

"တော်ပြီလေ ခုန လိုက်သွားပြီးပြီပဲ၊ သိပ်လွန်သွားရင် မျက်စိနောက်သွားလိမ့်မယ်"

ဘူကြီး ငြိမ်သွားပါတယ်။ ပြီးတော့ သူမရဲ့ အလှကို ခံစားကြည့်ရှုနေတဲ့ မျက်ဝန်းစုံတွေအကြား ကျွန်တော့်ခံစားချက်က သဝန်တိုလျှက်။

လှတယ် ကောင်မလေးရယ်။

မင်းဟာ သဝန်တိုလောက်အောင်လှတဲ့ ငါ့ရဲ့ မြစ်ရေစီးကြောင်းလေးပါ။

***

www.burmeseclassic.com

www.burmeseclassic.com



ဒီ နေ့တော့ အဖေခိုင်းတဲ့ ကိစ္စလေးတစ်ခုကြောင့် မြို့ထဲ ထွက်လာတယ်။ မြို့ထဲကိုလည်း မရောက်တာကြာပြီဆိုတော့ ကြုံတုန်း ဟိုဒီလျှောက်ကြည့်လိုက်ဦးမယ်ဆိုပြီး တွေးထားလိုက်တယ်။ အဖေ ခိုင်းထားတဲ့ကိစ္စ ပြီးသွားပြီဆိုတော့ အနော်ရတာလမ်းအတိုင်း လျှောက်လာရင်း ဟိုဒီငေးမောလာလိုက်တယ်။ ဒီလိုနဲ့ တစ်နေရာအရောက် ဆိုင်တစ်ဆိုင်ထဲက ထွက်လာတဲ့ 'ရွှန်း' နဲ့ သွားတွေ့တယ်။ ကောင်မလေးက တစ်ယောက်တည်း အဖော်လည်း မပါဘူး။ ကျွန်တော့်ကိုလည်း မြင်ပုံမရဘူး။ ဒါကြောင့် ကျွန်တော်ကပဲ အားရဝမ်းသာ သွားပြီး နှုတ်ဆက်လိုက်ပါတယ်။

"ရွှန်း ဘယ်လာတာလဲ"

ကောင်မလေးက ကျွန်တော့်ကို လှည့်ကြည့်ပြီး . . .

"ဟယ် ကိုဝင်းခန့် မြို့ထဲလာတာလား"





"အင်း ဟုတ်တယ်၊ ဒါနဲ့ ရွှန်းက"

"ရွှန်းက သင်တန်းလာတက်လာလေ၊ အဲ့ဒါ ဝယ်စရာလေးရှိလို့ ဒီဆိုင်ကို ခဏဝင်တာ"

"ဟုတ်လား အခုမှ သင်တန်းသွားမှာလား"

"ဟုတ်ဘူး၊ ပြီးသွားပြီ အိမ်ပြန်မလို့"

"ကိုယ်လည်း အိမ်ပြန်မလို့၊ ပျင်းတာနဲ့ ဒီဘက်လျှောက်လာတာ၊ ဒါနဲ့ အချိန်ရလားဟင်"

"ဘာဖြစ်လို့လဲ ကိုဝင်းခန့်"

"အအေးလေး ဘာလေး သွားသောက်ရအောင်လို့ပါ၊ ရွှန်း အချိန်ရရင် လိုက်ခဲ့ပါလား"

ကောင်မလေးက တစ်ချက် စဉ်းစားတယ်။ ပြီးမှ ခေါင်းညိတ်လက်ခံလိုက်ပြီး 'အကြာကြီးတော့ မရဘူးနော်' ဆိုပြီး ပါလာပါတယ်။

ကျွန်တော်တို့ အေးအေးဆေးဆေးနဲ့ ထိုင်လို့ကောင်းမယ့် အအေးဆိုင်လေးတစ်ခုကို ရွေးလိုက်ကြပါတယ်။ ဆိုင်ရောက်တော့ ကျွန်တော်က သဘော်သီးတစ်ခွက် မှာတယ်။ ရွှန်းက လိမ္မော်ရည် တစ်ခွက် မှာတယ်။ ခဏကြာတော့ ကျွန်တော်က . . .

"ရွှန်းတက်နေတဲ့ သင်တန်းက ဘာလဲဟင်"

"စကားပြောသင်တန်းလေး တစ်ခုပါ"

"ဩော် ဒါနဲ့ စပ်စုတယ် မထင်နဲ့နော်၊ ရွှန်းက ကျောင်းပြီးသွားပြီလားဟင်"

"မပြီးသေးပါဘူး၊ အခုမှ နောက်ဆုံးနှစ် တက်နေတာ"

"ဟင် ကျောင်းသွားတာလည်း မတွေ့ပါလား"

"ရွှန်းက အဝေးသင်လေ"

"ဩော် ဒါကြောင့် မတွေ့တာကိုး"

ထိုအချိန်မှာပဲ မှာထားတဲ့ ဖျော်ရည်တွေ လာချပေးလို့ စကား



www.burmeseclassic.com

www.burmeseclassic.com



စပြတ်သွားကြတယ်။ လာချပေးတဲ့ ကောင်လေး ထွက်သွားတော့ ရွှန်းက လိမ္မော်ရည် တစ်ငုံ သောက်လိုက်ပြီး စကားကို စတယ်။

“ကိုဝင်းခန့်ကရော”

“ဘာကိုလဲ”

“ကျောင်းပြီးသွားပြီလားလို့”

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပြီး . . .

“ပြီးသွားပြီ၊ ဘွဲ့ယူဖို့ စောင့်နေတာ”

“ဩော်”

ဒီလိုနဲ့ စကားစပြတ်သွားတယ်။ ကျွန်တော့်စိတ်ထဲ ဘာဆက်ပြောရင်ကောင်းမလဲ စဉ်းစားတယ်။ တစ်ခါတည်း ရည်းစားစကား ပြောလိုက်ရင်ကောင်းမလားလို့ တွေးတယ်။ အနေအထားအရတော့ ဒီအချိန်ဟာ ပြောလို့အကောင်းဆုံး အချိန်ပဲ။ သူကလည်း တစ်ယောက်တည်း၊ ကျွန်တော်ကလည်း တစ်ယောက်တည်းဆိုတော့ အေးအေးဆေးဆေးပဲ။ ပြီးတော့ လွတ်လွတ်လပ်လပ်လည်း ရှိတယ်။ ဒါပေမယ့် ကျွန်တော် ဘယ်ကစပြောရမှန်းမသိဘူး။ ပြီးတော့ ကြောက်လည်း ကြောက်နေတယ်။ အခွင့်အရေးကို လက်လွှတ်မခံသင့်ဘူးဆိုတာ သိနေပေမယ့် ကြောက်နေမိတယ်။ အဲ့ဒီအချိန်မှာပဲ ရွှန်းက

“ကိုဝင်းခန့် ဘာတွေတွေးနေတာလဲ”

“အဲ . . ဟိုဟာ . . ဟို . . ဘာမှမဟုတ်ပါဘူး”

“မသိပါဘူး၊ ကိုဝင်းခန့် ငြိမ်သွားလို့ ဘာတွေများ စဉ်းစားနေတာလဲလို့”

“အဲ . . အဟီး . . ဒီလိုပါပဲ၊ ဟိုဟာလေ . . ရွှန်းကို ပြောစရာလေးရှိလို့၊ ပြောသင့် မပြောသင့် စဉ်းစားနေတာပါ”

ကောင်မလေးက မျက်ခုံးလေးပင့်ပြီး . . .

“ဘာများလဲဟင် ကိုဝင်းခန့်၊ ပြောလေ”



ကျွန်တော် တစ်ချက် ပြုံးလိုက်တယ်။ ပြီးတော့ . . . .

“ရွှန်းကို အခုချိန်မှာ ရည်းစားစကားပြောရင် စိတ်ဆိုးမှာလားဟင်”

“ရှင်”

ကောင်မလေးပါးစပ်က အာမေဍိတ်သံ တစ်ချက်ထွက်သွားတယ်။ ပြီးတော့ မှင်သက်နေတဲ့ အမူအရာလေးနဲ့ ကျွန်တော့်ကို ကြည့်နေလို့

“ပြောလေ ရွှန်း၊ ကိုယ့်ကို စိတ်ဆိုးမှာလားလို့”

“ဟာ ကိုဝင်းခန့်ကလည်း ဘာမှန်းလည်း မသိဘူး”

“ဟုတ်တယ် ရွှန်း၊ ကိုယ် ရွှန်းကို ချစ်နေတာ ကြာပါပြီ၊ ဒီလိုအချိန်မျိုးမှာ အခွင့်အရေးယူပြီး ဒီစကားမျိုးပြောတယ် မထင်ပါနဲ့ ရွှန်းရယ်၊ ရွှန်းကို ကိုယ် လက်လွှတ်ရမှာစိုးလို့ အခွင့်အရေးကို ကြုံတုန်း အသုံးချလိုက်ရတာပါ”

ကောင်မလေးက ခေါင်းငုံ့နေပါတယ်။ ပြီးတော့ ဖြည်းဖြည်းလေး ထရပ်လိုက်တယ်။

“သွားတော့မလို့လား ရွှန်း၊ ကိုယ့်ကို စိတ်ဆိုးသွားလားဟင်”

“မဟုတ်ပါဘူး”

“ဒါဆို ထိုင်ပါဦး ရွှန်းရယ်”

“မထိုင်တော့ဘူး၊ သွားတော့မယ်”

“ဘာဖြစ်လို့လဲဟင်”

“ဟာ မသိဘူး . . သွား”

ကောင်မလေးက ကျွန်တော့်ရှေ့က လှည့်ထွက်သွားတယ်။ ကျွန်တော် သူမကို ငေးကြည့်ရင်း ကျန်ခဲ့တယ်။ ပြောချင်တဲ့စကားကိုလည်း ပြောလိုက်ရလို့ ရင်ထဲမှာ တော်တော်ပေါ့ပါးသွားတယ်။

ပြီးတော့ ကျွန်တော် သက်ပြင်းချမိတယ်။

ကောင်မလေး ကျွန်တော့်ကို လိုလိုလားလား ပြန်ချစ်ပါစေ။

***

www.burmeseclassic.com

www.burmeseclassic.com



"**မင်း**ဟာက ပြောမယ့်ပြောတော့လည်း ပေါ်တင်ကြီးပါလား"

"မတတ်နိုင်ဘူးကွာ၊ ငါလည်း ဂွင်ကောင်းလေးရတုန်း အသုံးချလိုက်ရတာ"

"ဘာပဲဖြစ်ဖြစ်လေ၊ ပြောပြီးသွားတော့လည်း ပြီးသွားတာပဲ"

ဘူကြီးက မှတ်ချက်ချတယ်။ ဂျစ်တူးနဲ့ ဘော်ဘီက ခေါင်းညိတ်ထောက်ခံလိုက်ကြတယ်။ ပြီးတော့ ပြောသေးတယ်။

'မင်းကို ကောင်မလေးက ဘာမှမပြောဘဲ ထွက်သွားတယ်ဆိုတော့ သိပ်မဟုတ်သေးဘူးကွ၊ အနည်းဆုံးစဉ်းစားမယ်ဆိုတာလောက်တော့ ပြောသွားသင့်တယ်' တဲ့။

"ဒါကတော့ ရှတ်တရက်ကြီးဆိုတော့လည်း ရှက်ပြီး ထပြေးသွားတာနေမှာပေါ့ကွာ၊ နောက်တော့ တဖြည်းဖြည်း စည်းရုံးယူရမှာပေါ့၊



အခု ငါချစ်နေတာ သူသိသွားပြီဆိုတော့ နောက်ပိုင်းကိစ္စတွေ လွယ်သွားပါပြီ"

ကျွန်တော့်စကားကို ဒီကောင်တွေ ထောက်ခံတယ်။ ပြီးတော့ ကျွန်တော့်ကို ဘီယာ လိုက်တိုက်ခိုင်းတယ်။

ကျွန်တော်က ဘာဆိုင်လို့လဲမေးလိုက်တော့ . . .

"ဆိုင်တာပေါ့ကွ၊ ဒါ မင်းရဲ့ အောင်မြင်မှုပဲ၊ အောင်မြင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့ ငါတို့က လိုက်သောက်ပေးမှာ"

"မင်းတို့ နစ်နာနေပါဦးမယ်ကွာ"

ဒီကောင်တွေ ရယ်ကြတယ်။ အဲ့ဒီလိုနဲ့ ညနေစောင်းတော့ ဘီယာဆိုင်ကို ကျွန်တော်တို့ ချီတက်ကြပါတယ်။ ဒီကောင်တွေက ကျွန်တော်တိုက်တဲ့ ဘီယာကို တစ်ဝတပြဲ သောက်ပြီး၊ တစ်ဝတပြဲ ကောင်းချီးပေးကြတယ်။

"ငါတို့သူငယ်ချင်းကြီး ဝင်းခန့် အောင်မြင်မှုပန်းတိုင် မြန်မြန်ရောက်ပါစေကွာ"

"ချီးယာ့"

အဲ့ဒီနေ့ညက တော်တော်ညဉ့်နက်မှ အိမ်ပြန်ရောက်တယ်။ ညရောက်တော့ အိပ်မက်မက်တယ်။

အိပ်မက်ထဲမှာ ရွှန်းက ကျွန်တော့်ကို ချစ်တယ်တဲ့။

***

www.burmeseclassic.com

www.burmeseclassic.com



'အိပ်မက်ထဲကလိုပဲ တကယ်ဖြစ်ရပါစေလား ရွှန်းရယ်'

ကျွန်တော်က နောက်ရက်မှာ ကောင်မလေးနောက် လိုက်ရင်း ညကမက်တဲ့ အိပ်မက်အကြောင်း ပြောပြနေတာပါ။ ကောင်မလေးက ရှက်ကိုးရှက်ကန်းလေးနဲ့ . . .

"ကိုဝင်းခန့်ကလည်း ဘာမှန်းလည်း မသိဘူး၊ ဟိုကက အိပ်မက် ပဲဟာကို"

"အိပ်မက်မို့လို့ အားမလို အားမရဖြစ်နေတာပေါ့၊ ကိုယ်က တကယ်ဖြစ်ချင်နေတာ"

"ဟာ မသိဘူး . . သွား"

"ဘယ်သွားရမှာလဲဟင်"

"သွားချင်တဲ့နေရာ သွားပေါ့၊ ဟိုမှာ မကြီးလွန်းတင် လာနေ



တယ် တွေ့လား၊ တိုင်လိုက်ရမလား"

"အဲ"

မလွန်းတင်ကြီးက ဈေးဘက်ကနေ ဒီဘက် ကားလမ်းကူးပြီး လာနေတာပါ။ အရေးဟယ် အကြောင်းဟယ်ဆို ဒီမိန်းမကြီး တော် တော်ရှုပ်တယ်လို့ စိတ်ထဲမှာ တွေးလိုက်တယ်။ ပြီးတော့ ကျွန်တော် လည်း ယောင်တောင်ယောင်တောင်လုပ်ပြီး ကျန်ခဲ့တယ်။ ကောင်မ လေးက ပြုံးပြုံးလေးလုပ်ပြီး ထွက်သွားတယ်။ ကောင်မလေးလုပ်တဲ့ ပုံစံက ကျွန်တော့်ကို လှောင်ပြုံးလေး ပြုံးသွားတာပါ။ ကျွန်တော်လည်း ရင်ထဲမှာ ကာလိကလိဖြစ်ပြီး ကျန်ခဲ့တယ်။

နောက်ဆုံးတော့ အဲဒီနေရာကတင် လှည့်ပြီး ပြန်လာခဲ့ရတယ်။ မလွန်းတင်ကြီးတော့ တွေ့သွားလို့ မဖြစ်ဘူး။ သူနဲ့တွေ့နေရင် ကို ကျော်ကြီးအကြောင်း မေးနေဦးမယ်။

***

www.burmeseclassic.com

www.burmeseclassic.com



"ရွှန်း"

"ဟင်"

"ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲဟင်"

"သိဘူးလေ"

"ဟာ . . အဲ့ဒီလိုကြီးတော့ မလုပ်ပါနဲ့ ရွှန်းရယ်"

"အဲ့ဒီလိုမလုပ်လို့ ရွှန်းက ဘယ်လိုလုပ်ရမှာလဲ"

"ချစ်တယ်လို့ ပြန်ပြောလိုက်ပေါ့၊ လွယ်လွယ်လေးပဲ"

"ဟင်း . . လူလည်ကြီး"

"မလည်ပါဘူး၊ ကိုယ်က ရိုးရိုးလေး အဖြေတောင်းတာပါ"

"ဒါနဲ့ ကိုဝင်းခန့်ကို ပြောရဦးမယ်သိလား"

"ဘာလဲဟင်"



"ရွှန်းနောက်ကို နေ့တိုင်း မလိုက်ပါနဲ့တော့"

သူမရဲ့ စကားကြောင့် ကျွန်တော့်စိတ်ထဲမှာ စိုးရိမ်စိတ် ဝင်သွားတယ်။ အဲ့ဒါကြောင့် . . .

"ဘာ . . ဘာဖြစ်လို့လဲ ရွှန်း"

"အိမ်က သိသွားရင် မကောင်းဘူး၊ ကိုဝင်းခန့် အဲ့ဒီလို လိုက်နေတာ သူတို့သိသွားရင် ရွှန်းကို အပြင်ထွက်ခွင့် ပေးတော့မှာမဟုတ်ဘူး"

"အခု ရွှန်းအိမ်က သိသွားလို့လား"

"သိတော့ မသိသေးဘူးပေါ့၊ ရပ်ကွက်ထဲမှာဆိုတော့ ကြာရင် သိသွားလိမ့်မယ်လေ"

ကျွန်တော် သက်ပြင်းကို ချမိတယ်။ သူမပြောတာလည်း သဘာဝကျတော့ ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ဘူး။

"ဒါဆို ရွှန်းသွားတော့မယ်နော်"

"နေပါဦး ရွှန်းရယ်"

"ဘာပြောမလို့လဲဟင်"

"ရွှန်းနောက်ကို လိုက်တာမကြိုက်ဘူးဆိုလည်း ကိုယ် အမြဲတမ်း မလိုက်တော့ပါဘူး၊ ဒါပေမယ့် ကိုယ့်ကို ဘယ်တော့ အဖြေပေးမလဲဆိုတာလေးတော့ ပြောခဲ့ပါဦး"

ကောင်မလေးက တစ်ချက် ငြိမ်သွားပြီးမှ . . .

"ရွှန်း စဉ်းစားနေပါတယ်"

"ဒါဆို ဘယ်တော့လောက်လဲဟင်"

"တစ်နေ့နေ့ပေါ့"

"အဲ့ဒီနေ့နေ့ဆိုတာကြီးက ဘယ်နေ့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါတော့ ရှင်း မသိသေးဘူး"

ကျွန်တော် အကြံထုတ်ရပြီ။ ဒီလိုကိစ္စမျိုးဆိုတာကလည်း လည်ပင်းညှစ်ပြီး နင် ငါ့ကိုချစ်လား မချစ်ဘူးလားပြောဆိုပြီး လုပ်လို့ရတဲ့ ကိစ္စလည်း မဟုတ်တော့ ဉာဏ်နီဉာဏ်နက်တွေ သုံးရလေပြီ။

"ဒါဆို ဒီလိုလုပ်ပါလား ရှင်း"

ကောင်မလေးက ကျွန်တော့်စကားကို နားထောင်နေတယ်။ ကျွန်တော်လည်း အားတက်သွားပြီး ဆက်ပြောတယ်။

"ကိုယ့်ကို ဒီနှစ်မကူးခင် အဖြေပေးပါလားဟင်"

ကောင်မလေးက စဉ်းစားတယ်။ ပြီးတော့ ပြောတယ်။

"ဒါဆို သင်္ကြန်မတိုင်ခင်ပေါ့ ဟုတ်လား"

"ဟာ . . ကိုယ်ပြောတာ မြန်မာနှစ်ကူးမဟုတ်ဘူးလေ၊ အင်္ဂလိပ်နှစ်ကူးကို ပြောတာ"

"ဟာ ဒါဆို အချိန်နည်းနည်းလေးပဲ ရှိတော့တာပေါ့"

"မနည်းပါဘူး ရှင်းရယ်"

"ဘာလို့ မနည်းရမှာလဲ၊ ရှေ့တစ်ပတ်ထဲပဲ ခရစ္စမတ်ရောက်တော့မှာပဲဟာ"

ဟုတ်တော့လည်း ဟုတ်သည်။ ရှေ့တစ်ပတ်ဆို ခရစ္စမတ်ရောက်ပြီ။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးဖို့က သိပ်မလိုတော့။ ကျွန်တော်ကလည်း ဒါကိုသိ၍ အကြံနဲ့ ပြောလိုက်ခြင်းပင်။

ကောင်မလေးပြောတဲ့စကားကို ကြား၍ ကျွန်တော်လည်း အကြံတစ်ခု ထပ်ရသွားကာ . . .

"ခရစ္စမတ် ဟုတ်တယ် . . ခရစ္စမတ်၊ ခရစ္စမတ်ကျရင် အဖြေ

[redacted]



ပေးပါလား"

"အိုး . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ရှင်းရယ်၊ ခရစ္စမတ်ဆိုတာ သခင်ယေရှုမွေးနေ့လေ၊ အဲ့ဒါကြောင့် အဲ့ဒီနေ့လေးကျမှ မှတ်မှတ်ရရလေးဖြစ်သွားအောင် အဖြေပေးလိုက်ပေါ့"

ကောင်မလေးက မျက်စောင်းထိုးတယ်။ ဘာမှတော့ ဆက်မပြောဘူး။ ကျွန်တော်က သေချာအောင် ထပ်မေးလိုက်တယ်။

"ပေးပါနော်၊ အဲ့ဒီနေ့ အဖြေပေးပါနော်"

ကျွန်တော်ပြောတဲ့ အမူအရာလေးကို ကြည့်ပြီး ကောင်မလေးက ပြုံးတယ်။ ပြီးတော့ ခေါင်းကို ခပ်သာသာလေး ညိတ်ပြပြီး 'အင်း'တဲ့။

ကျွန်တော် ပျော်လိုက်တာဗျာ၊ တကယ်ပြောတာ။ လမ်းမကြီးမှာမို့လို့ ထမခုန်ဖြစ်တာ။ တကယ်တမ်း အားရပါးရကြီး ခုန်ပေါက်ပြီး အော်ဟစ်ပစ်လိုက်ချင်တာ။ ရှင်းက ကျွန်တော့်ရှေ့က ထွက်သွားပါပြီ။ ကျွန်တော် အပျော်လုံးတွေ ရင်မှာဖုံးပြီး တစ်ယောက်တည်း ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ကျွန်ခဲ့ပါတယ်။

ခရစ္စမတ်နေ့။ အဲ့ဒီနေ့ဟာ ကျွန်တော့်အတွက် အရေးကြီးဆုံးနေ့တစ်နေ့ပါ။ သူမ ဘယ်လိုအဖြေပေးမလဲဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော်လည်း သူမဆီက အဖြေကို ဘယ်လိုသွားတောင်းရမလဲ မသိသေးဘူး။ ဒါပေမယ့် ပျော်တယ်။

ရင်ထဲမှာ မျှော်လင့်ချက်အပြည့်နဲ့ကို ပျော်နေတာ။

***

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဟိုကောင်တွေကို ပြောပြတော့ အားလုံး ကောင်းချီးပေးကြတယ်။ ကျွန်တော့်အတွက်လည်း အဆင်ပြေပါစေဆိုပြီး ဝိုင်းဝန်းဆုတောင်းပေးကြတယ်။

"မင်းဘဝက အားလုံးဂွတ်သွားပြီပေါ့ကွ၊ ကောင်မလေးက မင်းကို ချစ်တယ်လို့ပဲ အဖြေပေးမှာ သေချာတယ်"

"မင်းတို့ပြောသလို ဖြစ်ပါစေလို့သာ ဆုတောင်းရမှာပဲကွာ"

"ဖြစ်မှာပါကွ၊ သူ မင်းကို ငြင်းချင်ရင် အစောကြီးကတည်းက ငြင်းလိုက်မှာပေါ့"

သူတို့ပြောသလိုပဲ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ မိန်းမတွေစိတ်ဆိုတာကလည်း ခန့်မှန်းရခက်တော့ ကျွန်တော် တဖက်သတ်ကြီးတော့ တွေးမထားပါဘူး။ ဒါပေမယ့် အခြေအနေကောင်းနိုင်





တယ်ဆိုတဲ့ မျှော်လင့်ချက်ကလေးတော့ ရှိနေပါတယ်။

အဲ့ဒီအချိန်မှာ ကိုကျော်ကြီးတစ်ယောက် အူယားဖားယားနဲ့ လက်ဖက်ရည်ဆိုင်ထဲ ပြေးဝင်လာတယ်။ ပြီးတော့ ကျွန်တော်တို့ ဝိုင်းမှာ ဝင်ထိုင်ပြီး . . .

"မင်းတို့ မှန်မှန်ပြောစမ်း၊ ငါ့ကို မှန်မှန်ပြောစမ်း"

"ဘာလဲ ကိုကျော်ကြီးရ၊ ဘာတွေဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ၊ မင်းတို့တွေ ငါ့ကို တစ်ခုခု ဖုံးကွယ်ထားတာများ ရှိလား"

"ဘာလဲဗျာ၊ ဘာကိုဖုံးကွယ်ရမှာလဲ"

"မင်းတို့ ငါ့ကိုပေးတဲ့ ကြေးစည်ကို ဘယ်ကယူလာတာလဲ"

ကျွန်တော်တို့ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားတယ်။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး ကိုကျော်ကြီးကို ပြန်ကြည့်လိုက်တယ်။

"ဘာဖြစ်လို့လဲ"

"မှန်မှန်ပြောစမ်းပါကွာ"

"ဂျစ်တူး ဦးလေးဆီက ယူလာတာလေ၊ ကိုကျော်ကြီးကို ပြောပြီးသားပဲ"

ကိုကျော်ကြီးက မယုံသင်္ကာဟန်နဲ့ ကျွန်တော်တို့ကို ကြည့်ပြီး

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆို"

"ဒါဆို မလွန်းတင်က အဲ့ဒီကြေးစည်ကို ကြည့်ကြည့်ပြီး ဘာဖြစ်ရတာလဲ"

"သူ . . သူက ဘာဖြစ်လို့လဲ"

"ငါလည်း မသိလို့မေးတာပေါ့၊ သူ လာတဲ့အခါတိုင်း ငါ့ ကြေး



www.burmeseclassic.com

www.burmeseclassic.com



စည်ထုပြီး အမျှဝေချိန်နဲ့တိုးရင် ရှက်ကိုးရှက်ကန်းကြီး လုပ်လုပ်ပြီး ထွက်ပြေးသွားတယ်။ တစ်ခါမဟုတ် နှစ်ခါမဟုတ်နဲ့ အမြဲတမ်း အဲ့ဒီလို ပဲ၊ ငါလည်း ကြာတော့ သတိထားမိလာတာနဲ့ မင်းတို့ကို လာမေးတာ"

"အဲ"

ကျွန်တော်တို့ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားကြတာပါ။ ကိုကျော်ကြီးက စိတ်ရှုပ်စွာနဲ့ ခေါင်းကို ကုတ်တယ်။

"ဟုတ်တယ် ဟုတ်တယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဒီမိန်းမကြီး အမူအရာကို ဖျက်နေတာ"

"ကိုကျော်ကြီး အမျှဝေလိုက်လို့ ပျော်ပြီး ထွက်ပြေးသွားတာလား မှ မသိတာ"

"သူက ငါ အမျှဝေတာကို ပျော်ပြီး ထွက်ပြေးရအောင် သရဲမှ မဟုတ်တာကွ"

"သိဘူးလေ၊ ကျွန်တော်တို့လည်း ထင်တာပြောကြည့်တာ"

ကိုကျော်ကြီးက သက်ပြင်းကို ချတယ်။ ပြီးတော့ လက်ဖက်ရည် တစ်ခွက် မှာလိုက်တယ်။ သူ့ပုံစံကြီး ကြည့်ရတာလည်း တော်တော် ကြီး စိတ်ညစ်နေပုံပဲ။ အဖြစ်မှန်သာ သိသွားရင် ကျွန်တော်တို့ နေရာ တင်ပင် ပွဲချင်းပြီးသွားမလား မသိဘူး။

ကျွန်တော်တို့ကလည်း အဲ့ဒီအကြောင်းကို သိတော့ ခပ်တည် တည်ပဲ နေလိုက်ပါတယ်။ လက်ဖက်ရည်သောက်ပြီးသွားတော့ ကို ကျော်ကြီး ထပြန်သွားတယ်။ ကျွန်တော်တို့လည်း သက်ပြင်း ကိုယ်စီ ချပြီး ကျွန်ခဲ့လိုက်ပါတော့တယ်။

သတ္တဝါတစ်ခု၊ ကံတစ်ခုပါ ကိုကျော်ကြီးရယ်။

သူ့အဖြစ်ကလည်း ကြာလေ ပိုဆိုးလာလေပဲ။

***

[redacted]

BURMESE CLASSIC .com



ခရစ္စမတ်နေ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာလရဲ့ ခရစ္စမတ်နှင်းမြူလေးတွေက မနက်ခင်းကတည်းက တဖွဲဖွဲကျနေကြပါတယ်။ ကျွန်တော် မနက်မိုးလင်းကတည်းက ကိုခင်ဇော့်ဆိုင်ကို ရောက်နေပါတယ်။ ထုံးစံအတိုင်း ကောင်မလေးဈေးအလာကို စောင့်တာပါ။ ဒါပေမယ့် ကောင်မလေး ရောက်မလာခဲ့ပါဘူး။ ကောင်မလေးအစား ဒေါ်စောကြည်နဲ့ သူ့အိမ်က အိမ်ဖော်ကောင်မလေးတစ်ယောက်သာ ဈေးကို သွားတာ တွေ့ရပါတယ်။

ကျွန်တော့်ရင်ထဲမှာ ဟာသွားတယ်။ ကျွန်တော့်မှာ မနက်ဈေးသွားတဲ့အချိန်လေးပဲ သူမနဲ့ ဆုံတွေ့ခွင့်ရတာပါ။ အခုလို သူမ မပါဘူးဆိုတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိဘူး ဖြစ်သွားတယ်။ ခဏနေတော့ ဘူကြီးတို့ ရောက်လာတယ်။ ကျွန်တော်က ဖြစ်ကြောင်းကုန်စင် ပြောပြတော့ . . .

"ကိစ္စရှိလို့ အိမ်မှာ ကျန်နေခဲ့တာနေမှာပေါ့ကွာ၊ ဒါမှမဟုတ်

[redacted]



သူ့ဘက်က ဈေးပေါ်သွားမှာစိုးလို့ ဒီမနက် ထွက်မလာတာ နေမှာပေါ့"

"ဘူကြီးပြောတာ ဟုတ်တယ်ကွ၊ မင်းဘက်က အဖြေလိုချင်တဲ့လူဆိုတော့ သူ့ကို မတွေ့တွေ့အောင် ကြိုးစားရမှာ မင်းတာဝန်ပဲ"

"ငါက ဘယ်လိုလုပ်ရမှာလဲ၊ သူ့အိမ်ထဲဝင်ပြီး အဖြေသွားတောင်းရမှာလား"

"လုပ်သင့် လုပ်ရမယ် သူငယ်ချင်း"

"ရူးနေလား၊ တစ်အိမ်လုံး ဝိုင်းရိုက်လို့ သေကုန်ဦးမယ်"

"ဒီအတွက် စိတ်မပျက်ပါနဲ့ သူငယ်ချင်းရာ၊ ငါတို့မှာ အကြံရှိပါတယ်"

"ဘာအကြံလဲ"

"ဒီနေ့ ဘာနေ့လဲ"

"ခရစ္စမတ်နေ့လေ"

"အဲ့ဒီတော့ ဒီနေ့မှာ အိမ်တွေကို သီချင်းလိုက်ဆိုမယ့်အဖွဲ့တွေရှိတယ်လေ၊ ငါတို့ရပ်ကွက်ထဲက ထုံးစံအတိုင်း အေးမင်းတို့ လူငယ်အဖွဲ့တွေ ထွက်ကြမယ်"

"အဲ့ဒီတော့"

"အဲ့ဒီတော့ သူတို့နဲ့ မင်းလိုက်သွားလိုက်ရုံပေါ့ကွ၊ ပြီးတော့ သူတို့ အိမ်ကို သွားဆိုတဲ့အခါမှာ မင်းကောင်မလေးနဲ့ ရအောင်တွေ့ပေါ့"

ကျွန်တော် လက်ဖျောက်တီးလိုက်တယ်။ ဘူကြီးရဲ့ အကြံကိုလည်း တလေးတစား ထောက်ခံမိတယ်။ ကောင်မလေးနဲ့ ဒီနေ့တွေ့ဖို့လမ်းက အဲ့ဒီတစ်လမ်းပဲ ရှိတော့တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်က ထွက်ပြီး ညဘက်သီချင်းလိုက်ဆိုမယ့် အဖွဲ့တွေဆီ သွားလိုက်ကြတယ်။ အားလုံးကလည်း ဝမ်းပမ်းတသာ ကြိုဆိုပါတယ်။ ကျွန်တော်တို့ကလည်း တချို့နှစ်တွေမှာ သူတို့နဲ့ လိုက်နေကျမို့ အထူးအဆန်း မဖြစ်တော့ပါဘူး။ အဲ့ဒီလိုနဲ့ . . အဲ့ဒီလိုနဲ့ပဲ . . . ။

***

[redacted]

www.burmeseclassic.com



**အဲ့ဒီ** ညက လူတော်တော်များပါတယ်။ ကျွန်တော်တို့နားက ဘုရားရှိခိုးကျောင်းက လူတွေရော၊ ကျွန်တော်တို့အဖွဲ့ပါ ပေါင်းလိုက်တော့ လူ ဆယ်ယောက်လောက်ကျော်သွားတယ်။ ဒီလိုနဲ့ တစ်အိမ်ဝင် တစ်အိမ်ထွက် ကောင်းချီးမင်္ဂလာသီချင်း လိုက်ဆိုရင်း ကောင်မလေးအိမ်ရှေ့ ရောက်လာတယ်။ ကျွန်တော်တို့က သီချင်းဆိုဖို့ Intro စဝင်လိုက်တယ်ဆိုရင်ပဲ ခြံတခါးလေး ပွင့်လာတယ်။ ပြီးတော့ ဒေါ်စောကြည်နဲ့ အိမ်ဖော်ကောင်မလေးတစ်ယောက် ထွက်လာတယ်။ ရွှန်းကို မမြင်တော့ ကျွန်တော့်ရင်ထဲမှာ ဟာသွားတယ်။ ဒီနေ့ အဖြေပေးမယ်လို့ ပြောထားပြီးတော့ ပျောက်ချင်းမလှ ပျောက်နေကဲ့ ကောင်မလေးကို ကျွန်တော့်မှာ မျှော်လိုက်ရတာ။

ကျွန်တော် မျှော်လင့်ရကျိုးနပ်တယ်လို့ ဆိုရမှာပဲ။ ပထမသီချင်းတစ်ပုဒ်ဆိုပြီးတော့ နောက်သီချင်းတစ်ပုဒ်အကူးမှာ ရွှန်းနဲ့အတူ မခိုင်



ပါ ခြံဝထွက်လာတာ တွေ့ရလို့ပါ။ သူတို့လက်ထဲမှာလည်း စာအိတ်လေးတွေ ကိုယ်စီနဲ့။

ရွှန်းအနားကို ကျွန်တော် မသိမသာ ကပ်သွားပြီး . . .

"အခုမှပဲ တွေ့တော့တယ်၊ ဘယ်ပျောက်နေတာလဲ ရွှန်းရယ်"

ရွှန်းက ဘေးဘီတစ်ချက် ကြည့်ပြီး . . .

"ရော့ ဒီမှာ"

ကျွန်တော့်လက်ထဲကို သူမ ထိုးပေးလိုက်တာက စာအိတ်လေးတစ်ခုပါ။ ဒီလိုညမျိုးတွေမှာ သီချင်းဆိုတဲ့ အဖွဲ့တွေကို ဘုရားကျောင်းအတွက် အလှူငွေတွေ ထည့်ပေးလေ့ရှိပါတယ်။ ငွေလှူပြီး ကုသိုလ်ယူတဲ့သဘောပါ။ ကျွန်တော်က သူပေးလိုက်တဲ့ စာအိတ်လေးကို ယူပြီး အဖွဲ့ထဲက လူတစ်ယောက်ကို လှမ်းပေးလိုက်တယ်။ အဲ့ဒီလူကလည်း အလှူငွေစာအိတ် လှမ်းပေးတယ်ထင်ပြီး သူ့ဘေးမှာ လွယ်လာတဲ့ အိတ်ထဲကို ထည့်လိုက်တော့တယ်။ အဲ့ဒီအချိန်မှာပဲ ရွှန်းက . . .

"ဟာ အဲ့ဒါ . . အဲ့ဒါ . . ဟိုဟာ"

သူမကို ကြည့်ပြီး ကျွန်တော် ကြောင်သွားတယ်။

"ဟာဟိုဟာလဲဟင်"

"ဟာ . . ဟိုဟာပါဆိုမှ . . ဟိုဟာလေ"

ကျွန်တော် ချက်ချင်း သဘောပေါက်လိုက်ပြီ။ သူမ ကျွန်တော့်ကို အဖြေပေးတဲ့စာအိတ်။ ကျွန်တော် ချက်ချင်း ခေါင်းနပန်း ကြီးသွားတယ်။ အခုချိန်မှာ သွားတောင်းရင် ကျန်တဲ့လူတွေ ရိပ်မိကုန်မှာစိုးလို့ အသာငြိမ်နေရတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော့်ရင်ခုန်သံဟာ ဘာနဲ့မှ မတူအောင် မြန်နေတာပါ။ ဒုက္ခပဲ . . ဘာလုပ်ရမှန်းမသိအောင် ထူပူသွားတာ။ ခဏကြာတော့ အဲ့ဒီအိမ်ရှေ့က ကျွန်တော်တို့ ထွက်လာလိုက်တယ်။

ထွက်လာတယ်ဆိုရင်ပဲ ကျွန်တော်က အဲ့ဒီလူထံ ပြေးသွားပြီး

www.burmeseclassic.com



အကျိုးအကြောင်း ပြောရတော့တာပေါ့။ အဲ့ဒီလူက ပထမတော့ ကြောင်တောင်တောင် ဖြစ်နေပါတယ်။ နောက်တော့ ဘူကြီးတို့ကပါ ဝိုင်းပြီး ရှင်းပြလိုက်တော့ အခြေအနေကို နားလည်သဘောပေါက်သွားတယ်။

ဒါနဲ့ပဲ သူလွယ်အိတ်ကိုဖွင့် . . ခုနထည့်လိုက်တဲ့ ကျွန်တော့် စာအိတ်လေးကို ရှာတယ်။ စာအိတ်တွေကလည်း တော်တော်များတော့ မနည်းရှာယူရတယ်။ တော်တော်လေး ရှာလို့ပြီးသွားမှ အဲ့ဒီလူက

“ဒါ ညီလေး ခုနပေးတဲ့ဟာထင်တယ်”

ကျွန်တော်လည်း စာအိတ်ကို ထောင်ကြည့်လိုက်ပြီး . . .

“ဟုတ်တယ် . . ဟုတ်တယ် အစ်ကို၊ အထဲမှာ စာရွက်ခေါက်လေး မြင်နေရတယ်”

“တော်သေးတာပေါ့ ညီလေးရာ၊ ဘုရားငွေနဲ့ ရည်းစားစာ ရောပါမလာလို့ တော်သေးတာပေါ့”

“အစ်ကို့ကို ကျေးဇူးတင်ပါတယ်ဗျာ”

ပြောပြီး စာအိတ်ကလေးကိုယူ . . ပြီးတော့ ကျွန်တော် လူရှင်းတဲ့ဘက် ထွက်လာခဲ့တယ်။ ဟိုကောင်တွေ သုံးကောင်လည်း ကျွန်တော့်နောက်က ကပ်ပါလာတယ်။ သူတို့လည်း ကျွန်တော့်ကိစ္စ စိတ်ဝင်စားနေကြလို့ပါ။ ဒီလိုနဲ့ပဲ ကံစမ်းမဲတစ်ခုကို ဖွင့်ရသလိုမျိုး ရင်ခုန်စွာနဲ့ စာအိတ်လေးကို ဖွင့်ဖတ်လိုက်တော့ . . .

“ချစ်တယ်”

စာထဲမှာ အဲ့ဒီအတိုင်း ရေးထားတာပါ။ နှစ်လုံးတည်းပါပဲ။ ရှင်းရှင်းလေး။ ကျွန်တော် ပျော်လွန်းလို့ ဘာလုပ်ရမှန်းမသိဖြစ်သွားတယ်။ ဘူကြီးတို့လည်း အဲ့ဒါကိုဖတ်ပြီး အားရဝမ်းသာနဲ့ . . . ။

***

[redacted]



BURMESE CLASSIC .com

“ဟာ . . ဟော့ကောင် မင်းကို ချစ် . . ချစ် . . ချစ်တယ်တဲ့”

“ဟား . . ဒါမှ ငါ့ကောင်ကြီးကွ”

ဂျစ်တူးက ကျွန်တော့်ကို ဆွဲမြှောက်လိုက်ပြီး ချီလိုက်တာပါ။ ကျွန်တော့်ခန္ဓာကိုယ်သာမက နှလုံးသားပါ မြှောက်ခံနဲ့ ပါသွားသလို ခံစားလိုက်ရတယ်။

ကျွန်တော် ပျော်လိုက်တာ မပြောပါနဲ့တော့။ အဲ့ဒီနေ့ညက လမင်းကြီးက ခါတိုင်းထက် ပိုသာနေသလိုပဲ။ ကြယ်လေးတွေကလည်း ခါတိုင်းထက်ပိုပြီး လင်းလက်နေတယ်။

“ဟာ ဟော့ကောင်တွေ ဟိုမှာ ကိုကျော်ကြီး ဘာဖြစ်လာတာလည်း မသိဘူး”

ဘူကြီးအသံကြားတော့ အားလုံး လှည့်ကြည့်လိုက်တာ ကိုကျော်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက် ကြေးစည်ကြီးကိုင်ပြီး ကျွန်တော်တို့ဆီ အူယားဖားယား ပြေးလာတာ တွေ့ရတယ်။ မျက်နှာကလည်း ဒေါသတကြီးဖြစ်နေပုံရတယ်။ ပါးစပ်ကလည်း . . .

'မဟုတ်ဘူး . . မဟုတ်ဘူး' လို့ တကြော်ကြော် အော်လာတယ်။ သူ့ရဲ့အနောက်မှာ မလွန်းတင်ကြီး။ သူကလည်း ကိုကျော်ကြီးနောက် အတင်းပြေးလိုက်လာတာပါ။

"လွန်းတင်တဲ့ တစ်တင်တည်းရှိတယ်၊ ဒါမျိုး အပျော်မကြံနဲ့၊ ဒါမျိုး အပျော်ကြံလို့ ရမလား"

ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်။ ပြီးတော့ . . .

"ပြေး"

BURMESE CLASSIC .com

အားလုံး မှုန်မှုန်ထအောင် ပြေးရပါတော့တယ်။ မပြေးလို့လည်း မရဘူးလေ။ သူတို့အခြေအနေက ကောင်းမှမကောင်းတာ။ ဘာတွေဖြစ်လာလို့ ဖြစ်လာမှန်းလည်း မသိဘူး။

"ဟေ့ကောင်တွေ မပြေးနဲ့၊ တစ်ယောက်မှ မပြေးနဲ့"

ပြောမှ ကျွန်တော်တို့ ပိုပြေးကြတယ်။ ဘော်ဘီဆို မနက်တိုင်း ထမပြေးရလို့ အတိုးချပြီး ပြေးတာ လုံးနေတာပဲ။

"မပြေးနဲ့ . . မပြေးနဲ့"

"ဟေ့ကောင်တွေ မပြေးနဲ့"

ကိုကျော်ကြီးအသံမှာ ဝေးလျက် . . . ဝေးလျက် . . . ။

ကြိုးစားလျက်

မိုးသက်လင်းထက်

[redacted]

www.burmeseclassic.com